
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ထုတ်ဝေခြင်း | - ၂၀၁၅ခုနှစ်မတ်လပထမအကြိမ် |
| အုပ်ရေ | - ၅၀၀ |
| တန်ဖိုး | - (၁၀၀) ကျပ် |
| ထုတ်ဝေသူ | - ဦးသက်ထွဋ်(သစ္စာမွန်စာပေ)(ယ-၂၂၆၀)၊ အမှတ်(၃၈)၊ မဟာ့ကုန်းလမ်း ကျောက်မြောင်း၊ တာမွေ။ |
| အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ | - ဒေါ်အိမွန်သက်ထွဋ် (မြ-၀၀၀၄၂) သစ္စာမွန်ပုံနှိပ်တိုက်၊ အမှတ် (၁၀၆)၊ တာမွေလမ်း၊ တာမွေကြီး(က+ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးပန်းချီ | - Lလင်း |
| ကွန်ပျူတာ | - ပန်းအိစံ |
| မြန်မာ့စာ | - တူးတူး (သစ္စာမွန်) |
| အတွင်းဖလင် | - ကိုအောင်ကျော် |
| တာဝန်ခံ | - သစ္စာမွန် |

သစ္စာမွန် (T.S.M) Publishing Centre မှ တာဝန်ယူစီစဉ်ပါသည်။

ရေစွ.ရေ၃

ရွှေဘဝင်

/ရွှေဘဝင်၊-ရန်ကုန်

သစ္စာမွန်စာပေ၊ ၂၀၁၅၊

၂၀၃-စာ၊ ၁၂ × ၁၈ စင်တီ၊

(၁) အမြဲရောင်ကလုံစား

## စာရှုသူ

"နန်းမြို့" ဟိုတယ်ကြီးတွင် ကြွယ်ဝချမ်းသာသော ခနရှင်ဒီသားရင်၏ ခမ်းနားလှပသော မင်္ဂလာပွဲကြီးတစ်ခုကို ရှေးစိန်၊ ပတ္တမြားများကြားတွင် အရောင်တလက်လက်နှင့် ဟကာသနရောင်စုံတွေ လင်းထိန်နေသည်။ သတို့သမီးဖခင် ဦးစွန်လုံဇော နှင့်မိခင်ဒေါ်နန်းမြိုင်ကလျာတို့၏ တစ်ဦးတည်းသော သမီး စောနန်းမြူးလှလှနှင့် ပတ္တမြားတွင်းပိုင်ရှင်ကြီး ဦးစိုင်းခမ်းမောင်၊ ဒေါ်စောသီသီလှိုင်တို့ ဒုတိယမြောက်သားငယ် နောင်မင်းထူးတို့၏ မင်္ဂလာပွဲပင်ဖြစ်သည်။

သတို့သမီးနှင့်သတို့သားမှာ ချစ်သူများမဟုတ်ကြသော်လည်း

www.burmeseclassic.com



နှစ်ဖက်သော မိဘများ၏ဂုဏ်ပကာသနအောက်မှာတော့ တင့်တယ်လှသော ဘဝတစ်ခုကို ကျေနပ်စွာခံယူထားကြသူများဖြစ်သည်။ တေနန်းမြူးလှလှမှာ ဆရာဝန်တစ်ဦးဖြစ်ပေမယ့် နောင်မင်းထူးကတော့ (၁၀)တန်းပင်မအောင် မိဘ၏စီးပွားရေးကို ဦးဆောင်ပြီးလုပ်ကိုင်နေသူ...။ အစ်ကိုဖြစ်သူနောင်မင်းထူးကတော့ မြန်မာနိုင်ငံရဲ့တပ်မတော်မှ ဒုရဲအုပ်တစ်ဦးဖြစ်ကာ ဤနယ်မြေတွင်တာဝန်ကျနေသူဖြစ်၏။

နန်းမြိုင်ဟိုတယ်ကြီးကိုပိုင်ဆိုင်ထားသည့် ဦးခွန်လှံဖောတ်ဖယောက်သူ၏ပကာသနအောင်ပွဲကြီးကို ဂုဏ်ယူစွာကြည့်ပြီး ဝိတ်ဖြစ်နေလေသည်။ မင်္ဂလာပွဲကြီးမှာ ပြီးဆုံးသွားပြီဖြစ်ခြင်းကြောင့် သတို့သမီးနှင့်သတို့သားအတွက် ဝယ်ယူပေးထားသော တိုက်ကြီးဆီသို့ပြန်ရန် ဟိုတယ်ရှေ့တွင်(           )သိန်းတော်ရှိပြီးတန်သော ကား(၃)စီး ရပ်ထားသည်။ ရှေ့ဆုံးကားတွင် နှစ်ဖက်သောမိဘတွေက လိုက်ပါပြီး အလယ်တွင် သတို့သမီးနှင့်သတို့သားကား။ နောက်ဆုံးတွင် သတို့သား၏အစ်ကိုဖြစ်သူ ဒုရဲအုပ် နောင်မင်းထူးနှင့် သူငယ်ချင်းတွေ လိုက်ပါကြမှာဖြစ်သည်။





ရှေ့ဆုံးမှကား ထွက်ပြီးသည်နှင့် သတို့သားသတို့သမီးကားပါ လိုက်ထွက်ခဲ့သည်။ နောက်ဆုံးကားမှာတော့ လူမစုံသေးသဖြင့် ချက်ချင်းထွက်မလိုက်သေးပေ...။

"မင်း... စိုင်းထူးအောင်မဟုတ်ပါလားကွ"

"ဟုတ်ပါတယ်ဆရာ စိုင်းထူးအောင် ဒီတို့လာခါနီး ဝမ်းတွေသွားနေလို့ သူကိုယ်စား ကျွန်တော်မောင်းပေးရတာပါ"

"ဪ"

နောင်ထူးလွှင်အမေးစကားကို ကားမောင်းပေးနေသည့်လူက ပြုံးပြီးဖြေကာ ကားကိုဂရုစိုက်မောင်းနေသည်။

"မြူးစိတ်ထဲမှာ ကျေနပ်ရဲ့လား"

"ကျေနပ်ပါတယ် ကိုနောင်ရယ်၊ ဒါပေမယ့် လူတွေကြားမှာ ညှို့စံနေပေးရတာ စိတ်ကိုမွန်းကျပ်နေတာ...။ ခုမှပဲ အသက်ဝဝရှူရတော့တယ်"

"ဒီလောက်တော့ရှိမှာပေါ့ မြူးရယ်၊ နှစ်ဖက်မိဘတွေက အတယ့်ထိပ်တန်းသူဌေးတွေဆိုတော့ မျက်နှာလွှဲလို့မတောင်းဘူး၊

www.burmeseclassic.com



ခြောက်...ဒါနဲ့မြူးဟန်းနီးမွန်းခရီးအတွက်ဘယ်ကိုသွားမယ်လို့စဉ်းစားထားလဲ...၊ ကိုယ်ကတော့ပြည်ပဘက်ကိုသွားချင်တယ်”

“မြူးကတော့ ကိုယ့်ပြည်တွင်းကိုပဲ သဘောကျတယ်”

“မြူးသဘောပဲလေ”

ဥစ္စာဓနပြည့်စုံသော သူများဖြစ်သောကြောင့် လက်ညှိုးညွှန်ရာတွင် အားလုံးဖြစ်နေကြသည်။

“ကိုယ်တို့အတွက်ဝယ်ထားတဲ့အိမ်ကိုရောမြူးသဘောကျရဲ့လား။ နိုင်ငံခြားဒီဇိုင်းအတိုင်း ဆောက်ထားတာမြူးရဲ့”

“သဘောကျပါတယ်ကိုနောင်”

သတို့သား၊ သတို့သမီးတို့၏ကားလေးမှာ တောင်ပေါ်လမ်းကလေးအတိုင်း မောင်းလို့လာနေကြ၏။

“ကားကိုသတိထားပြီး မောင်းနော်”

“ဒီလမ်းတွေက ကျွန်တော်မောင်းနေကျပါဆရာ”

“ခုချိန်မှာ ငါတို့အတွက် ကားစက်ရပ်သံတောင်မကြားချင်ဘူး”

“စိတ်ချပါ ဆရာတို့ကားက လမ်းမှာစက်ရပ်မသွားဘူး အချို





အစားမှမဟုတ်တာ...”

အရှေ့ဆီမှတောင်တန်းကြီးတွေနဲ့ တိမ်ပြာပြာတွေက ရှုမောဖွယ်ပန်းချီကားတစ်ချပ်...။



www.burmeseclassic.com

www.burmeseclassic.com

ဒုရဲအုပ် နောင်မင်းထူးတို့လိုက်ပါလာသော ကားကလေးမှာ ရှေ့ကကား(၂)စီးနှင့် တော်တော်အလှမ်းဝေးနေသည်။

ကားကို ဒုရဲအုပ်နောင်မင်းထူး၏ တပည့်ဖြစ်သူ တပ်ကြပ်ကြီး ဆရာနိုင်သော် မောင်းနေသည်။

"တီ...တီ...တီ..."

ဒုရဲအုပ်နောင်မင်းထူးဟန်းဖုန်းမှ ဖုန်းခေါ်သံကြောင့် ဖါမှ ဖုန်းကိုဖြုတ်ယူပြီးနားထောင်လိုက်ရာ...

"ဟလိုပြောပါ၊ ဒုရဲအုပ်နောင်မင်းထူးပါ"





"ဟင်...ဒရိုင်ဘာစိုင်းထူးအောင်ကိုတောစပ်မှာအက်ရာတွေနဲ့ တွေ့ရတယ်ဟုတ်လား"

"ဒါဆို...ကားကိုမောင်းနေတဲ့သူက..."

ဒုရဲအုပ်နောင်မင်းထူး သဘောပေါက်သွားပြီး

"ဆရာနိုင်သော် ကားစက်ကိုမြှင့်ပြီး ရှေ့ကကားကို အမီလိုက်စေတော့"

"ဟုတ်ကဲ့ဆရာ..."

တောင်ပေါ်လမ်းများဖြစ်ခြင်းကြောင့် ကားတို့စိတ်ထင်တိုင်း မောင်း၍မရသဖြင့် သတိနှင့်အမြန်မောင်းပြီး လိုက်လာခဲ့လေသည်။ သတို့သား၊ သတို့သမီးကားကို လှမ်းပြီးတွေ့နေရပြီဖြစ်သည်။

ကားနောက်ကြည့်မှန်ထဲမှ နောက်ကိုလှမ်းပြီးကြည့်လိုက်ရာ နောက်မှကားစက်ရှိန်မြှင့်ပြီးမောင်းလာသည်ကို သိလိုက်ရသဖြင့်... ဆော်ဝန်းကျွင်အခြေအနေကို တစ်ချက်လှေလာလိုက်ပြီး...။

"ရှူး"

"ဟာ...မင်း...မင်းဘာလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နှစ်ယောက်လုံးကိုယ့်အသက်ကိုကိုယ်နှမြောရင် ခါးပတ်ပတ်ပြီး ငြိမ်ငြိမ်လေးလိုက်လာခဲ့ကြ... ဒေါ့ဘက်မှာ ချောက်ကြီးတွေက မရေကျပြည်ကို ပို့ဆောင်ဖို့စောင့်နေတယ်"

"ကိုနောင်"

"ခြူး.."

ကားမှာဘေးကုန်းဆင်းအတိုင်းဆင်းလာခဲ့လေသည်။ မောင်းသွားနေသောနေရာမှာ တောအုပ်ကြီးတစ်ခုဖြစ်ပေမယ့် ကုန်းမြင့်ကြီးမှ မောင်းပြီးဆင်းလာသောကြောင့် အရှိန်မှာမြင်းလှသည်။

"အမေ့..."

စောနန်းခြူးလှလှ မျက်လုံးကို စုမှိတ်ပြီး လိုက်ပါလာတော့သည်။ ကားစက်ရှိန်ကိုသတ်လို့မလွယ်နိုင်သောနေရာဖြစ်ဘာလိုကားကိုရပ်ဖို့ဆိုတာ မဖြစ်နိုင်...။

ကားမောင်းလာသူက တောစပ်နားကို ရောက်သည်အထိ ကား စက်ကိုလျှော့ပြီးမောင်းနေပေမယ့် ကုန်းဆင်းကြီးဖြစ်သောကြောင့် ကားမှာအမြန်မောင်းနေသလိုဖြစ်နေသည်။





"ဝုန်း...ကျွီ..."

"အမေ့..."

"ဟာ..."

ကားကို သစ်ပင်တစ်ခုဆီသို့ ခေါင်းထိုးပေးလိုက်ပြီး ကားဘရိတ်နှင့် အရှိန်ကိုကိုက်ပြီး ဝင်တိုက်လိုက်သည်။ ဒါဟာ ကားမောင်းကျွမ်းကျင်မှုသာဖြစ်နိုင်မည်။ မကျွမ်းကျင်ပါက ကားပေါ်မှာပါလာသူတွေအတွက် စဉ်းစားလို့တောင်မရနိုင်...။

"ကဲကားပေါ်ကဆင်းကြ...။ ကျွပ်လှမသတ်ချင်ဘူး"

"မင်း...ပြန်ပေးဆွဲတာလား။ ငွေဘယ်လောက်ယူချင်လဲပြော"

"ငွေတွေသိပ်ပေါနေတဲ့သူတွေဆီက ငွေမတောင်းချင်ဘူး။ စကားပြောဖို့အချိန်မရှိဘူး...။ သေနတ်ထဲကကျည်ဆံအပြင်မထွက်ချင်ဘူး...၊ ဆင်းမှာသာဆင်းလိုက်၊ ခုချိန်မှာ စကားတွေသိပ်ပြီးပြောလို့မကောင်းဘူး"

နောင်မင်းထူးနှင့် ခြူးလှလှတို့ ကားပေါ်မှအောက်ကိုဆင်းပေးလိုက်သည်နှင့်...



www.burmeseclassic.com

www.burmeseclassic.com



"ဒုတ်"

"အင့်"

"ဒုတ်"

နောင်မင်းထူး ဖက်ကိုသေနတ်ဒင်ဖြင့်ရိုက်ချလိုက်ပြီး မြေပြင်တွင် သိပ်လိုက်သည်။

"မင်းသတို့သားကြီးအတွက် စိတ်မကောင်းဖြစ်မနေနဲ့ သတို့သမီး မင်းကိုယ်ပေါ်က ထင်မြန်းထားတဲ့ပစ္စည်းအားလုံးကိုချွတ်လိုက်"

"ရှင်..."

"စိန်တွေ၊ ပတ္တမြားတွေကိုပြောနေတာ"

မြူးလှလှ ထိုလူပြောသည့်အတိုင်း တစ်ခုမကျန်ချွတ်ပြီး ပေးလိုက်သည်နှင့် -

"ကျုပ်ယူဖို့ချွတ် ခိုင်းနေတာမဟုတ်ဘူး၊ မြင်နေရတာမျက်စိကျိန်းလို့ကားပေါ်သာပစ်တင်လိုက်...ပြီးရင် မင်းရဲ့ခေါက်မြင့်ဖိနပ်ကြီးကိုချွတ်ပြီးဒီဖိနပ်ကိုစီး ဒီတောလမ်းကိုမင်းဖိနပ်နဲ့ဘယ်လိုမှသွားလို့မရဘူး"

"ရှင် ကျွန်မကိုခေါ်သွားမလို့လား"





"သိပ်ပြီးသေချာတဲ့စကားပဲ၊ မလိုက်ရင်နေခဲ့လို့ရတယ်၊ ဒါပေမယ့် အသက်ရှင်ရက်နဲ့တော့မဟုတ်ဘူး သွားမယ်"

"အို..."

မြူးလှလှလက်ကိုအတင်းဆွဲပြီး တောထဲသို့ဝင်ခဲ့ကြသည်။ မြူးလှလှ ဆုပ်ကိုင်ထားသည့်လက်ကိုရုန်းပေမယ့်တစ်ဖက်လက်ထဲမှ ရုန်းထွက်မရ...။



www.burmeseclassic.com

www.burmeseclassic.com

"နောက်ကျသွားပြီ"

ဒုရဲအုပ်နောင်မင်းထူးတို့အဖွဲ့ သစ်ပင်ကြီးနှင့်တိုက်ထားသော ကားဆီသို့ရောက်သောအခါ ကားမောင်းသူနှင့်သတို့သမီးတို့၏အရိပ်အယောင်ကိုပင် မတွေ့ရတော့ပေ...

မြေပြင်တွင် မှေးနေသော နောင်လွင်ထူးကိုသာတွေ့ပြီးပြန်သတိရအောင် လုပ်လိုက်ရသည်။

"နောင်...နောင်..."

"အီး...မြူ...မြူရော...ဟိုကောင်ရော"





"မင်းပြောတဲ့သူတွေ တစ်ယောက်မှမရှိတော့ဘူး"

"ဟာကွာ မင်းတို့လိုက်လေ၊ ဘာလုပ်နေတာလဲကွ"

"နောင် ဒီတောထဲကို လမ်းမကျွမ်းကျင်ဘဲဝင်ရင် ဘေးတွေ့သွားမှာပေါ့ကွ"

"ဒါဆိုမင်းတို့က ဆက်ပြီးမလိုက်တော့ဘူးလား။ မြူကတော့ ရေတိမ်နစ်ပါပြီကွာ"

"နောင် ငါတို့လုပ်ရမယ့်အလုပ်ကို ဒါတို့ဆက်ပြီးလုပ်မှာပါ၊ ဒီအတွက်မင်းဘာမှ စိတ်မပူနဲ့"

"မပူလို့ဖြစ်မလားကွ၊ မြူ...ကပါသွားတာ"

တောထဲသို့လိုက်သွားသော တပ်ကြပ်ကြီးနိုင်သော် တောထဲ၌ အပ်ချွဲဝင်များနှင့်ပြန်ထွက်လာပြီး...

"ဆရာနောင်ရေ ခြေရာကတော့ ပျောက်သလောက်ဖြစ်သွားပြီ တောနင်းပြီးရှာမှရမယ်"

"ဆရာနိုင်သော် လမ်းပြမှုဆိုးတစ်ယောက်ကို အမြန်ဆုံးရှာဖျာ ကျွန်တော်တို့အမှိန့်မီလိုက်ရအောင် လူကြီးတွေဆီကိုအကျိုးအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



တင်ပြပြီး ခွင့်ပြုချက်တောင်းရမယ်"

"ဟုတ်ကဲ့ ဆရာနောင်"

"ကားပေါ်မှာ ဘာတွေထူးခြားတာတွေလဲ"

"သတို့သမီးရတနာပစ္စည်းတွေနဲ့ ဗီနပ်တစ်ရံတော့တွေ့တယ် ဆရာ"

"ဒါခြူးရဲ့လက်ဝတ်ရတနာတွေ"

ဒုရဲအုပ်နောင်မင်းထူး ... ရတနာများကိုကြည့်ပြီး မှတ်ချက်တစ်ခုချလိုက်သည်။

"ခုဖြစ်စဉ်ဟာပြန်ပေးဆွဲတာတော့မဟုတ်ဘူး၊ သတို့သမီးကို ရည်ရွယ်ချက်တစ်ခုနဲ့ခေါ်ဆောင်သွားတာ၊ ပြန်ပေးဆွဲတဲ့သူဆိုရင် ဒီရတနာလက်ဝတ်ပစ္စည်းတွေကို မဖြစ်မနေယူမှာပဲ၊ ရတနာတွေရဲ့ တန်ဖိုးက မနည်းလှဘူး၊ နောင်...မင်းဒီကရဲဘော်တစ်ဦးနဲ့ပြန်ပြီးလိုက် သွားတော့..."

နောင်မင်းထူး တောနင်းပြီးရှာဖွေရန်အတွက် အထက်၏ ညွှန်ကြားချက်ကိုတောင်းခံရင်း သတို့သမီး စောနန်းခြူးလှလှကိုခေါ်ဆောင်သွားမှုပေါ်မှာ လေးလေးနက်နက် တွေးနေမိလေသည်။ ခေါ်ဆောင်သွားသူသည် ကားကို ကျွမ်းကျင်စွာမောင်းတတ်သူဖြစ်ပြီး ရုတောကြီးနှင့် ရင်းနှီးကျွမ်းဝင်သူဖြစ်မည်ဆိုတာပါ သဘောပေါက်လိုက်တော့၏။

www.burmeseclassic.com

## အခန်း ၊ ၁ ၊

"ကျွန်မဆက်ပြီး မလျှောက်နိုင်တော့ဘူး"

တောကြမ်းခရီးကြမ်းကြီးကို မနားတမ်းလျှောက်လာရသဖြင့် ခြူးလူလူလို မြကတ္တီပါပေါ် နင်းနေသော ခြေဖဝါးနုနုလေးတွေ ခံနိုင်ရည်မရှိတော့

"မင်းမလျှောက်နိုင်လည်း လျှောက်ရမှာပဲ"

"ရှင်…လူစိတ်ကင်းမဲ့လှချည်လား၊ သတ်ချင်သတ်တော့၊ ဆက်ပြီးမလျှောက်ဘူး…ဟီး…အီး…အီး…"





ခြူးလူလူ မြေပြင်ပေါ်တွင် ထိုင်ချပြီး ငိုလိုက်တော့သည်၊

"ဘယ်နှယ့် တောထဲမှာ ငိုနေရတာလဲ၊ ငါက မချော့တတ်ဘူးနော်"

"ရှင့်ကို ဘယ်သူမှ မချော့ခိုင်းဘူး၊ ခြေထောက်တွေ အရမ်းနာလို့ ငိုနေတာ"

"ကောင်းပြီ၊ မင်းကို (၁၅) မိနစ်နားခွင့်ပေးမယ်၊ ဒီထက်တော့ နားခွင့်မရဘူး…"

"ရေ…မှ ရဆာတယ်"

"ဒီတောထဲမှာ သူဌေးသူကြွယ်တွေသောက်တဲ့ ရေမျိုးတော့ မရှိဘူး၊ ရော့…ငါသောက်တဲ့ ရေဘူးတော့ပါတယ်"

"ရှင်သောက်ပြီးတာကို ရွံတယ် မသောက်ဘူး"

"သူဌေးတွေကတော့ တောထဲရောက်နေတာတောင် မာနကရှိနေသေးတာကို၊ မသောက်ချင်တာ မင်းဒေါသပဲလေ…"

ခြူးလူလူ ရေမှာ စစ်သုံးရေဘူးလေးကို ဖွင့်ပြီးသောက်ပြတော့ ရေဆာတာက ပိုပြီး ဆာလာတော့သည်၊



www.burmeseclassic.com

www.burmeseclassic.com



"ပေး...ဝေး...သောက်မယ်"

"ရလိုသဘောထားပြောင်းမှပေါ့ကွာ...၊ မင်းသိထားရမှာက ခုသွားနေတဲ့လမ်းဟာ မင်းလျှောက်ခဲ့ဘူးတဲ့ ပန်းခင်းလမ်းတော့မဟုတ်ဘူး။ ဝါသုခွေ့သမီးဆိုတဲ့ အရွဲကြီးကိုဒီတောထဲမှာ အသုံးမဝင်ဘူး"

"ရှင်ဘာလုပ်ဖို့ ကျွန်မကိုခေါ်ခဲ့တာလဲ"

"မင်းကိုအလုကြည့်ဖို့ခေါ်လာတာ"

"ရှင်စကားကိုအတည်ပြောပါ"

"ခက်နေပြန်ပြီ တကယ်ပြောတာအစ်...၊ သိပ်လှတဲ့မင်းကို...၊ တောမတောင့်နတ်သမီးလေးအဖြစ်ခန့်အပ်ချင်လို့ ခေါ်လာတာ...၊ ကဲ...ခေါ်စေနန်းမြူးလူလူ သွားကြရအောင်"

မြူးလူလူ၏ခြေထောက် နာကျင်မှုလေးတွေ သက်သာလာသောကြောင့်ပြန်ပြီးထရပ်တာ။

"ရှင်ကျွန်မလက်ကိုကိုင်စရာမလိုဘူး"

"သိပ်ပြီးနူးညံ့လှတဲ့မင်းလက်ကလေးကို ဆုပ်ကိုင်ရတာအရသာတွေ့နေတယ်လို့မထင်နဲ့ မလွဲသာလို့ဆွဲခေါ်နေရတာ..."





"အို..."

မြူးလူလူ ထိုလူဆွဲခေါ်ရာသို့လိုက်ပါခဲ့ရပြန်သည်။

"ရှင်အနိုင်ကျင့်နိုင်တုန်း အနိုင်ကျင့်ထားပေါ့"

"မင်းစင်ပွန်းလောင်းကြီးနဲ့ မင်းခဲအို ဒုရဲအုပ်ကြီးအားကိုးတဲ့လေသံနဲ့ပြောနေတာလား...ဟား...ဟား...ဟား...၊ ကျုပ်ဆိုတဲ့ကောင်တဒါတွေကိုရင်ဆိုင်ဖို့ဝန်မလေးလို့မင်းကိုခေါ်လာတာအမိ...။"

ထိုလူမျက်နှာနှင့် ပုံပန်းသဏ္ဌာန်ကိုမြူးလူလူ သတိထားပြီးကြည့်မိလိုက်သည်။ ထိုလူ့ပုံစံမှာ လူတွေကိုမထိမဲ့မြင်ပြုလုပ်နေတတ်သော မျက်နှာပိုင်ရှင်...၊ ဒါပေမယ့် သူ့ရဲ့လက်တွေဟာ လူဆိုးလူကြမ်းတစ်ယောက်လိုတော့ ကြမ်းတမ်းခြင်းမရှိ မျက်လုံး၊ နှာတံ၊ ပါးစပ်တို့မှာ လူချောလူပြောင့်တစ်ဦး၊ ခွော့ကိုယ်အရိုးအစားမှာ ယောက်ျားပီသသော လူတစ်ယောက်အသွင်သဏ္ဌာန်မျိုး ရှိနေသည်။

"ရှင်ဘယ်ထိခေါ်သွားမှာလဲ"

"ငါခေါ်သွားမယ့်နေရာ၊ မင်းတို့ပြောပြလည်း မင်းကသိမှာမှမဟုတ်ဘဲလေ လေကုန်ခံပြီးမေးမနေနဲ့၊ ခေါ်ရမယ့်တာဝန်က ငါ့တာဝန်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရမှာကမင်းအလုပ်"

"ရှင်နလုပ်နေတာ ရာဇဝတ်မှုဆိုတာတော့သိမှာပေါ့"

"ဥပဒေနဲ့ခြိမ်းခြောက်တာလား... ငါ့ကိုဖမ်းမိတဲ့အခါကျရင်တော့ မင်းပြောတဲ့ ရာဇဝတ်မှုဆိုတာ ဖြစ်မှာပေါ့ကွာ၊ ဖမ်းမမိသေး သရွေ့ကတော့သိပ်ပြီးကြည်နူးစရာကောင်းတဲ့ ကစားကွက်လေးတစ်ခုပေါ့– ဟား...ဟား...ဟား"

ဖြူးလွလွစိတ်ထဲတွင် သူ့ကိုဖမ်းလာသူသည် ငွေလည်းမယက် လက်ဝတ်ရတနာပစ္စည်းလည်းမယက်၊ ပြီးတော့ လူကိုလည်းသိပ်ပြီး မက်မောသောပုံစံမပေါ်သိုလူသည် စိတ္တဇဝေဒနာရှင် တစ်ဦးပေလား မသိ...။

ဖြူးလွလွ သူ့ကိုယ်သူပြန်ပြီးသင်္ကာထားမိတာလေးတစ်ခု သည်။ ထိုအရာကတော့ ထိုလူနောက်ကိုလိုက်ပါနေရသော သူမ၏ ကြောက်စိတ်များနှင့် ထိတ်လန့်ချောက်ချားမှုများ နည်းပါးလာသလို ထင်မိသည်။

တစ်ဦးနှင့်တစ်ဦး စမှစတင်ပြီးတွေ့ကြပေမယ့်လည်း သိပ်ပြီး





သူ့စိမ်းဆန်လှသော ခံစားမှုမျိုးမရှိ...။ ဘာကြောင့်လည်းဆိုသည်ကို တော့အဖြေရှာလို့မရ...။

"ရှေ့တောလမ်းအဆင်းက ချောက်ကမ်းပါးတစ်ခုကို ဆင်းရ မှာငါ့လက်ကိုမလွှတ်စေနဲ့"

"ရှင့်မှာအပြောကောင်းရှင့်လက်ကိုကျွန်မကိုင်ထားတာမဟုတ် ဘူး၊ ရှင်သာအတင်းအဓမ္မကိုင်ထားတာ..."

"မင်းပြောသလိုအဓမ္မစကားကတော့ နားခါးတယ်... ကိစ္စမရှိ ပါဘူး၊ မင်းထင်ချင်သလိုပဲထင်တော့"

"အမေ့..."

ဖြူးလွလွ ဆင်းရမည့်ချောက်ကမ်းပါးကြီးကိုကြည့်ပြီး ရင်ဘတ် ပေါ်လက်ဖြင့် ဖိမိသွားသည်။ တကယ့်ကို ချောက်နက်ကြီးတစ်ခု။

"ဒီအောက်ကိုဘယ်လိုလုပ်ပြီးဆင်းမလဲ၊ ရှင်သေကြောင်းကြံ နေတာလား..."

"တိုက်ကြီးပေါ်ကနေ ကတ္တီပါခင်းထားတဲ့ လှေကားအတိုင်းပဲ ဆင်းဘူးကြတာဆိုတော့ ဒီလောက်ချောက်ကလေးကိုသွေးလန့်နေ



www.burmeseclassic.com

www.burmeseclassic.com



တာမေ့။ ငါ့အတွက်တော့ ကလေးဘဝက ဆော့ကစားသလောက်ပဲရှိပါတယ်"

"ရှင်...ရှင်..."

"ငါ့လက်မောင်းကို အားပြုပြီးလိုက်ခဲ့"

မြူးလှလှလက်နှစ်ဖက်လုံးသူ့လက်မောင်းကိုကြောက်ကြောက်နှင့် ဆုပ်ကိုင်ပြီးဆင်းခဲ့ရသည်။ မျက်နှာပေါ်တွင် ထိတ်လန့်မှုကြောင့် ချွေးစတွေတောင်စီးကျနေသည်။ ဒီလူကတော့ သူပြောသလို ဆော့ကစားနေလားမှတ်ရသည်။ ဘာမှမဖြစ်သလို...။

ချောက်ကမ်းပါးကြီးအောက်ခြေကို တော်တော်ကြာအောင်ဆင်းပြီးမှရောက်တော့ ချောင်းငယ်လေးတစ်ခုကိုတွေ့လိုက်ရသည်။ ရေတွေမှာကြည်စိမ်းပြီး ရေအောက်မှ ကျောက်ခဲလေးတွေတောင်တွေမြင်နေရသည်။

"မင်းကိုယ်လက်သန့်စင်ချင်ရင် ဆေးကြောလေ သောက်တော့မသောက်နဲ့..."

မြူးလှလှကိုယ်ပေါ်မှ သတို့သမီးဝတ်စုံကြီးကြောင့် တစ်ကိုယ်





လုံး အိုက်စပ်ပြီး လောင်နေသလိုဖြစ်နေသောကြောင့် ချွတ်ပစ်ချင်သော်လည်း မလွယ်။ ချောင်းရေနဲ့မျက်နှာလေးကို သစ်တော့မှ နည်းနည်းလေးသက်သာသလိုခံစားလိုက်ရသည်။

ချောင်းကလေးနှင့်တောတောင်အလှတရားက ရင်တို့အမောလေးတော့ ပြေစေခဲ့ပါတယ်။

● \ ● ●



www.burmeseclassic.com

www.burmeseclassic.com

ဒုရဲအုပ်နောင်မင်းထူးတို့တပ်ဖွဲ့ဝင်တွေက လမ်းပြမုဆိုးတစ်ဦးနှင့် တောနင်းပြီးလိုက်ခဲ့ကြသည်မှာ နေပင်စောင်းနေလေပြီ၊ ရုပ်သဲလွန်စခြေရာကိုမတွေ့ရသေးပေ။

"မုဆိုးဘသီး ကျုပ်တို့လိုက်နေတဲ့လမ်းရောဟုတ်ရဲ့လား"

"ကျွန်တော် ဒါကိုစဉ်းစားနေတာဆရာ.. ဒီတောဟာ အဝင်လမ်းက(၂)လမ်းပဲရှိတာ တစ်လမ်းကမြောက်ဘက်ကိုသွားတဲ့လမ်းလေ၊ ဒီဘက်ကသွားရင် နယ်စပ်ဘက်ကိုရောက်မယ့်လမ်းမှာ သူပုန်တွေ၊ မှောင်ခိုကောင်တွေနဲ့အန္တရာယ်တော့ကြီးတယ်၊ နောက်တစ်လမ်းကတော့ကျွန်တော်တို့ရသွားနေတဲ့လမ်းပဲဆရာ"





"ဒီလမ်းအဆုံးမှာ ..."

"ဒီတောလမ်းဆုံးမှာ မဒီချောင်းတစ်ခုရှိတယ်၊ ဒီချောင်းကအရှေ့နဲ့အနောက်ကိုစီးဆင်းနေတာ၊ အရှေ့ဘက်မှာတော့ လူမျိုးစုရွာတွေရှိတယ်၊ အစိုးရအုပ်ချုပ်ရေးနဲ့ နီးစပ်ကြတယ်၊ အနောက်ဘက်မှာတော့ကျောက်တောင်ကြီးတွေနဲ့ တောင်တန်းပဲရှိတယ်"

"ရွာတွေရောမရှိကြဘူးလား"

"ရှိတယ်ဆရာ ရွာကလေးတွေပေါ့၊ တစ်ရွာနဲ့တစ်ရွာက အဝေးကြီးပဲ၊ ဒီကိုချောင်းကနေသွားဖို့ကတော့ မလွယ်လှဘူး... ချောင်းရဲ့အနိမ့်အမြင့်တွေများတယ်၊ ရေတံခွန်တွေရှိတယ်၊ သွားမယ်ဆိုရင်တုန်းလမ်းကပဲသွားကြတာ၊ ဒါတောင်အနည်းဆုံး (၁၀)ရက်ခရီးလောက်သွားမှရောက်တာ..."

ဒုရဲအုပ်နောင်မင်းထူးတို့အတွက် ရွေးချယ်ရခက်သည့်အခြေအနေကိုရောက်နေလေသည်။

"ဒီလူနယ်စပ်လမ်းဘက်ကိုတော့ မထွက်နိုင်ဘူး...၊ ဘာလို့လည်းဆိုတော့ဒီလမ်းကြောင်းတစ်လျှောက်မှာငြိမ်းချမ်းရေးဇုံတွေ



www.burmeseclassic.com

www.burmeseclassic.com



ကတာဝန်ယူထားတာ…ထွက်ခဲ့ရင်လည်း သူတို့ထီကနေ အကူအညီတောင်းလို့ရတယ်၊ အကြောင်းကြားလိုက်ရုံပဲ…ကျုပ်တို့စဉ်းစားရမှာက ဒီချောင်းရဲ့အရှေ့အနောက်စရိုးပဲ…ဖထီးချောင်းကိုဆက်ပြီး သွားမယ်"

"ဆရာ…ဆရာ…"

"ဒီမှာ ရင်ထိုးပန်းကလေး"

"ဘာများလည်း ဆရာနိုင်ခေါ်"

"ဟင်"

သတို့သမီးရင်ဘတ်တွင် အလှဆင်ထိုးထားသော နှင်းဆီပန်းကလေးတစ်ပွင့်… ပန်းအစစ်တော့မဟုတ်… ကတ္တီပါစလေးကို ရွှေနားကွပ်ပြီးလုပ်ထားသော နှင်းဆီပန်းကလေးဖြစ်သည်။

"သေချာသွားပြီ ကျုပ်တို့ရွေးချယ်တဲ့လမ်း မှန်တယ်ဆက်ပြီးလိုက်ကြမယ်၊ မမှောင်ခင်…သဲလွန်စရအောင်တော့ဆက်ပြီးလိုက်ရမှာပဲ"

သတို့သမီးကိုခေါ်ဆောင်သွားသူမှာ တောကျွမ်းသူ၊ ပြီးတော့ သူတို့ထက်အရှိန်ပိုရသူ ဖြစ်ခြင်းကြောင့် မီအောင်လိုက်ဖို့မလွယ်ကူပေမယ့်နောက်ဆုံးနေရာကိုသိဖို့အတွက်တော့ဆက်ပြီးခြေရာကောက်





ရမှာဖြစ်တယ်။

"ခရီးဆက်ပြီးထွက်ကြမယ်ဟေ့"

ဒုရဲအုပ်နောင်မင်းထူး သူ့ရဲဘော်တွေကိုအမိန့်ပေးလိုက်ပြီး… သတို့သမီးကျကျန်ခဲ့သော နှင်းဆီရင်ထိုးကလေး လမ်းစအတိုင်းဆက်ပြီးလိုက်လာခဲ့ကြသည်။

"ဆရာနောင် ဒီဖြစ်စဉ်ပေါ်မှာ ဘယ်လိုသုံးသပ်လဲ"

တပ်ကြပ်ကြီးနိုင်ခေါ်မေးသောစကားကို ချက်ချင်းအဖြေမပေးသေးပဲ၊ နောင်မင်းထူး ကိစ္စတစ်ခုပေါ်မှာ လေးလေးနက်နက်စဉ်းစားနေသည်။

"အင်း…လူ(၃)ယောက်ပေါ်မှာ မူတည်ပြီးတော့ စဉ်းစားရမယ့်ကိစ္စပဲ ဆရာနိုင်ခေါ်"

"လူ(၃)ယောက်ဆိုတာ ဘယ်သူတွေလဲ ဆရာနောင်"

"စောနန်းမြူးလှလှ့ဖခင်ဦးခွန်လုံပေါ့ ဒုတိယက…ကျွန်တော့်ညီနောင်မင်းထူး၊ တတိယလူကတော့ စောနန်းမြူးလှလှပဲ၊ ခေါ်ဆောင်သွားတဲ့လူဆိုးဟာ၊ ငွေကြေးပေါ်မှာ အခြေခံပြီးခေါ်ဆောင်သွားတာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပဲ ပုဂ္ဂိုလ်ရေးကိစ္စပေါ်မှာ အခြေခံပြီးခေါင်းဆောင်သွားတာက ရာနိုင်နှုန်းများတယ်၊ နောက်တစ်ခုကိုထည့်ပြီး တွေးရမှာကတော့ တစ်စုံတစ်ယောက်က ငွေကြေးနဲ့နိုင်းတာလည်း ဖြစ်နိုင်တယ်၊ ဒီအချက်ကတော့ အားနည်းပါတယ်၊ ကြေးစားတစ်ယောက် ဆိုရင်တောင် သစ္စာရှိတဲ့ ကြေးစားပဲဖြစ်မယ်၊ သူရမယ့်ငွေကြေးကလွဲပြီး တခြားငွေကြေးနဲ့ ပစ္စည်းတွေပေါ်မှာ စိတ်ဝင်စားမှုမရှိတာတော့ သေချာတယ်..."

"ဆရာ့ကိုမေးဦးမယ်...၊ ဦးစွန်လုံဇော်ဟာ တစ်ချိန်က သူပုန်တပ်ဖွဲ့တစ်ခုရဲ့ခေါင်းဆောင်ဆို..."

"သူပုန်ဆိုတာကျုပ်တို့အမြင်ပါ၊ သူတို့ကတော့ ရမ်းပြည်နယ်တော်လှန်ရေးသမားလို့ ခံယူထားတာ...၊ အစိုးရနဲ့ငြိမ်းချမ်းရေးယူပြီး အသွင်ပြောင်းသွားပြီလေ"

"ချမ်းသာတာကတော့ ထိတ်ထိတ်ကြဲပဲ ဆရာနောင်မိဘတွေနဲ့ တန်းတူရည်တူပဲနော်...၊ ဆရာနောင်ကိုတော့လေးစားပါတယ်၊ မိဘတွေဒီလောက်ချမ်းသာတာတောင်မြန်မာနိုင်ငံရဲတပ်ဖွဲ့ထဲကိုဝင်ခဲ့တယ်





"ဒါကတော့ မွေးရာပါဗီဇနဲ့ကိုယ်ကိုယ်တိုင်က မိဘချမ်းသာတာတာ...၊ ကိုယ်နဲ့တိုက်မှုခံစားရတာရှာ...မိဘတွေဆီကတကယ်ရလိုက်တဲ့ပညာအမွေကိုပဲမက်မောတာ"

"ဆရာနောင်ညီကတော့ စီးပွားရေးသမားပဲ...၊ ပြီးတော့"

တပ်ကြပ်ကြီးနိုင်သော်စကားမဆက်ဘဲ ရပ်ထားလိုက်သဖြင့်

"ဆက်ပြောလေဗျာ လောင်းကစားလုပ် ်ယ်၊ မိန်းမရှုပ်မှုတာတို့ပြောမလို့မဟုတ်လား...၊ ကျွန်တော်နဲ့ဒီကောင်ကညီအစ်ကိုအရင်းသာဖြစ်တာ ပင်ကိုယ်စရိုက်ကျတော့ ကွာတယ်၊ တေနန်းခြူးလှလှလိုမိန်းကလေးရတာဒီကောင်အတွက်ကံကောင်းတာပျ၊ မိဘတွေ အရှိန်အဝါနဲ့ ချမ်းသာမှုကြောင့် ရတယ်လို့ပဲမြင်တယ်"

"တေနန်းခြူးလှလှ အလှကတော့ ဒီနယ်တစ်ခွင်မှာပြိုင်ဘက်ကင်းနော် ဆရာနောင်"

"ဒါကြောင့် ကျွန်တော့်ညီ ခုလိုပါသွားတာကို အရှုတစ်ပိုင်းဖြစ်နေတာပေါ့၊ ဆရာနိုင်သော်ရေ..."

ညနေခင်းကိုဖြတ်ကျော်လာသဖြင့် တောကြီးထဲတွင် မှောင်စ



www.burmeseclassic.com

www.burmeseclassic.com



ပြုပြီး ဓာတ်မီးတွေကိုအသုံးပြုနေရတော့သည်။

"ဖဝီးရေ..ဆ က်ပြီးသွားလို့ကောင်းပါ့မလားဗျ"

"ဆရာရေ.. ရှေ့ကချောက်ကမ်းပါးကိုဆင်းမယ်ဆိုရင်တော့ အန္တရာယ်များမယ်၊ ကျွန်တော့်သဘောကတော့ မနက်မှပဲ ဆင်းစေချင်တယ်ဆရာ"

နောင်မင်းထူး ချောက်ကမ်းပါးအောက်ကို ကြည့်တော့ အမှောင်ထုကလွှဲပြီး ဘာမှမမြင်ရသလို ဆင်းမယ်ဆိုရင် သူ့ရဲဘော်တွေအတွက်အန္တရာယ်မဖြစ်မနေကြုံနိုင်သဖြင့်..

"ဒီမှာ ညအိပ်စခန်းချမယ်၊ မနက်အလင်းရောက်မှထက်ပြီး လိုက်မယ်၊ ဆရာနိုင်သော်..ဆက်သွယ်ရေးဆရာလှိုင့်ကို နောက်ကြောင်းသတင်းပို့နိုင်းလိုက်"

"ဟုတ်ကဲ့ဆရာ"

ချောက်ကမ်းပါးအပေါ်တွင် ညအိပ်စခန်းချဖို့ပြင်ဆင်ရင်း စားသောက်ဖို့အတွက်ပါ လုပ်ကိုင်ကြရတော့သည်။

● ✿ ● ❤



တစ်ယောက်ကိုတစ်ယောက် သဲသဲကွဲကွဲတောင်မမြင်ရသလို လေတစ်ချက်ဝှေ့ရင် ကျောထဲမှာ စိမ့်ပြီးအေးလာသည်။

"မင်း ချမ်းနေပြီလား"

"ဟုတ်တယ်...ဘယ်ဝင်ရွေ့ကြွေးကြောင့်ခံနေရသလဲမသိဘူး၊ ဆင်းခြောက်လေးဘာလေး ရှာပြီး မီးလေးဖိုပါလား"

"မင်းချမ်းနေတာကို ကြည့်ကောင်းလို့ကြည့်နေတာတော့ တော့ပါဘူး၊ မီးအလင်းရောင်ကိုပြလို့မဖြစ်လို့ပါ၊ ကောလောက်တော့ သည်းခံပေးပါ၊ မင်းသိပ်ပြီးချမ်းနေရင် ဝါအကျီကိုထပ်ပြီး ဝတ်ထား



www.burmeseclassic.com

www.burmeseclassic.com



လိုက်…ရော…"

"မဝတ်ဘူး…"

"အင်း…မင်းကိုယ်ပေါ်မှာရွှေရည်လောင်းထားတယ်ဆိုတော့ ဘယ်ဝတ်မလဲကွာ၊ ငါကလည်း လူစိတ်မရှိဘူးလို့ထပ်ပြီး စွပ်စွဲမှာစိုးလို့ သာ ပြောရတာပါ၊ မဝတ်ချင်တာတော့ မင်းသဘောပဲ"

"ရှင် ကျွန်မကို ဘာရည်ရွယ်ချက်နဲ့ ဖမ်းလာတာလဲ"

"သမိုင်းကြောင်းတစ်ခုကြောင့်လို့ပဲ သိထားပါ၊ အနက် အဓိပ္ပာယ်ကိုတော့ မရှင်းချင်သေးဘူး"

မြူးလွလွ ချောင်းဘက်ကိုကြည့်လိုက်တော့ လှေကလေးတစ်စီးကို မှုန်ဝါးဝါးတွေ့လိုက်ရသည်။

"ကြူ…ကြူ…"

"ကြူ…ကြူ…"

တစ်ဖက်မှ ငှက်အသံမျိုးလေးအသံပြုလိုက်သည်နှင့် တိုလူ ပြန်ပြီးအသံပြုလိုက်သည်။

"ကြိုးကြာနီ"





"ငါတို့ဒီမှာ အိုက်ကော"

"ဟူး…လာသာလာရတယ်၊ မင်းအိမ်နေရာကိုရောက်ပါ့မလားဆို ပြီး စိတ်ပူနေတာ သွားကြမယ်"

"ကဲ…အမိ သွားကြရအောင်"

မြူးလွလွ အမှောင်ထဲမှာ လမ်းမလျှောက်တတ်သလိုဖြစ်နေ သဖြင့် လက်ကိုဆွဲပြီးခေါ်လာကာ လှေပေါ်သို့ဆွဲတင်လေသည်။ လှေ ပေါ်ကိုရောက်မှ အအေးဒဏ်က ပိုပြီးကဲလာသလိုဖြစ်ကာ ချမ်းရှံတင် မက တုန်ယင်ကာနေတော့သည်။

"မင်းသိပ်ပြီး ဒုက္ခတရားတွေ ကျင့်မနေနဲ့၊ အိုက်ကော…မင်း ကိုယ်ပေါ်က စောင်ကိုပေးလိုက်ကွာ"

မြူးလွလွ ဒီတစ်ခါတော့ မငြင်းနိုင်တော့ပါ၊ တောင်ကြားတော ကြား ချောင်းပေါ်မှာ ဒီအတိုင်းဆက်ပြီးလိုက်သွားရင် သွေးကြောတွေ ဝင်ခဲသွားနိုင်သည်၊ အိုက်ကော ဆိုသူထံမှ စောင်ကြီးကိုခြုံလိုက်တော့ မှပဲ နွေးထွေးသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂

ခြူးလှလှမျက်လုံးကို အတတ်နိုင်ဆုံးဖွင့်ပြီးနေပေမယ့်တစ်နေ့လုံးတောထဲမှာ ပြေးလွှားခဲ့ရတဲ့ ပင်ပန်းမှုကြောင့် ကိုယ်လက်တွေကိုက်ခဲပြီး လှေပေါ်မှာ ခွေခွေကလေး အိပ်ပျော်သွားခဲ့မိတယ်။

တစ်ဦးတည်းသော သမီးသာဝနှင့် သိုးလေး... ကောင်လိုနေခဲ့ရသော ခြူးလှလှ စုလို့ စီးကြမ်းအောက်ကို ခံနိုင်ရည် မရှိသောကြောင့် နေမကောင်းချင်သလိုဖြစ်လာသည်။

"ဟီး...အီး...အီး..."





"ဟင်...မင်းကိုယ်တွေပူနေပြီ၊ အိုက်တော ကမ်းကိုကပ်ကွာ၊ ဆက်ပြီး သွားလို့မရတော့ဘူး"

လေမှာ အဆက်မပြတ် တိုက်ခတ်နေသဖြင့် ခြူးလှလှ အအေးအက်ကိုဆက်ပြီး ခံနိုင်ရည်မရှိတော့ပါ။

ခြူးလှလှ သူတို့ပြောနေသော စကားတွေကိုပဲ ကြားနေရပြီး မျက်လုံးမှာ ဘယ်လိုမှ ဖွင့်လို့မရတော့၊ သတိမလစ်ရုံတစ်မယ်ပဲ အားတိုတင်းထားရသည်။

လှေကလေးကမ်းကိုကပ်သွားပြီး ခြူးလှလှကိုယ်လေး လေထဲမှာ မြောက်သွားသလို...ပြီးတော့ ရင်ခွင်တစ်ခုထဲမှာ လိုက်ပါသွားသည်၊

ခြူးလှလှ ဘာကိုမှ ရုန်းနိုင်စွမ်းရှိတော့ပါ။ ကြိုးကြာနီ ဆိုသူ၏ လက်ထဲတွင် ကြိုးပြတ်သွားသော ရုပ်သေးရုပ်လေးလို လိုက်ပါသွားရတော့သည်။

"အနန်းတဲကို သွားမယ်၊ မင်း မာတ်မီးထိုးပြီးရှေ့ကသွား အိုက်တော"

ကုန်းမြင့်တစ်ခုပေါ်ကိုတက်ခဲ့ပြီး သိပ်မကြာ တဲအိမ်ကလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ရသို့ရောက်ခဲ့ကြသည်။

"အနန်းရေ...အနန်း"

"ဟော့...ဘယ်သူတွေလဲ"

"ကြိုးကြာနီနဲ့ အိုက်ကောပါ"

"ဟယ်...ဒီနှစ်ကောင် ဘယ်ကနေ လာကြတာလဲ၊ တဲပေါ်တက်ကြ၊ ဟင်...ကြိုးကြာကောင်လက်ထဲမှာ ကောင်မလေးပါလား၊ ဒီကောင်မိန်းမမိုးလာပြီနဲ့တူတယ်"

"အနန်းစကားတွေ နောက်မှဆက်ပြီးပြောတော့၊ ဒီမှာ မေ မကောင်းဖြစ်လာတယ်"

မြူးလှလှကိုဖျာကလေးပေါ်ချပြီး လှဲထားပေးလိုက်သည်။

"ဟယ်...ကိုယ်တွေခြစ်ခြစ်တောက်ပူနေပါလားကွယ်"

"အနန်းဆီမှာ ဘာဆေးရှိလဲ"

"ရှိတယ်...အိုက်ကော... မီးဖိုထဲဝင်ပြီးရေနွေးကြိုစမ်း၊ ငါဆေး ရှက်သွားပြီးနူးလိုက်မယ်"

မြူးလှလှ အားတင်းပြီးလှဲနေရာမှ ထပြီးထိုင်လိုက်သည်။





"မင်း...လှဲပြီးနေပါ"

"မနေချင်ဘူး။ ရှင်တို့ကျွန်မကို ဘာဆေးတွေတိုက်မလို့လဲ၊ ပေါက်ကရဆေးတွေ မသောက်ဘူးနော်"

"ဒေါက်တာမကြီးကတော့ စက်နေပြီ၊ ဒီတော့ ဒီတောင်ထဲမှာ ဘယ်ဆရာဝန်ကမှ ဆေးခန်းလာပြီး မဖွင့်ဘူး၊ မင်း အင်္ဂလိပ်ဆေးတစ်ခုတည်း ရောဂါကိုပျောက်အောင်ကုနိုင်တာမဟုတ်ဘူး၊ တိုင်းရင်းဆေးတွေနဲ့ သဘာဝဆေးတွေကိုအထင်မသေးနဲ့အမိ"

"ကောင်မလေး...အနန်းဆေးရွက်ကို သောက်ကြည့်ပါဦးကွယ်၊ ရလိုက်တာလောက်ကတော့ ယူပစ်သလိုပျောက်သွားရမယ်"

ဆရာဝန်တစ်ယောက်ဖြစ်ခြင်းကြောင့် မြန်မာဆေးတွေကို သောက်ရမှာ လွန်စွာကြောက်တဲ့သူ၊ ဒါပေမယ့် စုံစားနေရသည့်အချော်ကို နွောကိုယ်ထဲမှာ ဆက်ပြီးမထားချင်။

"အနန်းရေ...ရေနွေးရပြီ"

"ယူခဲ့အိုက်ကော...ဟိုခွက်ထဲမှာထည့်"

အနန်းဆိုသည့်အမျိုးသမီးကြီးမှာ တိုင်းရင်းသူတစ်ဦးဖြစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အသက် (၅၀) လောက်ရှိမည်။ ရုပ်ရည်မှာ ကရုဏာရှိသော မျက်နှာမျိုး ဖြစ်သောကြောင့် အနန်းတိုက်သောဆေးကို ယုံကြည်စွာနှင့် သောက်လိုက်တော့သည်။

"စောင်လေးခြုံထားလိုက်၊ ကောင်မလေး"

မြူးလှုလှု ဖျာချပ်လေးပေါ်မှာ ပြန်ပြီးကွေးနေလိုက်သည်။

"ကြိုးကြာကောင်၊ နင်ခုခေါ်လာတဲ့ကောင်မလေးက ငါတို့တောင်တန်းဒေသက သူမဟုတ်ဘူးနော်၊ နင်ဘာတွေလုပ်လာတာလဲ ပြောစမ်း"

"အနန်းရယ်... နောက်မှ အကြောင်းစုံကိုရှင်းပြမယ်နော်၊ အနန်းကျွန်တော့်ကိုယုံတယ်မဟုတ်လား၊ မဟုတ်တာ တစ်ခုမှ မလုပ်ပါဘူး၊ သူ့ကိုခေါ်ခဲ့ရတာ ကျွန်တော့်ရဲ့သမိုင်းကြောင်းတစ်ခုကြောင့်ပါ"

"ကြိုးကြာကောင်.. အနန်းတစ်ခုတော့ ပြောလိုက်မယ်ကွယ်၊ မီးတွေကို ခေါင်းပေါ်မတင်နဲ့၊ မြေနဲ့လည်းမနင်းနဲ့နော်"

"စိတ်ချပါ အနန်း"

ကြိုးကြာနီ၏သမိုင်းကြောင်းထဲတွင် မြူးလှုလှု ဘယ်လိုပတ်





သက်နေသလဲဆိုတာကိုတော့ စိတ်ဝင်စားမိသည်။ ကြိုးကြာနီသည် လူဆိုးတစ်ယောက်တော့မဟုတ်၊ ဒါပေမယ့် သူ ခုလုပ်ခဲ့သောကိစ္စမှာ လူကောင်းတစ်ယောက်၏ လုပ်ရပ်တော့မဟုတ်။

"ဟင်..."

မြူးလှုလှု တစ်ကိုယ်လုံး ချွေးတွေမှာ ရေချိုးထားသလားမှတ်ရတယ်၊ ရွှဲနစ်နေတော့သည်။

"ကောင်မလေး၊ ချွေးတွေအရမ်းထွက်နေပြီ၊ အဝတ်အစားလဲ နိုင်အိုပါလား"

"မပါဘူး အနန်း"

"နင်တို့ (၂) ယောက် တဲအောက်ကိုဆင်းကြ"

"ဟုတ်ကဲ့"

မြူးလှုလှု ဝတ်ဆင်ထားသော သတို့သမီးဝတ်စုံကြီးကို ချွတ်လိုက်ရတော့မှ ပေါ့ပေါ့ပါးပါးဖြစ်သွားတော့သည်။

အနန်းသူ့ထဘီနှင့်အင်္ကျီတွေကို ဝင်ဆင်ပေးပြီးမှ

"ဟိုနှစ်ကောင် တက်လို့ရပြီ၊ ကောင်မလေး ဘယ်လိုနေသေး



www.burmeseclassic.com

www.burmeseclassic.com



လဲကွဲ"

"သက်သာပါတယ် အနန်း"

တိုင်းရင်းသူဝတ်စုံနှင့် ကျွန်မကို ကြိုးကြာနီကြည့်ပြီး ပြုံးရောင်သန်းနေသည်ကိုတွေ့လိုက်ရသည်။

"နင်တို့ခရီးဆက်ဦးမှာလား"

"မနက်မှပဲ ဆက်တော့မယ်အနန်း။ ဒီညတော့ ဒီမှာပဲအိပ်မယ်"

"ကြိုးကြာကောင်..နင်တို့သွားမယ့်ခရီးနဲ့ ဒီကောင်မလေးနဲ့ မကိုက်ညီဘူးနော်"

"မကိုက်ညီလည်း ခေါ်သွားရမှာပဲ အနန်းရေ.."

"ရှင်..ကျွန်မကိုတယ်ထိ ဒုက္ခပေးဦးမှာလဲ"

"ငါ ဘယ်သူ့ကိုမှ ဒုက္ခမပေးချင်ပါဘူး။ ဒါပေမယ့် မင်းဟာ အတွက် သိပ်ကိုအရေးပါနေတဲ့လူတစ်ယောက်ဖြစ်နေလို့ ခေါ် တာပါ"

"အနန်း သမီးကိုကယ်ပါ။ သူအတင်းအဓမ္မခေါ်လာတာ"

"ကြိုးကြာနီ..နင်အဖမ်းခံရမယ့်အလုပ်တွေကိုလုပ်လာပြီ





တယ်ကွယ်"

"ကျွန်တော့်ကို ခွင့်လွှတ်ပါ အနန်းရယ်၊ ဘာကြောင့်ဒီလိုလုပ်ခဲ့ရသလဲဆိုတာကို မပြောပြချင်ပါဘူး"

"မင်းလက်ထဲက ကောင်မလေးကို ငါခေါ်လို့မရဘူးဆိုတာ ငါသိ တယ်၊ ဒါပေမယ့် ကြိုးကြာကောင်.. ဘုရားသခင်မကြိုက်တဲ့ အကျင့်ဆိုးတွေနဲ့ မမှားစေနဲ့နော်"

"သူ့ဘက်က နူးနူး ညံ့ညံ့ရှိနေသရွေ့တော့ ကျွန်တော် မကြမ်းတမ်းပါဘူး"

"ဘာ..ရှင့်စိတ်ကြိုက် ကျွန်မကလိုက်လျောပေးရမယ်ပေါ့"

"ငါ့စကားကမင်းထင်သလောက် မကျယ်ပြန့်ဘူးအမိ၊ ငါဆိုလိုတဲ့အဓိပ္ပာယ်လေးက ကျဉ်းမြောင်းတယ်၊ မင်းကောင်းကောင်းမွန်မွန်နဲ့လိုက်ခဲ့ပါ"

"ကျွန်မကို ခုနေ ပြန်နိုင်းရင်တောင် မပြန်တတ်ဘူး၊ ရှင့်လက်ထဲကလွတ်ပြေးမှာတော့ တွေးပြီးကြောက်မနေနဲ့"

"ကြိုးကြာကောင် နင် ကလေးတွေကိုစွရော ဘယ်ကိုပို့ခဲ့



www.burmeseclassic.com

www.burmeseclassic.com



လဲ"

"အိုက်ကောနဲ့လွဲခဲ့ပါတယ်"

"အိုက်ကောက လိုက်ပို့တာပေါ့"

"ဟုတ်တယ်အနန်း။ကြိုးကြာနီမရှိရင်တာလေးတွေကိုကျွန်တော်ပဲ တာဝန်ယူရမယ်လေ"

"ငါမေးမယ်....ကြိုးကြာကောင်..ငါ့ကိုယုံကြည်မှပြော၊နင်တို့ကောင်မလေးကိုဘယ်ထိခေါ်သွားမှာလဲ"

"ဂနီတောင်.."

"ဟယ်..ဒီကနေ တော်ဗီတောင်ကိုသွားရမှာ၊ ပြီးတော့ ကြိုးကြာကောင်၊နင်တို့ရေလမ်းကမသွားကြနဲ့ကောင်မလေးအတွက်အန္တရာယ်ကြီးတယ်၊နင် ကောင်မလေးကို သေခေတဲ့အထိ တွေးထားလား"

"ဟာ..မတွေးထားပါဘူး အနန်း"

"အေး..ဒါဆိုရင် တောင်ပေါ်လမ်းကနေပဲ သွားကြ၊ ရက်ကြာတာက လွဲပြီးအန္တရာယ်ကင်းတယ်"

"ကြိုးကြာနီ.. အနန်းပြောတဲ့အစီအစဉ်ကောင်းတယ်၊ ငါလည်းဒီကနေ လှည့်ပြီးပြန်လို့ရတာပေါ့"

"အင်းလေ...ဒီလိုပဲသွားကြမယ်"

"သွားမယ်ဆိုရင် ကောင်မလေးကို ခုလိုပုံစံနဲ့ ခေါ်သွားလို့မရဘူး။ သူ့ခြေထောက်လေးတွေ လက်ကလေးတွေက နုနုဖပ်ဖပ် လေးတွေကွယ်..အာယုဆီကမြင်းကိုယူသွား"

"အာယုက သူ့မြင်းကိုပေးပါ့မလား အနန်းရဲ့"

"အိုက်ကောတောင်းရင်တော့ ပေးမှာမဟုတ်ဘူး၊ ကြိုးကြာနီတောင်းရင်ပေးမှာ၊ မင်းတို့ဘာစားခဲ့ကြသေးလဲ"

"ဘာမှ မစားခဲ့ကြဘူး အနန်း"

"ကြိုးကြာကောင်..နင်ကတော့ ကောင်မလေးကို အတာဝတ်ထားနေပြီလား"

"မဟုတ်ရပါဘူး အနန်းရယ်၊ ကျွေးစရာမရှိလို့ပါ"

"အိုက်ကော..ငါနဲ့လိုက်ခဲ့ဦး၊ အိုမာ တို့ဆီမှာ ကောက်ညှင်းမုန့်သွားယူဦးမယ်"

အနန်းနှင့်အိုက်ကော တို့ထွက်သွားပြီး နစ်ယောက်သည်း







www.burmeseclassic.com

www.burmeseclassic.com



ကျွန် ခဲ့ပေမယ့် စကားမဆိုဖြစ်ခဲ့ကြ၊ မြူးလှလှ ရှေ့တည့်တည့်ဝါးလုံးတိုင်ကိုမှီလျက်၊ ကြီးကြာနီ အပြင်ကိုငေးနေသည်။

"ရှင်တစ်သက်လုံးခေါ်ထားမယ့်သဘောလား"

"မင်းကလည်း တစ်သက်လုံးနေမှာမှ မဟုတ်ဘဲ"

"ရှင်ခုလို ခေါ်လာတာနဲ့ ရှင့်နောက်ကို ဘယ်သူမှ မလိုက်တော့ဘူးလို့ထင်နေလား"

"မင်းခင်ပွန်းကြီး သူ့ရှိန်းရှောလေးကို မြေလှန်ပြီးရှာမှာပါ၊ ပြီးတော့ မင်းဖခင်ကြီးက တောတွေ တောင်တွေကိုဖြိုပြီး တွေ့အောင်ရှာမယ်ဆိုတာ ငါသိပါတယ်"

"ရှင်နဲ့ကျွန်မကြားမှာ ရန်ငြိုးမရှိဘူးထင်ပါတယ်"

"မင်းနဲ့ငါက ခုမှတွေ့ဘူးကြတဲ့သူတွေပဲ"

"ရှင် ဘာကြောင့် ကျွန်မကိုဖမ်းလာတာလဲ"

"မင်းသိချင်တဲ့စကားတွေကို သိချိန်တန်တော့ သိရမှာပေါ့၊ ခုတော့ မသိချင်နဲ့ဦးကွာ"

"ကိုယ်ဘာကြောင့် အဖမ်းခံရတာလဲဆိုတာကို ဘာမှမသိရဘဲခေါ်လာရတာ အဓိပ္ပာယ်မရှိဘူးထင်တယ်"





"ငါပြောပြီးပြီပဲကွာ၊ အချိန်တန်တော့ သိရမှာပေါ့"

အနန်းနှင့်ဆိုက်တော ... ကောက်ညှင်းမုန့်တွေနဲ့ပြန်ပြီး ရောက်လာသဖြင့် စကားဆက်ပြီးမပြောတော့ဘဲ..

"ကောင်မလေး၊ စားကွဲ့ ဒီလိုဒေသကိုရောက်ဖို့ဆိုတာ မလွယ်ဘူး၊ ရောက်တုန်းရောက်ခိုက် တခေလးစားသွား.."

"ဟုတ်..."

မြူးလှလှ ဆာလောင်နေခြင်းကြောင့် ဟန်ပင်မဆောင်နိုင်တော့ဘဲ စားလိုက်၏၊ စေတနာကြောင့်ပဲလားမသိ၊ တကယ့်ကို စားကောင်းသော ကောက်ညှင်းမုန့်ကလေးဖြစ်သည်။

♥ ၊ ◆ ♥



www.burmeseclassic.com

www.burmeseclassic.com



[illegible]

ချောင်းကမ်းနံဘေးတွင် ဒုတိယမြောက်ရစ်ထိုးနေငါးသော်ပွင့်လေးကိုထပ်ပြီးတွေ့လိုက်ရပြန်သည်။

"ဒီချောင်းအတိုင်းသွားတာလား၊ တစ်ဖက်ကိုကူးတာလားဆိုတာတော့ စဉ်းစားရမယ်၊ ဖထီးဟိုဘက်တောအခြေအနေ ဘယ်လိုလဲ"

"ဆရာ...ဒီတောကနံ့တောကြီး ဘယ်သူမှသွားလို့မရဘူး"





"ဒါဆို သူတို့ချောင်းအတိုင်းသွားကြမှာပေါ့"

နောင်မင်းထူး ချောင်းအရှေ့ဘက် အနောက်ဘက်ကိုကြည့်ပြီး

[illegible]

"အရှေ့ဘက်ဆို တောချွှာတွေ၊ ပြည်သူစစ်တွေ မြို့နဲ့လည်းနီးတယ်၊ အရှေ့ဘက်ကိုခေါ်သွားမှာတော့မဟုတ်ဘူး၊ အနောက်ဘက်တထီးပြောသလို ခရီးကြမ်းပြီး လူသူတွေ၊ နေထိုင်ရာဆိုတော့ အနောက်ဘက်ကိုခေါ်သွားမှာ သေချာတယ်၊ ဖထီး ဒီနားမှာရွာလေး ဘာလေးမရှိဘူးလား"

"ရှိတယ် ဆရာ...အဲတော့ကိုမေးတယ်၊ ဆရာဘာလုပ်ချင်လို့လဲ"

[illegible]

"သူတို့နောက်ကိုဆက်ပြီးလိုက်ဖို့ လှေလိုတယ်၊ အဲဒီရွာကိုသွားရင် လှေရနိုင်ပါ့မလား"

"ရနိုင်တယ် ဆရာ၊ ဒီရွာက ချောင်းထဲမှာ ငါးဖမ်းကိုင်စားသောက်ကြတဲ့ သူတွေများတယ်"

[illegible]

"ဖထီး...မင်းနဲ့ငါသွားမယ်၊ ခုခေတ် (၂) ယောက်တို့ပဲလိုက်ခဲ့ ဆရာ



www.burmeseclassic.com

www.burmeseclassic.com



နိုင်အောင်လို့တာဒီကာပဲစောင့်နေကြပေါ့"

"ဟုတ်ကဲ့ ဆရာ"

"သွားကြရအောင် ဖထီး"

ချောင်းကမ်းဘေးလေးအတိုင်းထွက်လာခဲ့ကြသည်။ တစ်နေရာတွင် ချောင်းလက်တက်ရိုးတွေကိုကြုံတွေ့ရသဖြင့် ရေထဲဖြတ်ကူးခဲ့ရပြန်၏။ တစ်နာရီကျော်ကျော်လောက်သွားမှ ရွာလေး၏တစ်ဖက်ကမ်းကိုရောက်ခဲ့ကြတော့သည်။

"ဟိုမှာ လှေတစ်စီး ဆိုက်ထားတယ်၊ လူတော့မတွေ့ဘူး"

ချောင်းတမ်းနံဘေးတွင် လှေတစ်စီးတွေ့လိုက်ရပြီး လူကိုမှုတော့မတွေ့သဖြင့်

"ဖထီး...နောက်မှရှင်းပြမယ်ကွာ၊ ဒီလှေနဲ့ရွာဘက်ကိုကူးမယ်"

ပိုင်ရှင်မတွေ့သောလှေပေါ်သို့တက်ပြီးကူးမည်အပြု

"ကျွန်မတို့ကိုကယ်ပါဦး"

"ဟင်...ဟာ"

တောထဲမှ မိန်းကလေးတစ်ဦးပြေးထွက်လာသည်ကိုတွေ့





လိုက် ရသဖြင့် နောင်မင်းထူး သေနတ်ကိုထုတ်ပြီး အသင့်ပြင်ထားလိုက်သည်။

"ဘာဖြစ်လာတာလဲမိန်းကလေး"

"ကျွန်မကိုပဒီမတာရာကြီးစည်နေတယ်၊ ဟို...ဟိုမှာ..."

"ဟာ..."

နောင်မင်းထူးတို့ကိုတွေ့သွားပြီး ပဒီတောထဲကိုပြန်ပြီးဝင်ပြေးမှုပြင်လိုက်သဖြင့်

"နိုင်း..."

"ကြောက်...ပါပြီ...မပစ်ပါနဲ့ဆရာ"

သေနတ်နှင့်လှမ်းပြီး လှမ်းလိုက်တာကိုပဒီကြောက်သွားပြီး မြေပြင်တွင် ဝပ်နေသည်။

"ခဲဘော်တင်ကို သွားပြီးခေါ်ခဲ့"

ပဒီကိုခဲဘော်တင်ကိုအနားသို့ခေါ်လာသည်။

"မင်းဒီမိန်းကလေးကို မကောင်းကြံတာဆို"

"မ...မဟုတ်ပါဘူး။ သူ...သူနဲ့ကျွန်တော်တ ချစ်သူတွေပါဆရာ"



www.burmeseclassic.com

www.burmeseclassic.com



ဘိုမောင်တိုးတာပြောတာပါ၊ ကျွန်မ ထမင်းချိုင့်ဆွဲလာတာကို နောက်ကလိုက်လာပြီး မကောင်းကြံတာပါ၊ သူနဲ့ကျွန်မ ဘာမှမပတ်သက်ဘူးဆိုတာ ရွာကလူတွေကို မေးကြည့်ပါ"

"ခေါ်ခဲ့ကွာ၊ ရွာရောက်မှဆက်ပြီးရှင်းမယ်"

လှေပေါ်ကိုတင်ပြီး ရွာဘက်ကိုကူးလာခဲ့သည်။ ရွာကိုရောက်တော့ ဖခင်မှာ ရွာလူကြီးသော်ဖြစ်နေသည်။ မိန်းကလေးမှာ မိဘနှစ်ပါးမရှိ၊ အစ်ကိုဖြစ်သူနှင့်နေထိုင်သူဖြစ်သည်။

"ခေါင်ရမ်း...နင်နဲ့ငါ့သား ချစ်သူတွေဖြစ်နေတာကြာပြီဆိုဘာစုမှ နင် ပြောင်ငြင်းတာလဲ"

"ကျွန်မ...သူနဲ့ဘာမှမဖြစ်ပါဘူး"

"နင်...နော်.."

"ဒီမှာ ရွာလူကြီး၊ မိန်းကလေးဘက်က မဟုတ်တာ လျှောက်ပြောနေတာကို အတင်းဟုတ်တယ်လို့ ပြောခိုင်းမနေပါနဲ့"

နောင်မင်းထွေး အခြေအနေကိုသိတော့ ဝင်ပြောလိုက်သည်။ ရွာလူကြီး အရှိန်အဝါနှင့် သားဖြစ်သူကို ဘက်လိုက်ပြီး စွပ်စွဲနေခြင်းဖြစ်





သည်။

"ကျုပ်တို့က တာဝန်တစ်ခုနဲ့ ခရီးဆက်စရာရှိသေးတော့ ခင်ဗျားသားကိစ္စကို အရေးယူဖို့ အချိန်မရဘူး၊ ဒါပေမယ့် ခင်ဗျားသားကို ခင်ဗျား တာဝန်ယူပါ..."

"ဟုတ်ကဲ့ယူပါတယ် ဆရာ..."

"ကျုပ်တို့အတွက် လှေ (၂) စီး စီစဉ်ပေးနိုင်မလား"

"စီစဉ်ပေးပါ့မယ်၊ ခုလာလောလောဆယ်တော့ လှေတွေ ချောင်းထဲအဝေးပါသွားနေတော့ ဆရာတို့ စောင့်ပေးပါ"

"ဘယ်လောက်စောင့်ပေးရမှာလဲ"

"နောက်သုံးနာရီလောက်ဆို ပြန်ပြီးဝင်ကြပါပြီ"

"ကောင်းပြီ စောင့်ကြတာပေါ့"

နောင်မင်းထွေးတို့ သတို့သမီးခေါ်ဆောင်သွားသူနောက်သို့ လိုက်ဖို့ အချိန်တွေ နှောင့်နှေးပြီး တစ်စက်တို့ အခွင့်အရေးပေးနေသလိုဖြစ်နေသည်။

"ညီမ အိမ်က ဘယ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရွာအလယ်လောက်မှာပါ၊ အိမ်ကိုလိုက်ခဲ့ပါလားအစ်ကို"

"အင်းလေ...စောင့်နေရတာနဲ့အတူတူမင်းအိမ်ကိုအလည်သဘော လိုက်တာပေါ့"

အမှန်တကယ် နောင်မင်းထူး လူကြီးအိမ်မှာထက်ပြီး မနေချင်သောကြောင့် လိုက်ခဲ့ခြင်းဖြစ်သည်။

"မင်းနာမည်က ခေါင်ရုပ်နော်"

"ဟုတ်ပါတယ် အစ်ကို"

"မမလေး ဆရာမရောက်သေးဘူးလား"

"ကိုလူ့ရေ မင်းတို့ဆရာပြန်မရောက်သေးဘူး"

လမ်းတွင်ကလေးငယ်တစ်ဦးက လှမ်းပြီးမေးသည်ကိုကြားရ၏-

"အစ်ကိုက ရွာကကလေးတွေကို စာသင်ပေးတယ်"

"ဪ"

"ဒီလိုမှစာသင်မပေးရင် ရွာကကလေးတွေက စာတတ်မှာမဟုတ်ဘူးအစ်ကို ကျောင်းသွားတက်ဖို့ဆိုတာ တစ်ညအိပ်ခရီးလောက်သွားရရောက်တာလေ၊ ရွာကကလေးတွေကိုကျောင်းတက်နိုင်ဖို့ကနောက်





တောင်းတဲ့သူတွေပဲ၊ ဟိုမှာကျောင်းထားနိုင်တာ၊ ရွာထဲကဝါးရှူ ထမင်းနပ်မှန်တဲ့သူတွေရဲ့ သားသမီးတွေကတော့ ကျောင်းနေဖို့ကို စဉ်းစားလို့တောင်မရဘူး"

"ခေါင်ရုပ်အစ်ကိုက ဘယ်နှစ်တန်းထိပြီလဲ၊ စာတတ်ရဲ့သက်သက်လား"

"(၈)တန်းပညာရေးထိတော့သင်ပေးတယ်၊ ပြီးတော့မှာဆက်ပြီးကျောင်းတက်ချင်တယ်ဆိုရင်တော့ ဟိုမှာအရည်အချင်းစစ်တာမေးပွဲကို ဖြေပြီးအောင်ရင် အစိုးရကျောင်းက ကျောင်းနေခွင့်ပေးပါတယ်"

"အင်း...ဒါဆိုရင် မဆိုးလှဘူးပဲ"

"ဟိုမှာကလေးတွေစာသင်တဲ့ကျောင်းလေး အစ်ကို"

မိုးနီးဝါးထရံကာလေးနဲ့ သပ်သပ်ရပ်ရပ်ကလေး ဆောက်ထားသော ကျောင်းလေးကိုတွေ့လိုက်ရသည်။

"ရွာလူကြီးကခွင့်မပြုဘူးအစ်ကို... ဒါနဲ့အစ်ကိုတို့ပြီးကိုတက်ပြီး သတ်ဆိုင်ရာကိုအသနားခံပြီး ကလေးတွေအတွက် မွေ့ယာရပ်ခံတော့ မှခွင့်ပြုချက်ရခဲ့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရွာလူကြီးက ဘာလို့ခွင့်မပြုရတာလဲ"

"သူ့ထက်ရွာသားတွေ အစ်ကို့အပေါ်မှာ ကြည်ညိုလေးစားတာကို မလိုလားဘူးလေ၊ ရွာမှာလည်း အစ်ကိုနဲ့ကရင်သူတွေလိုပါပဲ၊ ကျွန်မအစ်ကိုက လယ်မှန်အတိုင်း ပျောက်နေတော့ ရွာလူကြီးမပြောဝံ့ဘဲ အမှားကွက်ကို ရှောင်နေတာပဲ၊ သူ့သားပဒီကတော့ သူ့အမေ အရှိန်အဝါနဲ့ ထင်တိုင်းကြဲနေတာပဲ အစ်ကိုရယ်၊ ပဒီဖုကျွေပေးခဲ့တဲ့ မိန်းကလေးတွေကို သူ့ဩဇာအာဏာနဲ့ တစ်မျိုး၊ ငွေနဲ့တစ်မျိုး မြှောက်ထားခဲ့တာလေ... ဒီစကားတွေကို ကျွန်မကမုန်းတီးစိတ်နဲ့ ပြောနေတာမဟုတ်ပါဘူး။ ရွာကလူတွေကိုမေးကြည့်ပါ..."

ခေါင်းရမ်းဆီမှ ရွာလူကြီးဦးဇော်ဝမ်းရဲ့ တရားမှုတွေကို စိတ်ထဲမှာ ကသိကအောင့်ဖြစ်သွားခဲ့သည်။ ဒီကိစ္စကိုဖြေရှင်းဖို့ သူမှာ အချိန်မရှိသလို သူနယ်မြေမဟုတ်ခြင်းကြောင့် သူ့အနေဖြင့်လုပ်ကိုင်လို့မရ... ဒါပေမယ့် သူတာဝန်ပြီးဆုံးသည်နှင့် ရွာလူကြီးရဲ့မတရား အုပ်ချုပ်မှုကိုတော့ အထက်လူကြီးတွေကို တစ်ဆင့်မြို့ လုပ်သင့်တာကို လုပ်မယ်လို့တွေးလိုက်သည်။





"ခေါင်ရမ်းအစ်ကိုက ဆိုးသွားနေတာလား"

"ဟုတ်ကဲ့ မြို့ဘက်ကိုတက်သွားတယ်"

ခေါင်ရမ်းသူ့နေထိုင်သည့်အိမ်လေးရောက်တော့ နောင်မင်းထူးတို့တစ်တွေကို အကြမ်းနှင့်ဧည့်ခံသည်ကို သောက်ရင်းလှမ်းစောင့်နေကြရသည်။

"ထိုရာနောင်ဦး ဆရာနောင်ဝီ"

"ခုတော်တော်ကိုဘာလဲဟေ့"

"ရွာကျူးတို့ဆိပ်မှာ တပ်ဖွဲ့မော်တော်လေးတစ်စင်းနဲ့ နယ်မြေတပ်ဖွဲ့ဝင်တွေရောက်နေတယ်"

"ဟေ့ ဒါဆိုအတော်ပဲကွာ ခေါင်ရမ်းအစ်ကိုတို့သွားလိုက်ဦးမယ်၊ နောက်မှပဲလာခဲ့ဦးမယ်ကွာ"

"ဟုတ်ကဲ့"

ခေါင်ရမ်းကိုနှုတ်ဆက်ပြီး ကျူးတို့ဆိပ်ဆီထွက်လာရာ -

"ဟာ... နောင်မင်းထူး"

"ကျော်ဝံကို..."



www.burmeseclassic.com

www.burmeseclassic.com



နောင်မင်းထူးနှင့် သင်တန်းအပတ်စဉ်အတူတက်ခဲ့သော သူငယ်ချင်းကိုတွေ့လိုက်ရသည်။

"မင်းဒီမှာတာဝန်ကျနေတာလား"

"ဟုတ်တယ်၊ဒီနှစ်မှပြောင်းလာတာ၊မင်းတို့တပ်ခွဲတွေရောက်နေတာကိုသတင်းဝင်တာနဲ့ထွက်လာတာ၊တရားခံကိုခြေရာခံမိပြီလား"

"ခြေရာတော့တွေ့ထားပြီးပါပြီ၊ ဆက်ပြီးလိုက်ဖို့ပဲရှိတယ်၊ တည်နေ ရာပစ်မှတ်တော့ မသေချာသေးဘူး"

"ဒါဘယ်လိုပူးပေါင်းရမလဲ နောင်မင်းထူး"

"တရားခံဟာ တစ်ယောက်တည်းဆိုပေမယ့် နောက်ခံဂိုဏ်းအင်အားကို သေသေချာချာတော့မသိရသေးဘူး။ မင်းမော်တော်နဲ့ ရွာကစက်လှေတွေနဲ့ ပေါင်းပြီးလိုက်ရမှာပဲကွာ"

"တရားခံ ဘယ်သူဘယ်ဝါဆိုတာရော သိပြီးပြီလား"

"မသိရသေးဘူးကျော်ဖံ၊ သူ့ရည်ရွယ်ချက်ကိုလည်း မသိရသေးပါဘူး"

"ဒါတို့အမြန်ဆုံး လိုက်ကြရအောင်"





"မင်းမော်တော်က လူအင်အားဘယ်လောက်ဆန့်လဲ"

"(၁၀)ယောက်တော့ရတယ်"

"ဒီလိုလုပ်ကွာ မင်းရဲဘော်သုံးဦးလောက်ကိုဒီမှာထားခဲ့ပြီး မင်းနဲ့ရဲဘော်(၃)ဦးလောက်ပဲလိုက်ခဲ့..."

"ကောင်းပြီလေ"

ကျော်ဖံ၊သူ့ရဲဘော်တွေကိုမှာစရာရှိသည်များကိုမှာပြီး မော်တော်လေးဖြင့်ထွက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com

[illegible]

"မင်းကို ဒီရွာကလူကြီးအကြောင်းပြောရဦးမယ်"

နောင်မင်းထူး ရွာလူကြီးဦးဆက်စမ်းနှင့်ပတ်သက်ပြီး ပြောပြလိုက်သည်။

"ငါလည်းကြားသင့်သလောက်တော့ကြားတယ်၊ နောင်မင်းထူး သူ့သားပဒီဆိုတဲ့ကောင် သူပုန်အဖွဲ့တွေနဲ့ အဆက်အသွယ်ရှိနေတာကို သတင်းတော့ရထားတယ်၊ ဒီအတွက် သက်သေခိုင်လုံအောင်တော့ စုံစမ်းနေတယ်"

မော်တော်လေးမှာ ချောင်းရိုးအတိုင်းမောင်းလာပြီး တစ်ကြွ





ကြီးနိုင်သော်တို့ နေရာကိုရောက်တော့မှ အားလုံးကိုခေါ်တင်ပြီး ရှေ့ဆက်ခဲ့ကြတော့၏။

"တရားခံဟာ သတို့သမီးကို ဒီအထိခေါ်ဆောင်ခဲ့တဲ့အနေအထားကိုကြည့်ရင် လူပုဂ္ဂိုလ်ရေးပေါ်မှာ အခိုကကျနေမလား"

"နာကြည်းချက်တစ်ခုကြောင့် တလွဲစားရေးတာမဟုတ်ရင် ငါ့ညီမင်္ဂလာပွဲကို ဖျက်စီးတဲ့သဘောပဲကွ"

"မင်းညီတော်မောင်နဲ့ တိုက်ရိုက်ပတ်သက်မှုမဟုတ်ရင် သတို့သမီးဖခင်နဲ့ တိုက်ရိုက်ပတ်သက်နေမှာ သေချာတယ်၊ ငါဘာလို့ပြောရသလဲဆိုရင် သတို့သမီးဖခင် ဦးခွန်လှုံတောဟာ တစ်ချိန်ကသေနတ်တစ်လက်နဲ့ ရက်စက်မှုသရဲမှုတောင်းခဲ့သူကွ…၊ သူ့ခေါ်မှာ မကျေနပ်ကြတဲ့သူတွေ၊ နာကြည်းခဲ့ကြတဲ့သူတွေရဲ့ လက်တုံ့ပြန်မှုလည်းဖြစ်နိုင်တယ်"

"မင်းပြောတဲ့(၂)ချက်ထဲက တစ်ချက်ကတော့ သေချာပေါက်ပါတယ်၊ ငါလည်းဒီလိုပဲတွေးထားတာ"

"ငါတို့တွေးထားသလိုဖြစ်ခဲ့ရင် တရားခံဟာ သေသေချာချာ



www.burmeseclassic.com

www.burmeseclassic.com



မြင်ထင်ပြီးမှ အကွက်ချပြီးလုပ်ခဲ့တာ သေချာနေပြီ... ငါတို့သူ့နောက်ကိုမီဖို့ကတော့ မလွယ်ဘူး... ဟူး...”

သက်ပြင်းကိုယ်စီ မှုတ်ထုတ်လိုက်ရတော့သည်။

“ရေမှာလှေတစ်စီးပါလား”

“တားလိုက်ရမလားဆရာ”

“အေးတားလိုက်၊ သဲလွန်စလေးရလို့ရငြား မေးကြည့်ရတာပေါ့”

မော်တော်ထိပ်မှရဲဘော်လေးမှာ လာနေသောလှေကိုလှမ်းတားလိုက်ကာ ခေါ်ဘေးချင်းယှဉ်ပြီး ကပ်လိုက်သည်။

“ဘာကိစ္စများလည်းဆရာ”

“မင်းဘယ်ကပြန်လာတာလဲ”

“ကူလူးရွာဘက်ကပါ၊ အဒေါ်တစ်ယောက်နေမကောင်းလို့ သွားပြီးကြည့်တာပါ”

“မင်းဘယ်ရွာကလည်း”

“တံငါစုရွာကပါ...ဆရာ”





“မင်းလမ်းမှာ ယောက်ျားလေးတစ်ယောက်နဲ့ မိန်းကလေးတစ်ယောက်ကိုတွေ့ခဲ့လား”

“တွေ့ခဲ့တယ်ဆရာ ကျူးရိုးချောင်းဘက်ကို လှေတစ်စင်းနဲ့သွားနေကြတယ်၊ မိန်းကလေးက သတို့သမီးဝတ်စုံနဲ့”

“ဟာ...ဟုတ်တယ်”

“ဘယ်အချိန်ကတွေ့တာလဲ”

“တွေ့လိုက်တာ သိပ်ပြီးမကြာသေးဘူးဆရာ”

“ကျေးဇူးပါကွာ”

“ဟုတ်ကဲ့...သွားခွင့်ပြုပါဦး”

“အေး... အေး...”

“ဗထီး ကျူးရိုးချောင်းအခြေအနေဘယ်လိုလဲ”

“ဆရာဒီချောင်းက ရေတိမ်ချောင်းနော်၊ သားကောင်ကြီးတွေပေါတယ်”

“ဘယ်လိုအန္တရာယ်ပဲရှိရှိ လိုက်ကြရမှာပဲကွာ”

နောင်မင်းထူးတို့ ဆက်ရသည့်ကျူးရိုးချောင်းဆီသို့ ဆက်လက်



www.burmeseclassic.com

www.burmeseclassic.com



ထွက်ခွာလာရင်း -

"ဟာ...ဟိုလူ ၂မည်ကိုမေးဖို့သတိလစ်သွားတယ်...ကျော်ဝံ"

"ဘာလဲနောင်မင်းထူး"

"ငါ့စိတ်ထဲမှာ စောစောကလူရဲ့စကားကိုသံသယဖြစ်မိတယ်"

"ဘာလို့လဲ"

"တရားခံဟာ ငါတို့နဲ့ဆို အချိန်ကွာမယ်ဆိုရင် ( ) နာရီ ကျော်လောက်မကကွာနေတယ်... စောနေဦး ဖထီး... ကူးရိုးချောင်းက ဘယ်လောက်ဝေးသေးလဲ"

"နောက်တစ်နာရီလောက်ဆို ရောက်ပြီ"

"ဒါဟာအဓိကကျဆုံး လွဲချော်မှုပဲ"

"အင်း မင်းခန့်မှန်းတာဖြစ်နိုင်တယ်... လမ်းလွှဲပြီးပြောသလို ဖြစ်နေပြီ...၊ ကလူးရွာနဲ့ ကူးရိုးချောင်းကဝေးလား"

"သိပ်တော့မဝေးဘူး ဆရာ"

"ဒီဂ၂နေ သွားရင် ကလူးရွာကိုအရင်ရောက်တာလား၊ ကူးရိုး ချောင်းကိုအရင်ရောက်တာလား"





"ကလူးရွာကိုအရင်ရောက်တာဆရာ"

"ဟာ...သေချာသွားပြီ...၊ ငါတို့ကိုလမ်းလွှဲလိုက်တာ...၊ စောစောကလူဟာ တရားခံနဲ့ပတ်သက်နေတဲ့ လူဖြစ်နိုင်တယ်၊ ပြန်ပြီးလှည့်လိုက်ရင် မမီနိုင်တော့ဘူး၊ ဒီကောင်ကမ်းတစ်ခုခုကိုကပ်ပြီးလစ်လောက်ပြီ"

"ဒီကောင့်ပုံစံအရဆိုရင် တရားခံကို ပြီးပြန်လာတဲ့သဘော ငါတို့ကလူးရွာကိုဝင်ကြရင်ကောင်းမယ်"

"ကူးရိုးချောင်းကိုမသွားတော့ဘူးလား ဆရာနောင်"

"မသွားတော့ဘူးဆရာနိုင်သော်၊ ကလူးရွာကိုကပ်မယ် ဖထီး ရွာကိုတွေ့တာနဲ့ ကပ်ခိုင်းလိုက်"

"ဟုတ်ကဲ့ဆရာ"

"တော်သေးတာပေါ့ကွာ၊ မင်းတွေးတာမြန်လို့ ကူးရိုးချောင်းကို ရောက်ပြီး မြွေတွေနဲ့ နပန်းသတ်ရမယ့်ကိန်းပဲ... ကူးရိုးချောင်းကို ရောက်တော့ မရောက်ဖူးဘူးသတင်းတွေကြားဘူးတယ်၊ မြွေဘုရင် ဘယ်ဆိုဟုတ်လားဖထီး"

www.burmeseclassic.com



“ဟုတ်တယ်ဆရာ ကျွန်တော်တို့မုဆိုးတွေတောင် မသွားရဲကြဘူး၊ သွားရင်လည်း အုပ်စုကောင်းမှသွားကြတာ၊ သားကောင်တွေတော့အရမ်းပေါတယ်...”

နောင်မင်းထူးတို့ကိုမြွေစာကျွေးလိုက်သလိုပင်...။



## အခန်း ၊ ၃ ၊

တောင်တန်းကုန်းမြင့်လမ်းပေါ်တွင်မြင်းတစ်စီးနှင့်လူ(၂)ယောက်မှာကြိုးကြာနီနှင့်စေတနန်းမြူးလူလူတို့ပင်၊ တောင်တန်းဒေသများတွင်နွေရာသီညဘက်တွင် အေးသလောက်နေ့ဘက်တွင် နေပူရှိန်ပြင်းလှသည်။ ပြီးတော့ ဖြတ်ကျော်လာသောနေရာက ပင်လယ်ပြင်ကြီးလိုသစ်ပင်သစ်ရိုင်ကရှားပါးလှသည်။ ကျောက်တောင်ကျောက်ဆောင်အရိုင်တွေလောက်သာရှိသည်။ မြင်းပေါ်ရှိလူနှစ်ယောက်မှာ နေပူဒဏ်ကြောင့်ချွေးစေးများတောင်ကျနေလေပြီ။

“ဒီနေပူထဲဆက်ပြီးသွားနေရင် မသာပေါ်မယ်..”



www.burmeseclassic.com

www.burmeseclassic.com



မြူးလှလှ နေပူဒဏ်ကို အလူးအလဲခံရင်း ဒေါသတွေထွက်နေတော့၏။

"ဒီနေရာမှာ နားဖို့အရိပ်ကောင်းကောင်းမရှိသေးဘူး၊ သည်းခံပြီးနေလိုက်ပါဦး"

"ရှင့်ကို သည်းခံချင်လို့ သည်းခံနေတာမဟုတ်ဘူးနော်၊ ဖြစ်နိုင်ရင် အရှင်လတ်လတ်ကို ဝါးစားချင်တာ"

"ဘီလူးစိတ်များပေါက်သွားပြီလား...ဟား...ဟား...ဟား"

"ရှင် မရယ်နဲ့နော်"

"ဘယ်နှယ့်ကြောင့် ရယ်တာကို ပိတ်ပင်နေရတာလဲကွာ၊ မရယ်နဲ့ဆို မရယ်တော့ပါဘူး"

"ကျွန်မ ဒီနေပူဒဏ်ကို မခံနိုင်တော့ဘူး၊ ဖြစ်ချင်ရာဖြစ်၊ ကျွန်မ ခုန်ဆင်းပြီး အသေခံတော့မယ်၊ ရှင်...ဒါဘာသုပ်တာလဲ၊ စု ဖက်ထားတာကိုလွှတ်နော်"

"မင်းသေလို့မဖြစ်သေးဘူး မြူးလှလှ၊ ငါ့အပေါ် မင်းအသက်ရှင်ပေးရဦးမယ်၊ မင်းကို တဏှာစိတ်နဲ့ဖက်ထားတာ မဟုတ်ဘူး၊ မင်းခုန်ဆင်းမှာကို တားမြစ်ထားတာ"

"ရှင်ဖက်ထားတာကို လွှတ်လိုက်၊ ကျွန်မ ခုန်မဆင်းဘူး"

"မင်းစကားကို မယုံချင်ဘူး"

"ရှင်ယုံတာ၊ မယုံတာကို ဘေးမှာထား၊ အသက်ရှူကျပ်နေပြီ၊ နေပူတာက တစ်မျိုး၊ ရှင်ဖက်ထားလို့ အသက်ရှူကျပ်တာက တစ်မျိုးနဲ့ ခံပြည်ကို ရောက်နေတာထက် ဆိုးနေပြီ ရှင့်..."

"ဒီလောက်ဆို အဆင်ပြေလား"

ဖက်ထားသောလက်ကို လျှော့ပေးလိုက်သည်။

"ကြောက်တတ်ရင် မျက်လုံးမှိတ်ပြီးသာ လိုက်ခဲ့တော့၊ တောင်ပေါ်ကနေ ခုန်းဝိုင်းပြီးဆင်းရမှာ"

"အို...အမေ့..."

တောင်အောက်ခြေကိုလှမ်းကြည့်ပြီး မြူးလှလှ မျက်လုံးမှိတ်ခဲ့တင်မက ကြိုးကြာနီကိုပါ ဖက်ထားလိုက်တော့သည်။

"ခွပ်...ခွပ်...ခွပ်...ခွပ်...

ကြိုးကြာနီမြင်းကိုကျွမ်းကျင်စွာစီးပြီး ဆင်းလာခဲ့သည်။







www.burmeseclassic.com

www.burmeseclassic.com



"ဟီ...အီ..."

တောင်ခြေအောက်မြေကိုရောက်သည်နှင့်မြင်းဇက်ကြိုးသတ်ပြီး ရပ်လိုက်သည့်နေရာက ရေအိုင်ကြီးတစ်ခု၊ ပြီးတော့ ကျောက်ဆောင် ကြီးတစ်ခုမှာ အပေါ်မှမိုးထားသကဲ့သို့တွေ့လိုက်ရသည်။

"ခြူးလှလှ ...ကျောက်ဆစ်ရေအိုင်ကြီးပဲ၊ သွားပြီးသော လိုက်၊ မင်း နွမ်းသမျှတွေ ပြေလျော့သွားမယ်"

"ဟယ်..."

ကြိုးကြာနီပြောသလိုပင် ကျောက်ဆစ်ရေအိုင်ကလေးမှ ကိုလက်ခုပ်ကလေးနှင့်ယူသောက်လိုက်သည်နှင့်ရင်ကိုအေးမြသွား စေသည်။ ပြီးမှ မျက်နှာသစ်၊ ကိုယ်လက်သန့်စင်ပြီး ကျောက်ဆောင် ကြီးအောက်ကိုပြန်ဝင်လာသည်။

"ရော့...မင်းဗိုက်ဆာနေရောပေါ့၊ စားလိုက်"

ကြိုးကြာနီ...ငှက်ပျောဖက်နှင့်ထုပ်ထားသော အထုပ်က ကို လှမ်းပေးလိုက်သည်။ ခြူးလှလှ ဘဝတွင် ခုလို ငှက်ပျောဖက်နှင့် စားသောက်ရသည်မှာ ပထမဦးဆုံးပင် စားရမှာကိုမဝံ့။





"ရွှေလင်ပန်း၊ ငွေလင်ပန်းနဲ့ ညည့်မခံနိုင်တာ စိတ်မကောင်းပါ ဘူး ခြူးလှလှ၊ ရှုံမနေပါနဲ့၊ စားစရာရှိတာသာ စားပါ"

ခြူးလှလှမစားဘဲနေလျှင် အားပြတ်ပြီးတော်ရုံရိုမှာမို့ရှုံမနေတော့ ပဲ အထုပ်လေးကိုဖြေကြည့်လိုက်ရာ ကောက်ညှင်းနှင့် ငါးခြောက်ဖုတ် လေး၊ တကယ်ဆို ခြူးလှလှအိမ်တွင်မွေးထားသော ခွေးကိုတောင် ဒီလိုအစားအသောက်မျိုးမကျွေးခဲ့ပေမယ့် ခြူးလှလှစားရမှာဖြစ်သော ကြောင့် မျက်ရည်ပင်ကျပါလေသည်။

"မင်းတို့လိုလူတန်းစားတွေအတွက်တော့ ကောက်ညှင်းနဲ့ ငါးခြောက်ဖုတ်ဟာ ခွေးစာလောက်တောင် မကောင်းပေမယ့် ငါတို့လို လူတန်းစားတွေအတွက်ကတော့ အကောင်းဆုံးအာဟာရတစ်ခုပဲ၊ ဝမ်းဘက် ကမင်းကိုကျွေးနိုင်တာ ဒီလောက်ပဲရှိတယ်၊ အားပြတ်မသွား အောင် စားနိုင်သလောက်စားပါ၊ တေနန်းခြူးလှလှ"

ခြူးလှလှဗိုက်ဆာနေသဖြင့် စားနိုင်သလောက်စားမယ်ဆိုပြီး ကောက်ညှင်းလေးကိုဆုပ်ကိုင်ပြီး စားလိုက်သည်၊ တစ်လုပ်တစ်ဆုပ်ပဲ စားလို့ရမယ်လို့ထင်ထားသော ခြူးလှလှပါးစပ်တွင်အရမ်းကိုစားကောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဇကာလေးနှင့်ကုန်သွားသည် စားရတာမဝ...။ ကြိုးကြာနီက သူ့အထုပ်ကိုမစားသေးပဲကြည့်နေ၏။

"ရှင်ကမစားဘူးလား"

"မင်းမျက်ရည်ကျတာကို မြင်ရလို့ စားချင်စိတ်တောင်မရှိတော့ပါဘူး၊ မင်း မဝဘူးထင်တယ်"

"ဝပါတယ်"

"ရော့စားလိုက်ပါဦး...၊ ငါရေသွားခပ်ဦးမယ်"

ကြိုးကြာနီ သူ့အထုပ်ကလေးကိုပေးပြီး ရေဘူးလေးနှင့် ရေသွားပြီးခပ်လိုက်သည်။ ဖြူးလူလူသူ့ကိုသူ ပြန်ကြည့်ပြီး ရုက်မိနေသည်။ သူဌေးသမီးတစ်ဦး၊ ဒေါက်တာမတစ်ဦးရဲ့ ဘဝနှင့် ဘာမှမသက်ဆိုင်သလို...။

"ရော့...ရေသောက်လိုက်...ဒီကနေနေအေးမှ သွားတော့မယ်၊ မင်းကိုမြင်ရတာ စိတ်ပင်ပန်းတယ်"

"ရှင့်နောက်ကိုလိုက်လာမယ့်သူတွေ မီသွားမှာမစိုးရိမ်ဘူးလား"

"သူတို့တွေ မီအောင်လိုက်လာနိုင်မယ်လို့ မင်းထင်နေတယ်





ပေါ့တော့လား"

"ထင်ရုံတင်မကဘူး ယုံကြည်နေတာ"

"စောနန်းဖြူးလူလူ မင်းသတို့သမီးဝတ်စုံကရင်ထိုးနှင်းဆီပွင့်လေးကိုချထားပေးခဲ့တာ ငါမသိဘူးလို့ထင်နေတာကို..."

"ဟင်"

"အနန်းအိမ်မှာ မင်းသတို့သမီးဝတ်စုံကြီးကို အိမ်ရှေ့တန်းမှာ ထမင်တင်ထားခဲ့တာလည်း ငါသိပါတယ်၊ အနန်းဟာရိုးသားတယ်၊ ဒါပေမယ့် သစ္စာရှိတဲ့ လူမျိုးတွေ ငါ့နေရာကို ဘယ်တော့မှ ပြောမှာမဟုတ်ဘူး...၊ နောက်ကလိုက်တဲ့သူတွေ ဘယ်လောက်ဒုက္ခတော်သလဲဆိုတာကို စောင့်ကြည့်ရတာပေါ့လေ...၊ ကဲပါ မင်းအိပ်ချင်တဲ့ဆန္ဒရှိရင်မေ့လိုက်ပါ..."

"ဝေါ..."

"ဟယ်"

တိုက်ခတ်လာသော လေပြင်းကြီးကြောင့် မျက်နှာတွင် ကျိန်းစပ်စပ်ဖြစ်သွားပြီး...



www.burmeseclassic.com

www.burmeseclassic.com



"မင်းမျက်လုံးမဖွင့်နဲ့…ရေခေါင်းကိုဖြုတ်လိုက်"

"ဝေါ…ဖြန်း…ဖြန်း"

မြူးလှလှရှေ့တွင် ကြိုးကြာနီထိုင်ပြီး လေကိုကာပေးထားသည်၊ လေကကျောက်ဆောင်နံရံကို ထိတွေ့နေသံသည် မိုးရေပက်ဖြန်းနေသလားဟု ထင်ရသည်၊ တော်တော်ကြာတဲ့ထိ တိုက်တော်ပြီးမှ ရပ်သွားသည်၊

"ရပြီ…ဖွင့်လိုက်တော့"

"ဟယ်"

မြူးလှလှကိုယ်ပေါ်မှာရော အေးဘက်တွေမှာပါ သဲနီတွေကို မြင်လိုက်ရသည်၊

"သဲနီလေပွေတိုက်တာပါ"

"ရှင့်မြင်းလဲနေတယ်"

"ဟာ…"

ကြိုးကြာနီတို့စီးလာခဲ့သော မြင်းကြီးမှာ သဲနီလေပွေဒဏ်ကြောင့် မြေပြင်တွင် ခွေလဲနေသည်၊ ကြိုးကြာနီ မြင်းကြီးဆီသို့သွားတော့မှ သူ့ကျောပြင်ကိုကြည့်မိသည်၊





"ဟယ်"

မြူးလှလှကိုလေကွယ်ပေးထားသော သူ့ကျောပြင်တွင် သဲတွေကြောင့်ညိုနေလေသည်၊ သူဝတ်ထားသောအင်္ကျီကိုချွတ်ပြီး မြူးလှလှ ခေါင်းပိုင်းကိုဖြုတ်ပေးခြင်းကြောင့် ရလိုကျောပြင်ပေါ်မှာ ညိုမဲခြင်းဖြစ်သည်ကိုစိတ်မကောင်းဖြစ်ပေမယ့်…

"သူခေါ်လာတာပဲ၊ သူကာကွယ်ပေးရမှာပေါ့…"

ကြိုးကြာနီမြင်းကြီးကိုကျောက်အိုင်ထဲမှရေနှင့်ပွတ်သပ်ဆေးကြောပေးပြီး…ကျောက်ဆောင်ဘက်ကိုပြန်ဝင်လာသည်၊

"မြင်းနဲ့တော့သွားလို့မရတော့ဘူး၊ ခြေလျင်ပဲသွားရတော့မယ် ဒီတောင်ကြီးကိုရှာထိအောင်ခေါ်သွားပြီးမှ ပို့နိုင်းလိုက်တော့မယ်"

"ရှင်ကျွန်မကိုခေါ်သွားမယ့်ရွာက ဝေးသေးလား"

"မြင်းနဲ့သွားမယ်ဆိုရင် လေးနာရီလောက်တော့သွားရမယ်၊ ဒီတို့ ညနေစောင်းလောက်သွားရင် ရွာကိုမှောင်စပျိုးလောက်တော့ ရောက်နိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခြေလျင်သွားရင်ဒီလောက်ခရီးကြီးကိုကျွန်မဘယ်လိုသွားရမှာလဲ၊ ရှင်ညှည်းဆဲပြီးသတ်မနေနဲ့၊ ရှင့်သေနတ်နဲ့တစ်ချက်အပစ်ခံပြီးသေတာမှကောင်းဦးမယ်"

"မင်းဘာလို့သေချင်တဲ့စကားတွေကို ပြောနေတာလည်း စောနန်းမြူးလှုလှုမင်းကိုငါသတ်ဖို့ခေါ်လာတာမဟုတ်ဘူး"

"ဘာအတွက်ဆိုတာမသိဘဲ ပါလာရတာပိုပြီးတော့ ခံပြင်းရိုကောင်းတယ်၊ ရှင်ကျွန်မကိုကမ္ဘာတစ်ဖက်စွန်းထိများခေါ်သွားဦးမှာလား"

"ငါခေါ်သွားမယ့်နေရာကိုနောက်ကလိုက်ကြမယ့်သူတွေတစ်နေ့တော့သိကိုသိစေရမယ်၊ မင်းလမ်းမလျှောက်ရပါဘူး၊ တွေးပြီးစိတ်ဓာတ်မကျပါနဲ့"

"ရှင်ကုန်းပိုးပြီးခေါ်သွားမလို့လား"

"မင်းလိုက်ချင်ရင်ခေါ်ရမှာပေါ့"

"ရှင်နဲ့ပူပူးကပ်ကပ်လိုက်ရမှာကို စိတ်ပျက်တယ်၊ လမ်းပဲလျှောက်ပါရစေတော့"





"သဘောကျဖို့ကောင်းပါတယ်၊ မင်းတို့ဘဝမှာ ငွေကြေးနေဝုက်ရှိတဲ့သူမှ လူလို့ထင်ထားတာကို... ငါတို့လိုကျောမွဲလူတန်းစားတွေကို မင်းတို့ကျေးကျွန်တွေလောက်ပဲ သတ်မှတ်ထားတာပဲ၊ စောနန်းမြူးလှုလှု..."

စောနန်းမြူးလှုလှုအနေဖြင့် ကြိုးကြာနီကိုအမြင်ကတ်ကတ်နှင့်သာ ပြောလိုက်ခြင်းဖြစ်ပြီး ကြိုးကြာနီပြောသလို လူတန်းစားခြားဆက်ဆံတတ်သောစိတ်ဓာတ် မြူးလှုလှုမှာမရှိခဲ့ပေ...။

စာရာဝန်အလုပ်တာဝန်ကိုတောင်မြို့ဆေးရုံတွေမှာမလျှောက်ဘဲ မဖွံ့ဖြိုးသေးသောဒေသတွေ ကိုတမင်ရွေးပြီး လျှောက်ခဲ့သူဖြစ်သည်၊ ဒါပေမယ့် သူမစဉ်နှင့်မိစဉ်တွေကတော့ နေဂုဏ်မောက်သူများဖြစ်သည်၊

"အီး...အီး...ဝူ..."

"ဟင်...ဟင်"

မနွ ာစ်ကောင်အော်ညည်းသံလိုကြားလိုက်ရသဖြင့် -

"မင်းဒီမှာနေဦး ငါရှာလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မပါလိုက်မယ်"

"သဘောပဲ"

ခြေလှလှမှာတစ်ယောက်တည်း နေခဲ့ရမှာကို စိတ်ထဲမှ မလုံသလိုဖြစ်သဖြင့်ကြိုးကြာနီနောက်လိုက်ခဲ့သည်။



"အီ...အီ...ဂု...ဂု..."

ငှေးညည်းသံကိုကြားနေရပြီးအကောင်ကိုမတွေ့...။

"အသံကဒီနားကကြားနေရသလိုပဲနော်"

"အင်း"

ခြေလှလှပါရောပြီးငှေးကိုရှာနေမိသည်။ စိတ်ထဲမှာကြိုးကြာနီ[illegible]လာသည်ကိုစကာမေ့သွားသလိုပင်...။

"ဟုတ်ပြီ"

သစ်ပင်ပိုင်းပြတ်ခြောက်ကြီးကို သဲတွေဖုံးပြီး ထိုအောက်ထွက်ပေါ်နေသောအသံပင်ဖြစ်သည်။

www.burmeseclassic.com



"နေပူတယ် ဟိုအရိပ်ကနေ သွားပြီးရပ်နေပါ"

မြူးလှုလှုကိုသွားနိုင်းပြီး ကြိုးကြာနီ သစ်ပိုင်းခြောက်ကြီးအော မှ သဲများကို ဖယ်ထုတ်လိုက်သည်၊ နေပူထဲမှာ... ချွေးသံရွဲရွဲနှင့်... လုပ်ကိုင်နေသည်ကိုကြည့်ပြီး...

"ဘယ်လိုလုလည်းမသိပါဘူး...၊ နေပူတာကိုလသာတယ်များ မှတ်နေသလားမသိဘူး"

"ဒါ...."

သဲတွေတော်တော်များများကို ဖယ်ထုတ်ပြီးသည်နှင့် ခွေးဖြူ လေးတစ်ကောင်ကို သစ်ပိုင်းခြောက်ကြီး၏အခေါင်းထဲမှ ဆွဲထုတ်လိုက် သည်၊ ခွေးဖြူပုကလေးဖြစ်သည်၊

BURMESE CLASSIC

"ချစ်စရာလေးပဲနော်"

"ဒီခွေးတွေကို သိုးထိန်းခွေးလို့ခေါ်ကြတယ်၊ ဟိုအရင်ကသိုး ကျောင်းတဲ့သူတွေ မွေးကြတာ"

"ပိုင်ရှင်ရှိမှာပေါ့"

"ပြောလို့တော့မရဘူး၊ တောထဲမှာနေတဲ့ ခွေးလည်းဖြစ်နိုင်





တယ်၊ ရွာကနေ မျက်စိလည်ပြီး ရောက်လာတာလည်း ဖြစ်နိုင်တယ်၊ တဲပုတ္တိုလ်မင်းကို ကယ်ပြီးသွားပြီ သွားလိုရာကိုသွားတော့..."

ခွေးဖြူလေးမှာ အမြီးကလေးလှုပ်ပြီး ကျွန်မနားကိုလာပြီး ကပ် နေသည်၊

"လူနဲ့နီးနီးကပ်ကပ်နေဘူးတဲ့ ခွေးနဲ့တူတယ်၊ ရှင်ခေါ်သွားလို့ ရဘူးလား"

"သူလိုက်ချင်လိုက်ခဲ့မှာပဲ"

ကျောက်ဆောင်အောက်တွင် မြူးလှုလှုအတွက် ခွေးလေးနှင့် အဖော်ရတော့သည်၊ နဂိုထဲက ခွေးချစ်တတ်သော မြူးလှုလှုအတွက် အဆင်ပြေသွားသည်၊

"ဟယ်"

ကြိုးကြာနီကျောပြင်တွင် သွေးကလေးတွေကိုတွေ့လိုက်ရသည်၊

"ရှင့်ကျော်မှာ သွေးစတွေ ထွက်နေပြီ"

"သဲစတွေရှပြီး ပေါက်နေတာနေမှာပေါ့"

"ရေသွားဆေးလိုက်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"နေပါစေတော့ ဒီဒဏ်ရာလောက်က ဘာမှမဖြစ်လောက်ပါဘူး၊ မသေနိုင်ပါဘူး..."

"ရှင်သေလို့မဖြစ်ဘူး"

"မင်းစိုးရိမ်ပေးတာတော့မဟုတ်ပါဘူးနော်"

"ရှင့်ကိုစိုးရိမ်ပေးရမယ့်အကြောင်းတစ်ခုမှမရှိဘူး၊ ရှင်သေလို့မဖြစ်ဘူးဆိုတာ ခုနေရှင်သေသွားရင် ကျွန်မတစ်ယောက်တည်း ဘယ်သွားလို့ဘယ်လာရမှန်း မသိဖြစ်မှာစိုးလို့ပြောနေတာ"

"ဟား...ဟား...ဟား..."

"ရှင်မရယ်နဲ့"

၆၊ "လုပ်ပြန်ပြီ... မင်းဆီကရယ်မောခွင့်လိုင်စင်ယူရမယ့်ကိန်းတော့ ဆိုက်နေပြီ...၊ မင်းနဲ့ငါ အပေးအယူလုပ်ကြရင်ကောင်းမယ်"

"ဘာအပေးအယူလဲ ပြောကြည့်ပါဦး"

"မင်းကငါ့ကို ရယ်မောတာမကြိုက်သလို ငါကမင်းမျက်ရည်ကျတာကို မမြင်ချင်ဘူး"

"ရှင့်နောက်ကိုပျော်ပျော်ရွှင်ရွှင်နဲ့လိုက်ရမယ့်သဘောလား"





"မင်းငါ့ကို နာကျည်းမုန်းတီးနိုင်တယ်၊ ဒါပေမဲ့ မင်းမျက်ရည်တော့ ပါနဲ့လေ"

"ရှင် ရယ်ရင်ကျွန်မမျက်ရည်မကျဘူး"

"အပေးအယူ သဘောတူညီမှုရသွားပြီနော်...၊ တစ်ခုတော့ခွင့်ပြုပါ"

"ဘာကိုလည်း"

"ပြုံးခွင့်လေးတော့ပေးပါ"

"ရှင်ပြုံးနိုင်ပါတယ်၊ ဒါပေမဲ့ ငါအနိုင်ယူရတယ်ဆိုတဲ့အကြည့်မျိုးတော့ မပြုံးမိပါစေနဲ့ ကြိုးကြားနိ"

"ကောင်းပါပြီ ဒေါ်စေတနန်း ခြူးလှုလှု..."

တစ်ယောက်နှင့်တစ်ယောက် အသက်ချင်းသိပ်ကွာမည် ၇ တော့မပေါက်၊ နောက်ထပ်စကားတွေ မပြောမိကြပဲ ခြူးလှုလှုကသာ ခွေးဖြူလေးနှင့် စကားပြောနေသည်။

"သွားကြရအောင်..."

"ရှင်သွားမယ်ဆိုကျွန်မမလိုက်ဘူးပြောလို့မှမရတာ"



www.burmeseclassic.com

www.burmeseclassic.com



ကြိုးကြာနီမြင်းကို သစ်ပင်မှဖြုတ်ယူလာပြီး။

"မင်းမြင်းဖေါ်တက်"

"မြင်းကစီးလို့မရဘူးဆို"

"သူ့ကိုစီးပြီးသွားလို့မရတာ၊ မင်းတစ်ယောက်လောက်ကသူ့ကျောပေါ်မှာ တင်ပြီးတော့ ခေါ်နိုင်ပါတယ်"

"ဟိုရွာကလေးကရော"

"သူကငါနဲ့အတူ ခြေလျင်ပဲလေ..."

မြူးလူ့လူ့ခါးကလေးကိုကိုင်ပြီးမြင်းပေါ်တင်ပေးလိုက် သည်။ သူ့ဘဝတွင် ယောကျ်ားလေးတစ်ယောက်၏ကိုင်တွယ်မှု၊ ဖက်တွယ်မှုနီးကပ်စွာနေထိုင်မှုတို့သည် ကြိုးကြာနီနှင့် ပထမဦးဆုံးဆိုရမည်။

ညဒနခင်းလေပြေကလေးတွေဟာ တစ်နေ့လုံးပူလောင်ခြင်းတွေကိုပြောင်းလဲပေးလိုက်သလို...။

မြင်းပေါ်မှ ခရီးတော်တော်ဝေးဝေးကိုလိုက်ပါလာရင်း... စိတ်ထဲမှာ အားနာသလိုဖြစ်မိလာသည်။

ဘာလို့အားနာရမှာလဲ သူကဖမ်းလာတဲ့သူပဲ၊ သနားစရာ အား





နာစရာမလိုဘူး...။

"မင်းပါးစပ်က ပွစိပွစိနဲ့ ငါ့ကိုမေတ္တာပို့နေတာလား"

"ဟုတ်တယ်"

"လူတစ်ယောက်နဲ့တစ်ယောက်ဆုံတယ်ဆိုတာ ရေစက်ပေါ်ဘဲမဆုံကြပါဘူး"

"ရှင်လိုလူနဲ့ရေစက်ပါခဲ့ရင်အကုသိုလ်ရေစက်ကြောင့်ပဲဖြစ်မယ်"

"အင်းလေ မင်းမုန်းတီးမယ်ဆိုရင်လည်း မုန်းတီးသင့်ပါတယ်၊ မင်းရဲ့မင်္ဂလာဦးညလေးကို ငါကဖျက်လိုက်တာကိုး..."

"ရှင်ဝင့်လည်မှာကို မကြောက်ဘူးလား"

"ငါ့အတွက်ဝင့်လည်စရာမှမရှိတာ...၊ ငါဆိုတဲ့အကောင်အတွက် ဘဝဖော်ဆိုတာမရှိဘူး..."

"ဒါကြောင့်ရှင်က နလုံးသားမဲ့တဲ့အလုပ်တွေကို လုပ်ခဲ့တာပေါ့ သုံ့ပါတယ်"

"မင်းစွပ်စွဲချက်က ဒိုင်ကိုပြင်းထန်တယ်...၊ ရပါတယ်ကွာ...၊ မင်းသတ်မှတ်သလို ထားလိုက်ပါတော့"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ကျွန်မကိုဘာကြောင့်ဖမ်းလာခဲ့သလဲဆိုတာကိုပြောပြ

"ခရီးဆုံးတဲ့နေရာကိုရောက်တဲ့အခါသိစေရမယ်"

"ရှင်စိတ်ရောဂါသည်တော့မဟုတ်ပါဘူးနော်"

မြူးလူလူစကားလေးကို ကြိုးကြာနီတို့ပြန်ခြင်းမပြုဘဲ ခပ်ပြုံး ပြုံးလေးနှင့်ကြည့်နေသည်။

ညနေဆည်းဆာကလေးသည် တဖြည်းဖြည်းနှင့် ပြောင်း နေပြီဖြစ်သည်။ ခွေးဖြူကလေးမှာ ရှေ့ကိုပြေးသွားပြီး စောင့်နေလို အနောက်ကနေ ပြေးလာလိုက်နှင့် ပျော်ရွှင်နေပုံပေါက်၏... မြူးလူ တို့နှင့် ဆုံစည်းကြဖို့ရေစက်ပါလာသူထဲမှာ ခွေးဖြူကလေးလည်းပါ သလို...။

နေ၏အရောင်လုံးလုံးပျောက်ကွယ်သွားသည်နှင့်အမှောင် မှာစိုးမိုးလာနေလေပြီ... သွားနေသောလမ်းခရီးပေါ်မလျှောက် သစ်ပင်ကြီးတွေကိုမတွေ့ရဘဲကန္တာရလမ်းတစ်ခုကိုသွားနေရသည် တူနေသည်။ တောင်တန်းကြီးတွေ၊ ကျောက်ဆောင်ငူကြီးတွေ၊ မြင့်ကြီးတွေကိုဖြတ်သန်းသွားနေကြရသည်။





"ဟီး... အေးစိမ့်နေပါလား"

အရှေ့ဘက်ဆီမှ တိုးဝှေ့လာသောလေကြောင့် အေးစိမ့်၍သွား လေသည်။ ကျွန်မတို့လာခဲ့ကြသည့်အချိန်ကိုတွက်ကြည့်မယ်ဆိုရင် လေးနာရီနီးပါးလောက်ရှိနေပြီ... တစ်ချက်လေးမှ နားခဲ့ခြင်းမရှိသေး ပေ... မြူးလူလူကတော့ မြင်းပေါ်ကလိုက်ပါခဲ့သူဆိုတော့ ညောင်းညာ ခြင်းမရှိတာတောင် တင်ပါးတွေပူနေလေပြီ... မြင်းကိုဆွဲပြီးသွားနေတဲ့ ကြိုးကြာနီဆိုအတော်လေးကိုပင်ပန်းနေမှာပဲဟု တွေးမိသည်။

သူ့ကိုသနားဖို့မလိုဘူး... ခွေးဖြူလေးပဲသနားတယ်၊ မြူးလူလူ အတွက်ပြဿနာကတော့ ဗိုက်ဆာလာခြင်းပဲဖြစ်သည်။ နေ့လည်တ ကိုစားထားသူတောင်ဒီလောက်ဆာနေရင် ဘာမှမစားခဲ့သောကြိုးကြာနီ ဘယ်လိုနေမလဲ။

"အို...၊ သူ့အကြောင်းကို ခေါင်းထဲထည့်ထားစရာမလိုဘူး ဆာ ရုံမကလို့ လဲပြီးသေသေ...၊ အဲ... သူသေလို့မဖြစ်သေးဘူး၊ ခုချိန်သေသွားလျှင် ဒီအမှောင်ထုကြီးထဲမှာ သွေးပျက်ပြီးသေမှာ..."

"ဟယ်... ရေစက်တွေများလား"



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပေါ်မှာတင်နေသောရေစက်လေးတွေကိုစမ်းကြည့်တော့ ရေခဲပွင့်တွေလားမှတ်ရသည်။ ခေါင်းပေါ်တွင် ကြိုးကြာနီအကျီလေးကို တင်ထားသောကြောင့် ရေခဲစက်တွေခေါင်းခေါ်ကို မရောက်တာ တောင်အေးစက်နေသည်။ လက်ချားတွေဆိုရင် ထုံကျင်သလိုတောင် ဖြစ်နေလေသည်။

ကြိုးကြာနီသူ့လက်ထဲမှ ဓါတ်မီးနှင့်ထိုးပြီး သွားနေရင်းမှ ထိုးထိုးထောင်ထောင်နှင့်သုသာန်လိုလိုနေရာ တစ်ခုကိုတွေ့လိုက်ရပြီး ဇရပ်အိုကြီးတစ်လုံးကိုပါ ဓါတ်မီးရောင်အောက်တွင် မြင်တွေ့လိုက်ရသည်။

"ဆက်ပြီးသွားရင် ရေခဲတုံးတွေဖြစ်သွားမယ်၊ ဒီဇရပ်မှာ ညအိပ်ကြရမယ်မြင်းပေါ်ကဆင်းတော့"

"ကျွန်မမဆင်းရဲဘူး..."

"လက်ကိုပေး...."

ဒီတစ်ခါကျွန်မကိုယ်တိုင်ကြည်ကြည်ဖြူဖြူလက်ကိုလှမ်းပြီး ပေးလိုက်ခြင်းဖြစ်သည်။





"ဒါသချိုင်းကုန်းကြီးလား"

"ဟုတ်တယ်...မင်းသရဲကြောက်တတ်လို့လား"

"အင်း"

မြူးလှလှဆရာဝန်တစ်ဦးသာဖြစ်ပေမယ့် သရဲတစ္ဆေကတော့ မယ်ကြောက်ကြောက် သိပ်အကြောက်ကြီးတော့မဟုတ်ပါ။

"ဒီသချိုင်းက သချိုင်းပျက်ကြီးပါ၊ ဟိုးဒုတိယကမ္ဘာစစ်လောက် တုန်းက ရှိခဲ့တာ...၊ အရင်ကဒီနားမှာ ရွာတွေရှိတယ်၊ ရာသီဥတုဒဏ်ကြောင့် ရွာပျက်သွားပြီး....၊ ကွင်းပြင်ကြီးတစ်ခုလိုဖြစ်သွားတာ"

ဇရပ်ပေါ်သို့တက်တော့ ဇရပ်ဟောင်းကြီးဆိုပေမယ့် ပျက်စီးမှု တွေသိပ်ပြီးမရှိလှ...."

"လေကွယ်တဲ့ဘက်မှာ နေရာယူ"

မြူးလှလှသူ့နေနိုင်းတဲ့နေရာလေးမှာ ထိုင်ချပြီးတိုင်ကြီးကို မှီနေလိုက်သည်။

"မင်းဗိုက်ဆာနေရောပေါ့"

"ရှင်မေးမှတောင်မလိုဘူး...၊ တစ်နေ့လုံးတစ်ခါပဲစားထားရတာ



www.burmeseclassic.com

www.burmeseclassic.com



ဆာတာပေါ့၊ ရှင်ဒီဓရီးကိုခေါ်လာမယ်ဆိုရင်ကြိုတင်ပြီးပြင်ဆင်ထား

ဖို့ကောင်းတယ်၊ ခုတော့အစာငတ်ရေငတ်နဲ့ခေါ်လာသလိုပဲ…၊ တမင်

ကြံရွယ်ထားရင်တော့လည်းရှင့်လက်ထဲကလူပဲလေ…"

မြူးလူလူ ဗိုက်ကဆာဆာ ဒေါသဖြစ်ဖြစ်နှင့် ပြောဆိုလိုက်

တော့၏။

"မင်းတစ်ယောက်တည်းနေရဲလား"

"မနေရဲဘူး"

"မနေရဲဘဲ ငါ့ကစားသောက်ဖို့ဘယ်လိုသွားရှာမလဲ၊ ဆရာ

တစ်ယောက်လုပ်ပြီး သရဲကြောက်ရတယ်လို့…"

"ဆရာဝန်ကဆရာဝန်ပဲ သရဲကြောက်တာကကြောက်တာ

ဘာမှမဆိုင်ဘူး"

"ဝုတ်…ဝုတ်…"

"ဟာ…ငါ့ကောင်ဘာတွေလာလို့လဲကွ"

ကြိုးကြာနီဘောင်းဘီလေးကို ခွေးဖြူလေးကိုက်ဆွဲပြီး

နေရာရာကိုခေါ်နေသလို…





"မင်းလိုက်ချင်လိုက်ခဲ့"

"လိုက်မယ်"

ဇရပ်ပေါ်မှာ တစ်ယောက်တည်းနေရမှာတော့ မနေဝံ့သဖြင့်

မြူးလူလူပါနောက်ကနေ လိုက်ခဲ့သည်၊ ခွေးဖြူကလေး ဂူပျက်တွေ

ကြားထဲက ခေါ်သွားပြီး ဂူတစ်ခုရှေ့တွင် ရပ်သွားသည်၊

"ကျီ…ကျီ…"

ဂူပျက်ထဲမှ တီရှူးသံကို နားစွင့်ပြီး –

"မင်းဓါတ်မီးကိုင်ပြီး ထိုးထား"

ကြိုးကြာနီလက်ထဲမှ ဓါတ်မီးကိုယူပြီးထိုးပေးထားလိုက်

သည်၊

"ကျီ…"

"ဟယ်…ယုန်လေး…"

"ကျီ…ကျီ…"

ဂူပေါက်ထဲမှ ယုန်လေး(၃)ကောင်ကိုကြိုးကြာနီဖမ်းယူလိုက်

သည်၊



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပဲကွာ…၊ မင်းသိပ်ပြီးတော်တယ်…၊ မင်းအတွက်ညစာ ရပြီ ယုန်သားစားရဲတယ်မဟုတ်လား"

"အစုရှိန်မှာယုန်သားတင်မကဘူး လူ့သားပါစားရဲတယ်"

"မင်းကိုဒီအတိုင်းလွှတ်ပြီးထားလို့မဖြစ်တော့ဘူးထင်တယ်၊ ငါ့အသက်အန္တရာယ်ကို သတိထားရတော့မယ်"

"သတိသာထားနေ မီးမကင်ဘဲကိုစားပစ်လိုက်မယ်မှတ်"

"ရွာကိုရောက်ရင် နတ်ဆရာနဲ့ပြရမယ်"

"ရှင်ကဘာလို့ နတ်ဆရာနဲ့ကျွန်မကိုပြမှာလဲ"

"ဘီလူးတစ်ကောင်ဝင်စီးပြီး ပူးကပ်နေသလားလို့ပါ"

"ကျွန်မကို နတ်ဆရာနဲ့မပြနဲ့ ရှင့်စိတ်ရောဂါကိုအရင်ပျောက်အောင်သာကု…"

ဇရပ်ပေါ်သို့မတက်သေးဘဲ…၊ မြေပြင်တွင်မီးဖိုကလေးလုပ်ဖို့ ထင်းခြောက်တွေ ကြိုးကြာနီလိုက်လံကောက်နေသည်။ မြူးလူလူ ဘေးတွင်ခွေးဖြူကလေးက ကပ်ပြီး ထိုင်စောင့်ပေးနေ၏။ ယုန်လေး(၃) ကောင်ကိုသတ်ဖြတ်ပြီးသစ်ကိုင်းခြောက်နှင့်တံစို့ထိုးပြီးကင်တော့သည်။





"တစ်ယောက်ကိုတစ်ကောင်နှုန်းတော့စားရမှာပေါ့"

မီးဖိုလေးကြောင့် အအေးဒဏ်လည်းသက်သာသွားသည်။ သိပ်ပြီးကြာကြာမကင်လိုက်ရပါ။ ယုန်ကင်ရနံ့လေးကသင်းလာပြီး ဗိုက်ကပိုပြီးဆာလာတော့သည်။

"အအေးခံပြီးမှစားနော် ဘီလူးစိတ်နဲ့မစားနဲ့ဦး"

မြူးလူလူမျက်စောင်းကြွတ်ပြီးသာ ကြည့်လိုက်သည်၊ မြူးလူ လူအတွက်အတွေ့အကြုံသစ်တွေနဲ့ အစားအသောက်အသစ်တွေကို စားနေရလေပြီ…၊ စားသောက်ပြီးဇရပ်ပေါ်တက်တော့ အိပ်ချင်စိတ် ပေါ်[illegible]လာသဖြင့်ဘာကိုမှနေရာရွေးချယ်ခြင်းမပြုနိုင်တော့ပဲကြိုးကြာနီ ပါလာသော ကျောပိုးအိတ်ကို ခေါင်းပြုပြီး လှဲချလိုက်တော့သည်။ မြူးလူလူခြေရင်းဘက်တွင် ခွေးဖြူကလေးကဝင်ပြီး ခွေနေသည်။ ကြိုးကြာနီကတော့ မအိပ်ဘဲမီးဖိုလေးလုပ်နေသည်၊

လူသူကင်းမဲ့သော ဇရပ်တစ်ခုပေါ်တွင် ကြိုးကြာနီကသူမကို အဖော်ကြံပါက ဘာမှတတ်နိုင်မှာမဟုတ်တာကို တွေးမိသည်နှင့် အိပ်ချင်စိတ်ကလေးပြယ်သလိုဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းစိတ်ချမ္ဘာနဲ့ စိတ်ကိုဒုန်းဒုန်းချပြီးအိပ်ပါ…၊ မင်းခန္ဓာကိုယ်ကိုတာယက်ပြောက်ကျူးလွန်ဖို့မကိုသားနဲ့ စိတ်နဲ့တောင်မစဉ်းစားဘူး"

စိတ်ထဲမှာဖြစ်နေသော သံသယစိတ်ကိုကြိုးကြာနီသိနေသလို ပြောလိုက်တာကြောင့် အံ့သြမိသည်။

"ရှင်မကောင်းကြံလည်း ကျွန်မဘက်က ခုခံနိုင်ဖို့အင်အားမရှိပါဘူး…၊ အနိုင်ကျင့်မယ်ဆိုလည်း ကျင့်နိုင်ပါတယ်"

"ငါ့ကမင်းပေါ်မှာ ရက်စက်တဲ့လူ၊ မကောင်းတဲ့လူဆိုးတစ်ယောက်လို့မင်းမြင်ကောင်းမြင်နိုင်တယ်၊ ဒါပေမယ့်ငါဟာလူယုတ်မာတစ်ယောက်တော့မဟုတ်ဘူး…၊ မင်းတို့မင်္ဂလာဦးညကိုဖျက်ဆီးခဲ့သူဆိုတာမှန်ပေမယ့် သူများဇနီးကိုကြာကူလီရိုက်တဲ့အဆင့်ထိတော့ငါ့စိတ်ဓါတ်တွေ မညံ့ဖျင်းဘူး…"

"ရှင်စကားပြောရင်ကြည့်ပြီးပြောပါ"

"ငါဘာကိုကြည့်ပြီး ပြောရမှာလဲ"

"မင်္ဂလာဦးည ဖျက်စီးတာတော့မှန်တယ်၊ သူများဇနီးအဆင့်ထိတော့ထည့်ပြီး မပြောနဲ့ နောင်လွင်ထူးနဲ့မင်္ဂလာဆောင်ခဲ့တာပဲရှိတာ





နီးဘဝကိုမရောက်သေးဘူးရှင့်၊နားထဲမှာကြားရတာကန့်လန့်ကြီး…"

"မင်းကိုယ်မင်း အပျိုစင်လေးဂုဏ်တို့ တင်ပြတဲ့သဘောပေါ့"

"ရှင်သိအောင်ရှင်းလင်းနေတာမဟုတ်ဘူး၊ နားထဲကြားရတာအကောင်းလို့ပြောနေတာ"

"မင်းကိုနောင်လွင်ထူးက တော်တော်လေးကို ချစ်မှာပဲနော်"

"ရှင်သိချင်ရင် သူ့ကိုသွားမေး…၊ ကျွန်မမသိဘူး"

"ကိုယ်တစ်သင်းလုံးအတူတူ ပေါင်းသင်းနေထိုင်မယ့်သူရဲ့ချစ်ခြင်းတရားကို မင်းမသိဘူးဆိုတာတော့ မဖြစ်နိုင်ပါဘူး"

"ရှင်ဒါကိုသိတော့ရော ဘာလုပ်မလို့လဲ ကိုယ်နဲ့မဆိုင်တာကိုမေးနဲ့"

"ငါနဲ့သက်ဆိုင်တယ်"

"ဘာ…"

"နောင်လွင်ထူးမင်းကို ဘယ်လောက်ချစ်တယ်မချစ်ဘူးဆိုတာဟာ ခုမင်းကိုခေါ်လာတဲ့ အကြောင်းထဲမှာပတ်သက်တယ်ဒေါ်စောနန်းမြူလူလု"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ပြောတဲ့စကားကို နားမရှင်းဘူး၊ နောင်လွင်ထူးကျွန်မကို ချစ်တဲ့အပေါ်မှာ ရှင်ဝင်လာတာလို့ပြောတာလား သူ့ကြောင့်ပေါ့"

"သူ့ကြောင့်ရယ်လို့မဟုတ်ပါဘူး၊ ဒါပေမယ့် သူနဲ့လည်းပတ်သက်မှုတော့ရှိတယ်"

"ကျွန်မသဘောပေါက်ပြီ ရှင်နောင်လွင်ထူးကိုလက်စားချေဖို့ ကျွန်မကို ခါးစာခံလုပ်တာပေါ့ ဟုတ်လား၊ ဒီသဘောဆိုရင်ရှင်ဟာအပြစ်မရှိတဲ့သူကို ဒုက္ခပေးတာပဲ၊ ရှင်မကျေနပ်ရင် နောင်လွင်ထူးကို ရှင်းပစ်လိုက်ပေါ့၊ ကျွန်မကို မြေဇာပင်မလုပ်ပါနဲ့…"

"မင်းဟာမြေဇာပင်တော့မှန်တယ်၊ ဒါပေမယ့် မင်းဟာသိပ်ကို အရေးပါတဲ့ မြေဇာပင်လေးဖြစ်နေလို့ပါ"

"ရှင့်စိတ်ထဲမှာ နောင်လွင်ထူးဟာ ကျွန်မကိုနိုးအံ့ဆုံး၊ မြေအဆုံး ထိရှာမယ့်လူလို့ ထင်ထားတယ်ပေါ့"

"သူမင်းကိုတကယ်ချစ်မြတ်နိုးရင် တွေ့အောင်ရှာမှာပေါ့ကွာ"

"သူမရှာတော့ဘူးဆိုရင်ရော ရှင်ဘာဆက်ပြီးလုပ်မလဲ"

"သူမရှာတော့ဘူးဆိုရင်တော့ မင်းဖခင်ကြီးကတော့ သေချာ





ပေါက်ရှာမှာပါ၊ သူ့သမီးကိုသိပ်ချစ်တာလေ"

"ကျွန်မဖခင်နဲ့ရော ပတ်သက်နေပြန်ပြီလား"

မြူးလူလူအမေးစကားကို ဘာမှပြန်ပြီးမပြောတော့ပဲ မီးဖိုလေးကိုသာ သစ်ခြောက်တွေ ထပ်ပြီးထိုးနေသည်။

"ကျွန်မမေးတာကိုရှင်ဖြေဦးလေ"

"မသိချင်ပါနဲ့ဦးကွာ… အိပ်လိုက်ပါဦး"

မြူးလူလူကို နောင်လွင်ထူးနှင့်ဖခင်ဖြစ်သူ ဦးခွန်လျှံတောကို့အတွက်ဖမ်းဆီးလာတာတော့ ရိပ်မိလေပြီ… သူတို့နှင့်ဘယ်သမိုင်းကြောင်းတွေဖြစ်ခဲ့တယ်ဆိုတာကိုတော့စိတ်ဝင်စားမိသည်။ ကြီးကြားနိုအာ ပြင်းထန်သောနာကြည်းမှုကို ကိုယ်စားပြုပြီး သူမကိုခေါ်ဆောင်လာခြင်းပင်ဖြစ်မည်၊ ထပ်ပြီးမေးလည်း ပြောပြမည့်ပုံမပေါ်ခြင်းကြောင့် စိတ်ချစွာပင် မျက်လုံးကလေးမှိတ်ပြီး အိပ်ရှုလိုက်တော့သည်။ ဒါပေမယ့် ရက်ချင်းကြီးတော့ အိပ်၍မရခဲ့ပေ… ခေါင်းထဲတွင် အတွေးများ များစွာရောက်ရှိနေသည်။

ထိုအတွေးတွင် နောင်လွင်ထူးဆိုတဲ့သူပေါ်မှာ သူမ၏ခံစား



www.burmeseclassic.com

www.burmeseclassic.com



ချက်ကိုပါပြန်လည်သုံးသပ်နေမိသည်။

ကြီးကြီး ဒီပြောသလိုကိုယ်နဲ့ဘဝတစ်သက်တာ လက်တွဲမည့်သူ၏ ချစ်ခြင်းပေါ်မှာ ကျွန်မဘာကြောင့် မလေ့လာမိတာလဲ ကျွန်မကိုယ်တိုင်ကရော ချစ်ခြင်းတရားပေါ်မှာ ဘာလို့ခံစား ချက်ကင်းမဲ့နေခဲ့တာလဲ..။

လူဆိုတာချစ်ခြင်းတရားနဲ့ ကင်းဝေးလို့မရနိုင်ကြပါ...။ ကျွန်မကတော့ ရွှေစံအိမ်ကြီးပေါ်မှာ နေထိုင်ပြီး အခြွေအရံတွေနှင့် ဆရာဝန်ဘွဲ့ကိုယူခဲ့တယ်...။ ကျွန်မဘဝတစ်လျှောက်တွင် မိန်းကလေးသူငယ်ချင်းတွေကိုသာ အမိကပေါင်းသင်းခဲ့ပြီး ယောကျ်ားလေးမိတ်ဆွေသူငယ်ချင်းမရှိခဲ့ပေ။

အထက်တန်းကျောင်းသူဘဝတွင် အိမ်နှင့်ကျောင်းကလွဲပြီး သူငယ်ချင်းများနှင့်သွားလာခြင်းမရှိခဲ့...ဆေးတက္ကသိုလ်တက်မှသာ မိန်းကလေးသူငယ်ချင်းတွေနှင့် သွားသွားလာလာတော့ရှိခဲ့တယ်။ ချစ်သူထားဖို့ကတော့ စိတ်ကူးတောင်မယဉ်ခဲ့ပေ။ ကျွန်မကိုချစ်ခွင့်ပန်သူ တွေက ရှားပါးသည်။ ကျွန်မချမ်းသာကြွယ်ဝမှုကြောင့်လားတော့





မသိ၊ ဒါမှမဟုတ်ကျွန်မဘက်ကဆက်ဆံရေး တင်းမာသလိုရှိတာကြောင့်လားမဆိုနိုင်ပါ...။ ချဉ်းကပ်သူတွေပဲ ဖွဲမကောင်းစွာနဲ့ နောက်ဆုတ်ခဲ့တာတော့တွေ့ခဲ့ဘူးသည်။ ကျွန်မအတွက် ရင်ခုန်သံ စည်းချက်တို့လိုက်မမီခဲ့ကြပါ။

နောင်လွင်ထူးသည် ဒယ်ဒီနဲ့ပတ်သက်ပြီး အိမ်ကိုဝင်ထွက်ခဲ့ရင်းရင်းနှီးနှီးခဲ့ကြတယ် ရောရောနှောနှောတော့မရှိခဲ့ပါ။ ဒယ်ဒီမာမီတို့ကတော့နောင်လွင်ထူးနှင့် ရင်းရင်းနှီးနှီးနေစေချင်တဲ့ သဘောတွေရှိပြီ...။ နောင်လွင်ထူးကိုအိမ်တွင် ကျွန်မနှင့်လွတ်လပ်စွာ တွေ့ဆုံစကားပြောဆိုခွင့်ကိုပေးထားခဲ့တယ်။

နှလုံးသားအတွက်တာဝန်မကျခဲ့တဲ့ကျွန်မဟာ နောင်လွင်ထူးဆီက ချစ်ခွင့်ပန်ခြင်းကို ကျော်လွန်ပြီး လက်ထပ်ခွင့်ကိုတောင်းခဲ့ခြင်းကြောင့် ကျွန်မဟာ မိဘတွေရဲ့ဆုံးဖြတ်ချက်ပေါ်မှာလွှဲပြောင်းပေးခဲ့တယ်...။ ကျွန်မမိဘတွေ နှင့်ကတည်းက သဘောတူထားကြသည့်သူများနည်းတူ စေ့စပ်ပွဲကြီးကို ကျွန်မတို့အိမ်တွင်ပြုလုပ်ပြီး မင်္ဂလာပွဲကြီးကိုဒယ်ဒီပိုင်ဆိုင်သော ဟိုတယ်ကြီးတွင်ပြုလုပ် ခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မဂ်လာပွဲကနေအပြန် ကြိုးကြာနီ၏ ဖမ်းဆီးခေါ်ဆောင်ခြင်းကိုခံခဲ့ရခြင်းပင်မဟုတ်လား…။

ကျွန်မရင်ထဲတွင် တစ်ကြိမ်တစ်ခါမျှမစဉ်းစားခဲ့ဘူး မတွေးမိခဲ့ဘူးသော နှလုံးသားအကွာရာလေးကိုရေးခြစ်နေမိသည်။

ကျွန်မနောင်လွင်ထူးကို ချစ်ခဲ့သလားလို့ပြန်ပြီးမေးကြည့်မိတယ်…။ တစ်ကြိမ်မကအောင်မေးခဲ့ပေမဲ့တစ်ကြိမ်မှ ချစ်တယ်လို့မပြောမထွက်ခဲ့…။

အချစ်မပါဘဲနဲ့ အိမ်ထောင်တစ်ခုကို တည်ဆောက်ရန် ကျွန်မ ရွေးချယ်ခဲ့ခြင်းသည် သက်မဲ့ရုပ်တစ်ရုပ်ဖြစ်နေလို့ပဲဖြစ်သည်။

ဥစ္စာနေတွေကိုဘဝဟုသတ်မှတ်ထားသူဖြစ်၍ ခုလိုအချစ်မပါတဲ့ဘဝကိုတည်ဆောက်သူသာဖြစ်သည်။

ကျွန်မ နောင်လွင်ထူးနှင့် မင်္ဂလာဆောင်ရင် ...ရောက်မင်မိန်းမရှုပ်ပေသည့်သတင်းကိုတစ်ခုကိုနိုင်နိုင်လုံလုံကြားလိုက်ရသည်။ အပေါ်မှာ ကျွန်မဝန်တိုခြင်း စိတ်ဆိုးခြင်းတွေကိုခံစားဖို့မေ့နေခဲ့တယ်

ချစ်တဲ့စိတ်နဲ့ အပြစ်တွေကို ခွင့်လွှတ်သလိုမျိုး မဟုတ်ခဲ့ပဲနှ





ဘာလို့ ကျွန်မခံစားမှုမရှိခဲ့တာလဲ၊ ကျွန်မဘဝအတွက် လွတ်လပ်တဲ့ခံစားမှုတွေ မရှိခဲ့ခြင်းသည် လူတစ်ယောက်အတွက် ဆုံးရှုံးခြင်းတစ်ခုဖြစ်နေတာကိုနောင်တရမိလိုက်သည်။

ကျွန်မနောက်တစ်ချက်အတွေးထဲကို ဝင်လာတာကတော့ အသိဒီဦးစွန်လျှံစေသည့် နောင်လွင်ထူးနှင့်ပတ်သက်လာရင် လိုက်လျောမှုအခွင့်အရေးပေးမှုတွေဟာ သာမန်အခြေအနေတွေအထက်သွန်ကဲနေတာ ဘာကြောင့်လဲ။

ကျွန်မဘဝတစ်သက်တာမှာ တစ်ကြိမ်တစ်ခါမျှမတွေးမိတာတွေကိုတွေးမိနေလေပြီ…။

"ဟူး…"

သက်ပြင်းလေးကိုပင်မှုတ်ထုတ်နေမိ၏။

"မင်း အိပ်မရဘူးနဲ့တူတယ်"

ကျွန်မအိပ်ချင်စိတ်ပါပျောက်သွားပြီးလှဲနေရာမှထထိုင်လိုက်သည်။

"ရှင့်ကို ကျွန်မတစ်ခုမေးချင်တယ်"

"ဘာကြောင့်ဖမ်းလာရတာလဲ ဆိုတာကလွဲပြီးမင်းမေးချင်တာ



www.burmeseclassic.com

www.burmeseclassic.com



တို့ပေး"

"နောင်လွင်ထူးအကြောင်းကိုရှင်ဘယ်လောက်သိထားလဲ"

"ဟော... စက်ပြန်ပြီ ငါသာမင်းကိုခေါ်မလာရင် သူ့ရဲ့ရင်ခွင်ထဲမှာ မင်းရောက်နေလောက်ပြီလေ... နောင်လွင်ထူးဟာ ဘယ်လိုပုဂ္ဂိုလ်လဲ ဆိုတာ မင်းမသိဘူးဆိုတာ အံ့ဩယ်ပါပဲကွာ"

"ကျွန်မဗိဘတွေရဲ့သဘောထားကြောင့် ခေါင်းညိတ်ခဲ့တာရယ် သူနဲ့ရင်းနှီးခဲ့တဲ့အချိန်တွေမှာလည်း သူ့အကြောင်းကို စိတ်မဝင်စားခဲ့ တာကြောင့် ဘာမှမသိခဲ့ပါဘူး"

"မင်းသာမသိနိုင်တာပါ၊ မင်းဖေဖေကတော့ ကောင်းကောင်းသိ ထားမှာပါ၊ နောင်လွင်ထူး မကောင်းတဲ့သူလား၊ ကောင်းတဲ့သူလားဆို တာကို သူအသိဆုံးနေမှာပေါ့ကွာ၊ ကောင်းမွန်တဲ့လူဖြစ်လို့ ပေးစား တာနေမှာပေါ့"

"ရှင်သူ့အကြောင်းကိုမသိဘူးဆိုတာမဖြစ်နိုင်ဘူး"

"ငါသိတာလည်း မင်းကိုမပြောပြချင်ဘူး၊ ဘာလို့လဲဆိုတော့ ယောက်ျားကြီးတန်မဲ့ သူများမကောင်းကြောင်းကို နောက်ကွယ်မှာ





ပြောပြတာရက်စက်ဖို့ကောင်းလို့ပါ... ရှူး...အသံမထွက်နဲ့"

"ဟယ်"

"ရှောက်"

ကျွန်မကို စကားသံမထွက်ဖို့ပြောပြီး ကြိုးကြားနီ သူ့ခါးကြားမှ ဓါးမြှောင်ကို ထုတ်ပြီး အသင့်ဆုပ်ကိုင်ထားလိုက်ချိန်တွင်...

"ဂုတ်...ဂုတ်..."

"ဝေါင်း..."

ခွေးဖြူက ဟောင်သည်နှင့် ကျွန်မနောက်ဘက်မှ ကြားလိုက် ပြီး ကျွန်မကိုဘေးသို့တွန်းဖယ်ပြီး သဏ္ဌာဝါကြီးနှင့် လုံးထွေးကာ

"ကဲကွာ"

"ဂီး...ဂူး..."

"ဘုရား... ဘုရား... ဘုရား"

ကြီးမားသောကြောင်ညိုကြီးတစ်ကောင်တွေမြင်လိုက်ရသည်။ ကြိုးကြားနီ၏ဓါးချက်အောက်မှာတော့ ကြောင်ညိုကြီးသေဆုံးနေလေ ပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တောကြောင်ရိုင်းတွေ"

"ရှင်...ရှင်...ဘာဖြစ်သွားသေးလဲ"

"ဘာမှမဖြစ်ပါဘူး လက်သည်းကုတ်ရာလေးတော့ဖြစ်သွားတယ်"

"ဟယ်"

ကြိုးကြာနီလက်မောင်းတွင် သွေးစလေးတွေကို မြင်တွေ့ပေမယ့်လဲ ကျွန်မစိုးရိမ်သလိုဖြစ်သွားသော်လည်း၊ မသိသလိုပဲ နေမိလိုက်သည်၊ ဒီအတွက်ရင်မှာ လစ်လစ်သွားသလို နေခဲ့တာတော့ အမှန်ပါ"

●\-♥



အခန်း(၄)

"ဆရာဟိုရှေ့ကတဲစုကလေးက ကလူးရွာအဝင်ပဲ..."

လှေကူးတို့ဆိပ်ကလေးနှင့် သိပ်ပြီးမဝေးလှသော မြေနေရာလေးတွင် တဲလေးတစ်လုံးကို တွေ့မြင်နေသည်၊ နောင်မင်းထူးတို့ မော်တော်ကလေး ကူးတို့ဆိပ်သို့ ဆိုက်ကပ်ပြီး တဲလေးဘက်သို့တက်လာကြသည်၊

"ဒီတဲလေးမှာနေတာ အနန်းတဲ့ မုဆိုးမတစ်ဦးပါ၊ အသက်က (၅၀)ကျော်လေက်ရှိပြီဆရာ..."

တဲနားသို့ရောက်ပေမယ့် တဲထဲတွင်လူရိပ်လူယောင်မြင်ရသည်မ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရသဖြင့် -

"ဖထီး ခေါ်ကြည့်ပါဦး"

"အနန်းရေ အနန်း..."

ဖထီးတဲဆဲကိုဝင်ပြီးကြည့်ပေမယ့် အနန်းမရှိ...။

"ဆရာရွာဘက်ကို သွားနေသလားမသိဘူး ကျွန်တော်တို့ စောင့်မလား၊ ရွာထဲကိုလိုက်သွားမလား"

"ဖထီးရေဒီကပဲစောင့်မယ်၊ ရွာနဲ့ဝေးသလား"

"သိပ်တော့မဝေးဘူးဆရာ"

နောင်မင်းထူး တဲပတ်ဝန်းကျင် အနေအထားကို အကဲခတ်ရင်း တဲနောက်ဘက်ကိုကြည့်လိုက်ရာ -

"ဟင်..."

သတို့သမီးဝတ်စုံကိုတွေ့လိုက်ရသဖြင့်...

"ဆရာနိုင်ခေါ်ဟိုဝတ်စုံကိုယူကြည့်ဗျာ"

"ဟုတ်ကဲ့"

တပ်ကြပ်နိုင်ခေါ်ယူပေးသော သတို့သမီးဝတ်စုံကိုကိုင်ကြည့်





ပြီး -

"သေရာသွားပြီတရားခံဟာဒီမှာ ညအိပ်သွားတာဖြစ်မယ်"

"ဆရာ့ယူဆချက်ကောင်းသွားပြီ၊ နို့မို့ဆိုရင်ကျွန်တော်တို့ လမ်းလွှဲကိုလိုက်သလိုဖြစ်သွားမှာ"

"ခြေရာခံလို့တော့တွေ့ပါတယ်၊ ဒါပေမယ့် တရားခံဟာ ငါတို့နဲ့အတော်ကိုဝေးတဲ့နေရာကိုရောက်နေလောက်ပြီ"

"ဟိုမှာအနန်းပြန်လာပြီ"

"ခြော် ... အစိုးရရဲဘော်တွေရောက်နေတာကိုး"

"ဟုတ်ပါတယ်အနန်း...၊ ကျွန်တော်တို့ အနန်းဆီကခွင့်မတောင်းဘဲ သတို့သမီးဝတ်စုံကိုတဲပေါ်တက်ပြီးယူတာကိုခွင့်လွှတ်ပါ"

"ရပါတယ် ....မင်းတို့ကလူကောင်းတွေပဲ၊ တက်ပြီးနိုးတာမှ ဟုတ်တာ"

"အနန်းဒီသတို့သမီးဝတ်စုံက ဘယ်ကနေရတာလဲဟင်"

"ကောင်လေးတစ်ယောက်နဲ့ ကောင်မလေးတစ်ယောက် အနန်းတဲကိုညဘက်ကြီးရောက်လာတယ်လေ ဘယ်သူဘယ်ဝါတွေ



www.burmeseclassic.com

www.burmeseclassic.com



တော့အနန်းမသိဘူးကွဲ၊ တစ်ညအိပ်ဖို့အကူအညီတောင်းတာနဲ့ အိပ်ခွင့်ပေးလိုက်တာ၊ မနက်ကျတော့ကောင်မလေးသူ့ဝတ်စုံကြီးကိုညစ်ပတ်နေတာနဲ့ အနန်းအဝတ်အစားကို လဲပြီးဝတ်သွားတယ်"

"သူတို့ဘယ်ကိုဆက်ပြီးထွက်သွားလဲ အနန်း"

"ဒါတော့အနန်းမေးတာကိုမပြောခဲ့ဘူးကွဲ့"

"ရွာထဲကိုသွားကြသေးလား"

"ဟင့်အင်း.... ဒီကနေထွက်သွားတာ"

နောင်မင်းထူးတို့ သဲလွန်စတဆက်ပြီးပြတ်တောက်သလိုဖြစ်သွားပြန်သည်။

"ဖထီး ရွာအရှေ့နဲ့အနောက် အခြေအနေတွေကို ပြောပြပါ"

"ဒီရွာရဲ့အရှေ့ဘက်ခြမ်းမှာတော့ တောင်တန်းကြီးတွေကလွဲပြီး ဘာမှမရှိဘူးဆရာ...၊ အနောက်ဘက်မှာတော့ ရွာတွေရှိတယ် တိုင်းရင်းသားရွာလေးတွေဆရာ"

"ဪ...အနန်းရလိုပြောပြတာကို ကျေးဇူးတင်တယ်နော်"

"အေးပါကွယ်"





"ကျော်ဇံ.... ငါတို့ရွာဘက်ကိုဝင်မယ်၊ ခွင့်ပြုပါဦးအနန်း"

"ကောင်းပါပြီကွယ်"

ရွာဘက်ဆီသို့ ဆက်ပြီးထွက်လာကြရင်း -

"အနန်းနဲ့တရားခံဟာ မပတ်သက်ဘူးလို့ မင်းလက်ခံလား နောင်မင်းထူး.... ငါစိတ်ထဲမှာ သံသယဖြစ်နေတယ်"

"ငါလည်းသံသယရှိတယ် ဒါပေမယ့်ငြိမ်းချောက်ပြီး စစ်မေးတာမျိုးကိုမလုပ်ချင်ဘူးကွာ...၊ မေးလည်းပြောပြမှာမဟုတ်ဘူး"

"ဘာလို့လဲ"

"သူတို့ဟာ သိမ်ကိုရိုးသားကြပြီး သစ္စာစောင့်သိမှုတ ကြီးတယ်၊ ဆက်သာအသေခံသွားမယ် ထုတ်ဖော်ပြောမှာမဟုတ်ဘူး။ ဒါကြောင့် ထိပ်ပြီးတော့မမေးတော့တာ...၊ ကျော်ဇံတရားခံကိုငါတို့လိုက်နေတဲ့ အကြောင်းပေါ်ကနေ လွှဲမချော်သေးပါဘူး။ တစ်နေရာမှာတော့ ဆုံမှာပါ..."

ရွာလေးထဲကိုဝင်တဲ့ လမ်းကလေးဘေးရှိမြင်းဖောင်းလေးနား ရောက်တော့..



www.burmeseclassic.com

www.burmeseclassic.com



"အာလု...နင်မြင်းညိုကို ဘယ်သူ့ကိုငှားလိုက်ပြန်ပြီလဲ"

"အဝီးရေကြိုးကြာကောင်ကိုငှားလိုက်တာ"

"နင်ကတော့လုပ်ပြန်ပြီ ဒီမြင်းကိုရောင်းဖို့ဈေးတောင်ပြောပြီး သွားပြီဟ"

"အဝီးရေ ကြိုးကြာကောင်က ငါတို့ကျောင်းရှင်လေ၊ ဒီကောင် မိန်းမနိုးလာတာနဲ့တူတယ်၊ နီကွန်ရွာဘက်ကိုသွားတယ်ဟိုရောက်တာနဲ့ ပြန်ပို့ပေးလိုက်မှာပါ"

အာယုဆိုတဲ့လူ နောင်မင်းထူးတို့ကိုမြင်တော့ စကားသံတိတ်သွားပြီးမြင်းဇောင်းထဲဝင်သွားသည်။

"ဖထီး...နီကွန်ရွာကိုရောက်ဖူးလား"

"ဟုတ်ကဲ့.... ရောက်ဖူးပါတယ်၊ ဒီရွာကနေ ခြေလျင်သွား ရင်တော့ လမ်းမှာ ညအိပ်သွားမှရမယ်"

"တခြားဘာနဲ့သွားကြတာမျိုးရှိလဲ ဖထီး"

"ရွာကသွားကြတာတော့၊ ခြေလျင်မသွားရင် မြင်းနဲ့သွားကြ တာပဲဆရာ"





"ငါတို့ ခြေလျင်ခရီးဆက်မယ်၊ ရွာထဲရောက်ရင် နေ့လည်စာ စားဖို့နဲ့ လမ်းမှာစားဖို့ရိက္ခာနည်းနည်းပါးပါးဝယ်သွားမယ်"

"နောင်မင်းထူး တရားခံဟာနီကွန်ရွာဘက်ကို သွားတာ သေချာသွားပြီလား"

"သေချာသွားပြီ၊ စောစောကလူပြောတဲ့စကားကိုကောက်ချက် ချမယ်ဆိုရင် တရားခံနာမည်က ကြိုးကြာ...မြင်းနဲ့သွားကြတာ"

"နေဦးကြိုးကြာဆိုတဲ့နာမည်ကိုကြားဖူးတယ် ဟုတ်ပြီ...တံငါ ရွာက ကျောင်းဆရာလေးပဲ၊ ဒီလူနဲ့ငါမြို့မှာ မကြာခဏဆုံဘူးတယ်၊ လူကောင်းတစ်ယောက်ပါ၊ ရပ်ကျိုးရွာကျိုးကိုသိပ်ပြီးလုပ်တာ၊ ပြီးတော့ တိုင်းရင်းဆေးလည်းကုတယ်ကွ"

"ခေါင်ရမ်းအစ်ကိုဆိုတာလား..."

"သိပ်ပြီးဟုတ်တာပေါ့...၊ တစ်ရွာလုံးက သူ့ကိုသိပ်ပြီးလေးစား ကြည်ညိုတာ...၊ ခုကိစ္စမှာ ဘယ်လိုတွေကြောင့်လည်းဆိုတာတော့ စဉ်းစားစရာဖြစ်နေပြီ"

"ငါတစ်ခုတော့တွေးမိတယ် ခုကိစ္စဟာ နာကြည်းချက်တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာ လက်တုံ့ပြန်တာပဲဖြစ်မယ်"

"သေရာလော ကိုတယ်နောင်မင်းထူး"

ရွာလူကြီးထံတွင် အကူအညီဝင်တောင်းပြီး နောင်မင်းထူးတို့အားလုံး ထမင်းစားသောက်ပြီး ရိက္ခာတချို့ ဝယ်ပြီးခရီးဆက်ရန်ပြင်ကြရတော့သည်။ မြင်းနှင့်ခရီးဆက်ဖို့က မြင်းအရေအတွက်နည်းပါးခြင်းကြောင့် ခြေလျင်ခရီးပဲ ဆက်ခဲ့ကြရတော့သည်။



"နီကွန်ရွာမှာ တရားခံကို ဆုံနိုင်ပလား နောင်မင်းထူး"

"ငါတို့ဆက်ပြီး လိုက်ရဖို့တော့ များတယ်"

"ဘယ်ထိများခေါ်သွားမလဲမသိပါဘူးကွာ၊ ဒီရွာတွေမှာမရှိ[illegible]ာင်းဘဲ ဆက်ပြီးခေါ်သွားတဲ့ သူရဲ့တွက်ဆမှုကို လျှော့တွက်လို့တော့[illegible]ဘူးနော်"

"တရားခံဟာ အရည်အချင်းအတွေးအခေါ်ကောင်းတဲ့ လူဆို[illegible]တာကို ငါလက်ခံတယ်... ငါတို့ဖြတ်ကျော်ခဲ့ရတဲ့နေရာတွေကိုကြည့်ရင်[illegible]ပြီး မလိုက်နိုင်တဲ့နေရာတွေပဲကွ"

"ဟာ...တကယ့်ကန္တာရကို ရောက်နေသလိုပါပဲလားဗျာ"



www.burmeseclassic.com

www.burmeseclassic.com



မှုပြင်းလှသောနေပူဒဏ်ကြောင့် ရဲဘော်တွေ မခံနိုင်လောက်အောင်ဖြစ်နေကြတော့သည်။

"ကျော်ဇံငါတို့ ဒီနေနဲ့ ဆက်ပြီးသွားရင်အန္တရာယ်များမယ်"

"သစ်ပင်တွေဘာတွေရှိရင်တော်သေးတယ်၊ ခုဟာလွင်ပြင်ကြီးထဲကို သွားနေရသလိုပဲ"

"နားလို့ရမယ့်နေရာတွေ့ရင် နားမယ်ကွာ၊ နေအေးတော့မှ ဆက်ပြီးလိုက်မယ်"

"ရှေ့နားမှာ ကျောက်ရေအိုင်ကြီးနဲ့ ကျောက်ဆောင်ဂူကြီးတစ်ခုရှိတယ်၊ နည်းနည်းလေးအားတင်းပြီး သွားကြရအောင်"

ဖထီးပြောတဲ့နေရာကိုခြေကုန်လက်ပန်းကျတဲ့အထိ သွားပြီးရောက်ခဲ့ကြသည်။

"ရေကိုသောက်ရုံသောက်နော် ခြေတွေလက်တွေမဆေးနဲ့"

နောင်မင်းထူးသူ့ရဲဘော်တွေကို အပူရှပ်မှာစိုးသဖြင့် လှမ်းပြီးသတိပေးကာကျောက်ဆောင်ဂူထဲသို့ဝင်ခဲ့သည်။

"ခုမှပဲငရဲလမ်းကနေ နားခွင့်ရတော့တယ်"





"ကြိုးကြာနီ သတို့သမီးကို ဒီနေရာကနေ ခေါ်သွားရင်တော့ ခုတွေ့ပဲ"

"သူတို့လည်းဒီမှာအေးအေးဆေးဆေးနားပြီးမှ သွားကြမှာပါ"

"ဟိုမှာတွေ့လား၊ မြင်းခြေရာတွေပြီးတော့ရွှေတစ်ကောင်ပါဦးမယ်"

ကျောက်ဆောင်ထဲတွင် ငှက်ပျောဖက်တွေကိုတွေ့သဖြင့် ကိုင်ကြည့်ပြီး။

"ဒီနေရာမှာ စားသောက်ခဲ့ပုံပဲကွ…၊ ကြိုးကြာနီ ခရီးမဆုံးသရွေ့တော့ လိုက်နေရဦးမှာပဲ၊ အေးအေးဆေးဆေးသာ နားတော့ကွာ"

နောင်မင်းထူးတို့အားလုံး ခြေပစ်လက်ပစ် ကျောက်ဆောင်ဂူကြီးထဲတွင် နားကြတော့သည်။

"ခွပ်… ခွပ်… ခွပ်"

"ဟင်…"

"ဟာ…"

အဝေးဆီမှ မြင်းသံကိုကြားလိုက်သဖြင့် စောင့်နေလိုက်ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။

မြင်းနှင့်လှူငယ်တစ်ယောက် ကျောက်ရေအိုင်နားကိုရောက်လာပြီးရေဆင်းသောက်စဉ်နောင်မင်းထူးတို့တပ်ဖွဲ့ကိုတွေ့သွားသည်။

"မင်းကိုကြိုးကြာနီမြင်းပြန်ပြီးပို့ခိုင်းတာလား"

နောင်မင်းထူး ခပ်တည်တည်နှင့် မေးလိုက်သည်ကို လှူငယ်လေးမှာအေးဆေးစွာပင် -

"ဟုတ်ပါတယ်... အစ်ကိုအာယုဆီကိုပို့ခိုင်းတာပါ"

"ကြိုးကြာနီတို့နီကွန်ရွာမှာလား"

"မရှိကြတော့ဘူး ထွက်သွားကြပြီ... အစ်ကိုကြိုးကြာကတော့ ကျွန်တော့်ကိုမှာလိုက်တယ်၊ လမ်းမှာအစိုးရရဲတပ်ဖွဲ့နဲ့တွေ့ရင် ဒ... ဒေါင်ရွာနဲ့ဂျူးရွာကိုသွားမယ်တဲ့"

"ဘာ"

"ဟာ"

ကြိုးကြာနီသည် နောင်မင်းထူးတို့ တပ်ဖွဲ့လိုက်လာသည်ကို... သိနေသလို...ပြီးတော့ သူဆက်သွားမယ့်ရွာတွေကိုတောင် ပြောခိုင်း...





လိုက်သေးသည်။

"မင်းကိုသေသေချာချာပြောလိုက်တာပေါ့"

"ဟုတ်ပါတယ်ဆရာ..."

"မင်းသွားလို့ရပါပြီ..."

"ဟုတ်ကဲ့"

လှူငယ်လေးထွက်သွားပြီးနောက် -

"နောင်မင်းထူးရေကြိုးကြာနီကတော့ ပညာစမ်းနေတာလား၊ စိန်ခေါ်တဲ့သဘောလား မသိဘူးဟေ့"

"ငါတို့ကိုစိန်ခေါ်ခြင်းဟာ သူ့အတွက်အကျိုးမရှိဘူးဆိုတာ သူသိနေမှာပါကွာ... သူ့ရဲ့လုပ်ရပ်ဟာ စဉ်းစားစရာပဲ..."

"မင်းဘယ်လိုတွေးမိလဲ"

"သူ့ကြောင့် တခြားလူတွေ ဒုက္ခမဖြစ်စေလိုတဲ့ သဘောလို့ ထင်တယ်၊ အနန်းဒိမ်မှာ သတို့သမီးဝတ်စုံကိုမတွေ့ရင် ငါတို့အတွက် အဲဒီမှာတင် သဲလွန်စပြတ်သွားနိုင်တယ်... သူ့အနေနဲ့ သတို့သမီးဝတ်စုံကို ပေါ့ပေါ့တန်တန်ထားခဲ့မှာ မဟုတ်ဘူး၊ သူလည်းတုံးတဲ့သူမ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘဲကွာ၊ ပြီးတော့ နှင်းဆီရင်ထိုးပန်းကလေးတွေထားခဲ့တာကို သူသိနေမှာသေချာတယ်၊ ဒါမဟုတ်ရင် သူကိုယ်တိုင်ထားခဲ့တာဖြစ်မယ်"

"သူသဘောက ငါတို့တွေ ခြေရာကောက်နိုင်အောင် လုပ်ခဲ့တဲ့သဘောပေါ့၊ ဒါဘယ်လိုရည်ရွယ်ချက်လဲ"

"တွေးလို့တောင်မရသေးဘူး… ဇထီး၊ ဒေါင်ရွာနဲ့ ပရူးရွာက နီးနီးကပ်ကပ်လား"

"တောင်နဲ့မြောက်ဆရာ တစ်ရွာနဲ့တစ်ရွာကို လမ်းမှာတစ်ည အိပ်လောက်သွားရမယ်"

"ဟင်"

ကြိုးကြာနီ သူတို့ကို ခရီးနှောင့်နှေးအောင် လုပ်လိုက်သော လုပ်ရပ်လေးတစ်ခုပင်ဖြစ်သည်။



အခန်း(၅)

နီကွန်ရွာလေး၏အနောက်ဘက်ချောင်းရိုးကလေးတစ်ခုမှ လှေငယ်လေးတစ်စီးဖြင့် ကျွန်မကိုကြိုးကြာနီခေါ်ဆောင်လာခဲ့တယ်။

တောင်တွေကြားမှာ စီးဆင်းနေသောချောင်းငယ်လေးဖြစ်ခြင်းကြောင့် ကျွန်မအတွက်တော့ နံနက်ခင်းနှင့်အတူ စိတ်များလန်းဆန်းနေသလိုခံစားရပြီး ပူပင်ကြောင့်ကြခဲ့သော စိတ်ကလေးတွေအားလုံးကိုမေ့နေသလိုပင်……။

ခွေးဖြူလေးနဲ့ ကျွန်မလှေဦးထိပ်မှာထိုင်ပြီး လိုက်ပါလာခဲ့ကြတယ်၊ ကြိုးကြာနီကတော့ လှေကိုလှော်ခတ်လျက်၊



www.burmeseclassic.com

www.burmeseclassic.com



ရွာသားတွေက လမ်းမှာစားသောက်ဖို့ စားစရာသောက်စရာတွေ ပေးလိုက်သည်ကို ကျွန်မကြည့်ပြီး ကြိုးကြာနီပေါ်မှာ ရွာသူရွာသားများ၏ချစ်ခင်မှုကို သဘောပေါက်နားလည်လိုက်မိသည်။

ကြိုးကြာနီသည် ကျွန်မအတွက် လူဆိုးလူကြမ်းတစ်ဦးသတ်မှတ်ခံထားရပေမယ့်သူဟာလူကောင်းတစ်ဦးဆိုတာကိုကျွန်မသဘောပေါက်မိလာသည်။ ကျွန်မပေါ်မှာ သူအနိုင်ကျင့်ဆက်ဆံဖို့ခေါ်ခဲ့သူဆိုရင် ကျွန်မဘဝဟာ တွေးဝံ့စရာပင် မရှိတော့ပါ။

ခုရှိန်ထိ ကျွန်မအပျိုစင်ဘဝကို ပိုင်ဆိုင်ထားခြင်းသည် သူ၏ကိုယ်ကျင့်တရားကို ဖော်ပြနေသလိုပါ။

"ဟယ်တော့်...လှလိုက်တာ"

ကျောက်နံရံကြားတွင် ပေါက်နေသော ပန်းဖြူလေးတွေကို တွေ့လိုက်ရခြင်းဖြစ်၏။

"မင်းဒီပန်းတွေကိုယူချင်လို့လား"

"အင်း..."

"မင်းပန်းကြိုက်တဲ့သူမဟုတ်ပါဘူး"





"ရှင်ကကျွန်မ ပန်းမကြိုက်ဘူးဆိုတာကို ဘယ်လိုလုပ်ပြီးသိတာလဲ"

"ကိုယ်ခေါ်လာရမယ့်သူရဲ့အကျင့်စရိုက်လေးကိုတော့ မဖြစ်မနေလေ့လာထားရမှာပေါ့ကွာ"

"ရှင်ကျွန်မအကြောင်းကိုကောင်းကောင်းသိနေတယ်ပေါ့"

"သူများတွေပြောသလောက်ပဲ သိထားရတာပါ"

ကြိုးကြာနီ လှေကလေးကို ကမ်းနံဘေးကျောက်တုံးကြီးနားကိုကပ်ပြီး လှေကိုကြိုးနဲ့ချည်ဖို့လုပ်နေတုန်း ခွေးဖြူကလေးကမ်းပေါ်ကို ခုန်ဆင်းလာပြီး ကြိုးကလေးကို ကိုက်ပေးတော့သည်။

"မင်းဟာသိပ်ပြီးလိမ္မာတဲ့ကောင်ပဲ မင်းသခင်မ ရေထဲမျောပါမသွားအောင် ကိုက်ထားပေတော့"

ကြိုးကြာနီကျောက်နံရံတွေကို တွယ်ကပ်ပြီး တက်တာကို ကျွန်မကြည့်ပြီး စိုးရိမ်သလိုဖြစ်မိသည်။ ခြေချော်လက်ချော် ပြုတ်ကျပါက အောက်မှာ ကျောက်တုံးတွေပဲမို့ သက်သာမှာမဟုတ်..။

"အမေ့...."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကြည့်နေဆဲမှာပဲကြိုးကြာနီနင်းပြီးတက်သောကျောက်နံရံမှာ အောက်ကိုပြုတ်ကျသွားပြီး ကျောက်နံရံပေါ်တွင် တွဲလောင်းကြီးဖြစ်နေသည်။

"ဘုရား... ဘုရား... ဘုရား... ဘာမှမဖြစ်ပါစေနဲ့"

ကျွန်မ ဘုရားတရင်း သူ့အတွက်ဆုတောင်းပေးလိုက်သည်။ ကြိုးကြာနီလက်ကိုအားကိုးပြုပြီး အပေါ်ဆင့်ကိုရောက်အောင်တက်သွားတော့မှ ကျွန်မသက်ပြင်းချနိုင်တော့သည်။

ကျောက်နံရံပေါ်မှာပေါက်နေသော ပန်းဖြူလေးတွေကို ခူးပြီးပြန်ဆင်းလာခဲ့သည်။ ကြိုးကြာနီလက်တွင် ပွန်းပဲ့ဒဏ်ရာလေးတွေနှင့်

"ရော့စိတ်ကြိုက်သာပန်တော့"

လေ့လေးကိုချောင်းငယ်လေးအတိုင်း ဆက်ပြီးလော်ခတ်လာသည်။ ကျွန်မ ကြိုးကြာနီပေးသော ပန်းတွေကိုတစ်ခေါင်းလုံးထိုးစိုက်ပြီးပန်လိုက်သည်။ ဘယ်လိုပုံပေါက်နေသလဲတော့မပြောတတ်၊ ကျွန်မပန်းတွေကိုပန်ပြီးမှ ကိုယ့်ကိုကိုယ် ဒေါသပြန်ပြီးထွက်မိသည်။ ကျွန်မဟာ ကြိုးကြာနီနှင့် ခရီးထွက်လာသူမဟုတ်၊ ကြိုးကြာနီ၏ဖမ်းဆီးခြင်း





တိုခံနေရသူဖြစ်နေသည့်ကြားက ပန်းကိုပန်တဲ့သူဖြစ်နေသောကြောင့် ခေါင်းကပန်းတွေကိုပြန်ပြီးဖြုတ်ဖို့ပြင်လိုက်ပြီးမှ ကြိုးကြာနီ အန္တရာယ်ကြားက ခူးလာပေးတဲ့ပန်းဖြစ်သဖြင့် စိတ်ထဲမှာ အားနာမိသွားသည်။

"မိန်းကလေးပဲ ဘယ်နေရာရောက်ရောက် လှချင်မှာပေါ့... မဟုတ်ဘူးလား ပိုးဖြူ"

"ဝုတ်... ဝုတ်..."

ခွေးဖြူလေးက ကျွန်မပြောတဲ့စကားကို နားလည်သလိုနှင့် အသံပြန်ပြီးပြုသည်။ ခွေးဖြူကို ကျွန်မချစ်စနိုးနှင့် ပိုးဖြူအမည်ပေးထားသည်။

"ဒိုင်း... ဒိုင်း..."

"ဟယ်..."

သေနတ်သံ(၂)ချက်ထွက်ပေါ်လာပြီး၊ ကမ် ပါတွင်သေနတ်ကိုင်ထားသောလူ(၃)ယောက်ကိုတွေ့လိုက်ရသ

"ဟိုလေ့ကမ်းကိုကပ်စမ်း" ,ဦး

ကမ်းပေါ်မှ လှမ်းပြီးအော်ပြောနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းဘာမှ မစိုးရိမ်နဲ့ ငါအသက်ရှင်နေသရွေ့မင်းဘာမှမဖြစ်စေရဘူးဆိုတာ ငါကတိပေးတယ်"

လှေလေးကိုကမ်းဘက်ကိုကပ်ပေးပြီးကြိုးကြာနီဆင်းသွားသည်။

"ဘာသဘောနဲ့ကမ်းကိုကပ်ခိုင်းတာလဲကျူကျား.."

"မင်းလှေပေါ်က နတ်သမီးလေးကို သဘောကျလို့ အလှူခံမလို့ကွ"

"ကျူကျားမင်းပါးစပ်ကိုပိတ်ပြီး တောထဲကိုပြန်ဝင်ရင်ကောင်းမယ်"

"ဟား... ဟား... ဟားကြိုးကြာနီ ကျူကျားကိုအမိန့်ပေးနေတာလား။ဒီနယ်မှာ ကျူကျားဘာကောင်လဲဆိုတာ မင်းသဘောပေါက်မှာပါ"

"ကြိုးကြာနီဆိုတဲ့ကောင်က ဘယ်လိုလဲဆိုတာရော မင်းမေ့နေတယ်ထင်တယ်"

"ဒိုင်း... ဒိုင်း..."

"အား...ဒိုး မှ

ကြိုးကြာနီ၏ ဘားစုံးသည်နှင့် ခါးကြားမှသေနတ်တိုလျှပ်မြန်စွာ





ထုတ်ပြီးကျူကျားသေနတ်ကိုင်ထားသည့်လက်ကိုပစ်ချလိုက်သည်။

"ဟိုနှစ်ကောင်သေနတ်ကိုချလိုက်"

"ဟုတ်.. ဟုတ်ကဲ့အစ်ကိုကြိုးကြာနီ"

"သူ... သူ..ရန်လုပ်တာပါ၊ကျွန်တော်တို့က မလုပ်ဖို့တားပါသေးတယ်..."

"ကျူကျား..."

"ကြိုးကြာနီ"

"ငါ့လက်တွေက လူတွေရဲ့အသက်ကိုပဲ ကယ်ချင်တာ အေး... ဒီ လိုကောင်မျိုးတွေဆိုရင်တော့ ငါ့လက်တွေလူသတ်ရမှာကို ဝန်လေးဘူးနော်"

"ငါတောင်းပန်ပါတယ်"

"ကြိုးကြာနီ မင်းလက်ကိုမလွှပ်နဲ့နော်"

"ဟင်"

ကြိုးကြာနီနောက်မှ သေနတ်သမား(၂)ဦးရောက်လာပြီး သေနတ်နှင့်ချိန်ရွယ်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကိုစာရင်းရှင်းချင်တာနဲ့အတော်ပဲကွာ"

"စပ်ကျုံးမင်းဘာလုပ်ချင်လဲ လုပ်လေ"

"မင်းလက်ကသေနတ်ကိုအရင်ချလိုက်ပါဦး...ဒီမှာတွေ့တယ်နော်"

"ကြိုးကြာနီ ကယ်ပါဦး"

ကျွန်မကိုစပ်ကျုံးဆိုသောသူကသေနတ်နှင့်တော့ပြီး...ကြိုးကြာနီလက်ကသေနတ်ကိုချိန်းနေသည်။

"စပ်ကျုံးမင်းစာရင်းရှင်းချင်တာ ငါမဟုတ်လား၊ သူ့ကိုဒုက္ခမပေးနဲ့...ငါသေနတ်ချလိုက်ပြီ"

"ဘုတ်..."

"တကယ့်နတ်သမီးလေးတစ်ပါးပါလားဟေ့"

"ရှင်...လွှတ်...လွှတ်..."

"ချစ်စရာလေးမို့ချစ်မလို့ပါကွာ"

"တောက်"

"ဟား...ဟား...ကြိုးကြာနီ မင်းခန္ဓာကိုယ်လေးကိုနေရာမရွေ့လိုက်နဲ့ ကျူကျားဒီကောင်သေနတ်ကိုကောက်လိုက်စမ်း"

ကျူကျား...ကြိုးကြာနီဘေးမှသေနတ်ဆီသို့လှမ်းပြီးအကောက်တွင် -

"ဖြောင်း...ဒိုင်း...အား"

"ဟယ်"

ကျွန်မကို ချုပ်ကိုင်ထားသော သေနတ်သမားနဖူးတွင် ကျည်ဆံဖောက်ဝင်သွားပြီး နောက်သို့လဲကျသွားတော့၏။ ကြိုးကြာနီသေနတ်ကိုင်လျက်ရပ်နေပြီ ကျူကျားတစ်ယောက်ကတော့ မြေပြင်တွင်ကောက်နေတော့၏။

"ကို...ကို...ကြိုးကြာနီ...ကျွန်...ကျွန်တော်တို့မပါဘူး"

"မင်းတို့ဒီအလောင်းကို ပြန်ပြီးသယ်သွားလိုက်၊ ဘောစ်ကိုပြောလိုက် ကြိုးကြာနီသတ်လိုက်တာလို့"

"ဟုတ်ကဲ့...."

"မြန်မြန်သွားကြရအောင်"

ကျွန်မလက်များတွေတောင်အေးစက်ပြီးတုန်နေတာ မရှောက်







www.burmeseclassic.com

www.burmeseclassic.com



သေး -

"ဒီကောင်တွေက ဘိန်းစားမားပြကောင်တွေ၊ မားပြတိုက်မယ် ဘိန်းကူးမယ် သေနတ်ကိုင်ပြီးဗိုလ်ကျနေတာ"

"ရှင့်ကို ကျွန်မစုမှတာကယ်ကြောက်တာ"

"မင်းကြောက်အောင် ငါဘာမှမလုပ်ရပါလား"

"ရှင်လူတစ်ယောက်ကိုသတ်တာ သွေးအေးတယ်နော်"

"ငါလူမသတ်ချင်ပါဘူး၊ ငါကမသတ်ရင် မင်းကိုမဖြစ်မနေဒုက္ခ ပေးကြမှာမို့သတ်လိုက်တာ"

"ရှင်လူဘယ်နှစ်ယောက်လောက်ကို သတ်ပြီးပြီလဲ"

"ဒီလူဟာ ပထမဦးဆုံးအကြိမ်ငါသတ်ခဲ့တာပဲ… မင်းကိုဒုက္ခ ပေးဖို့ကြံစည်လို့သတ်ရတာ"

"ရှင်…"

ကျွန်မကြောင့် ကြိုးကြာနီ လူသတ်ရတယ်ဆိုသောစကား သည် ကျွန်မရင်ကိုလှုပ်ရမ်းသွားစေတာတော့အမှန်…။

"ရှေ့နားဆိုရင် ရောဘတိမ်သွားပြီ… မင်းလေလှေပေါ်မှာပဲနေ ငါ





ထဲဆင်းပြီး ကြိုးနဲ့ဆွဲသွားရမှာ"

"ကျွန်မရော ရေထဲဆင်းပြီးဆွဲလို့မရဘူးလား"

"အောက်ခြေကကျောက်တွေက မင်းဖဝါးနုနုလေးကို ဒုက္ခ ပေးလိမ့်မယ် မဆင်းပါနဲ့"

"ဆင်းကိုဆင်းချင်တယ်"

"မင်းသဘောပဲအမိ"

ကျွန်မရေထဲကိုဆင်းတော့ ပိုးမြွေခွေးကလေးကပါလိုက်ဆင်းပြီး မြူးလွှားဆော့ကစားတော့သည်။

"ဟဲ့ပိုးမြွေ ရေတွေစင်ကုန်ပြီဟဲ့"

"ဝုတ်…ဝုတ်"

"တယ် ဒီကောင်သေတော့မယ်"

ခွေးကလေးပိုးမြွေ ကျွန်မကိုကျီစယ်နောက်ပြောင်ဆော့ကစား နေသည်ကို နောက်မှလှမ်းဖမ်းရင်း။

"အိုး…"

"ဟား…"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မခြေထောက်ခေါက်ပြီး လဲကျသွားသည်။

"ငါ့စကားမှနားမထောင်တာကို ပြီးတော့ရေထဲမှာတောင် ဆော့ကစားနေလိုက်သေးတယ်"

ကျွန်မပခုံးလေးကို ဆုပ်ကိုင်ပြီး လှေပေါ်သို့တွဲတင်ကာ

"မင်းခြေထောက်ဆန့်လိုက်"

"ရှင်ဘာလုပ်မလို့လဲ..."

"ဆန့်မှာသာဆန့်ပါ...၊ စကားတွေသိပ်ပြီးမများနဲ့..."

"အား... နာတယ်"

"ကောလောက်သည်းခံပါ ခေါက်တာမကြီးရယ်"

ကျွန်မခြေဖဝါးလေးကို ကိုင်တွယ်ပြီး ဆွဲဆန့်လိုက်သည်။

"ဖျောက်..."

"အမလေး..."

ခြေဖဝါးတစ်ခုလုံးပူသွားပြီး နာကျင်နေသော ဝေဒနာယူ သလိုပျောက်သွားသည်။

"ရှင်အကြောပညာကို ကျွမ်းကျင်သားပဲ"





"နောက်တစ်ခါအောက်ကိုမဆင်းနဲ့တော့ ပိုးဖြူမင်းလည်း လှေပေါ်ကိုတက်တော့"

"ဝုတ်..."

ကျွန်မတို့စကားတွေကို ပိုးဖြူခွေးကလေး နားလည်နေတာ တာ အံ့ဩဖွယ်တော့ကောင်းသည်။ ခုဆိုရင် ကျွန်မဘေးမှာ ချစ်စရာ ကောင်းသော ခွေးလိမ္မာလေးတစ်ကောင် ရောက်နေပြီမဟုတ်လား။

● \ ● ♥

www.burmeseclassic.com

www.burmeseclassic.com

လှေပြန်ပြီးလှော်၍ရသောနေရာကိုရောက်မှ ကြိုးကြာနီလှေ

ပေါ်ကိုပြန်တက်ပြီး လှော်ခတ်ပြန်သည်။

"ရှင်သွားမယ့်နေရာက ခုထိမရောက်သေးဘူးပေါ့"

"လမ်းမှာသုံးညလောက်အိပ်ရဦးမယ်"

"အဲ... ရှင်ဘာလို့ဒီလောက်အဝေးကြီးကို ခေါ်လာရတာလဲ...

ရှင်ကျွန်မကို တစ်သက်လုံးပြန်မလွှတ်တော့ဘူးပေါ့"

"မင်းပြန်ရမှာပါ။ သူ့အချိန်နဲ့သူပေါ့ကွာ၊ မင်းနောက်ကိုမင်း





အိုကြီးက ထက်ကြပ်မကွာလိုက်လာနေမှာပါ"

"ရှင့်ဆီက သမိုင်းလျှို့ဝှက်ချက်လေးကို သိပ်ပြီးစိတ်ဝင်စား

တယ်၊ သိလည်းအရမ်းကိုသိချင်တယ်၊ ခုလိုအေးအေးလူလူသွားနေ

တုန်းပြောပြပါလား"

"ဒီနေရာကမင်းထင်သလို မအေးချမ်းဘူး...၊ အန္တရာယ်က

အချိန်မရွေးရောက်လာနိုင်တယ်"

"ရှင်"

ကျွန်မမျက်လုံးတွေ ဘေးပတ်ဝတ်ကျင်ကိုကြည့်တော့လည်း

တောတန်းတွေ ကျောက်နံရံကြီးတွေနှင့် သာယာလှပစွာပင် တွေ့နေရ

သေသည်။

"ရှင်တမင်ကျွန်မကြောက်အောင် ခြောက်နေတာမဟုတ်လား"

"မင်းစိတ်တွေကသိကအောင့်ဖြစ်စေမယ့်အလုပ်မျိုးငါမလုပ်ဘူး

ခေါ်စတန်းဖြူးလူလူ"

"ရှင်ကျွန်မကို ခုလိုဖမ်းလာတာရော"

"မင်းကို ခေါ်လာရတာ ငါ့စိတ်ထဲမှာမလွှဲရှောင်သာတဲ့သမိုင်း



www.burmeseclassic.com

www.burmeseclassic.com



တာဝန်တစ်ခုကို လုပ်နေရတာကလွဲပြီး တခြားခံစားချက်မရှိဘူး—မင်းဟာကြားခံလူတစ်ယောက် ဘာမှအမြစ်ရှိတဲ့သူမဟုတ်ဘူးဆိုတာကိုငါသိတယ် ဒါပေမယ့်ဟာ...”

ကြိုးကြာနီစကားလေးဆက်ပြီး မထွက်ဘဲ တွေဝေသွားသလို ကျွန်မလည်း ဆက်ပြီးတော့မမေးပါ...။

“ရှပ်...ရှဲ...ရှဲ”

“မြူးလူလူ ငါ့နားကိုလာခဲ့ကြ”

“ဟင်...ဘာ...ဘာဖြစ်လို့လဲကြားရတဲ့အသံက ဘာသံလဲဟင်”

“မြွေတွေရေသံကြားလို့ ဆင်းလာကြတာ”

“ဘာ...”

ကျွန်မနှင့်ပိုးဖြူ ကြိုးကြာနီနားသို့ရွှေ့ပြီးထိုင်နေစဉ် ကြိုးကြာနီ ကြိုးခွေနှင့် သံချွန်အကောက်တစ်ခုကို ချည်နှောင်နေသည်။

“ဟယ်...ဟို...ဟိုမှာ...”

မြွေတွေကုန်းပေါ်မှရေထဲကိုဆင်းလာတာမနည်းလှပါ...ကျွန်မ လှေဘေးနစ်ဖက်ကို ကပ်လို့မရနိုင်အောင် နစ်ဖက်ကမ်းဆီမှမြွေများ





ဆင်းလာနေသည်။

“ခေါင်းလေးငုံ့ထား”

ကျွန်မသူပြောသည့်အတိုင်း လှေဝမ်းလေးထဲတွင် ခေါင်းကလေးဝပ်ပြီး နေလိုက်သည်။

“ရှီ...ရှီ...ရှီ”

သံချွန်ကောက်တပ်ထားသော ကြိုးကိုမွှေ့ယမ်းပြီး ချောင်းထဲသို့ ထိုးထွက်ခံနေသော သစ်ပင်ကိုင်းကြီးကို ကြိုးကြာနီ လှမ်းပြီးပစ်လိုက်သည်။

“ဒုတ်...”

မြွေများမှာ လှေ၏အနီးဆုံးနေရာထိသို့ ရောက်နေပြီဖြစ်သည်။ ကြိုးကို နိုင်မနိုင်ဆွဲကြည့်ပြီးမှ -

“မတ်တတ်ရပ်လိုက် ပိုးဖြူကိုပွေ့ထား လက်တစ်ဖက်က ငါ့ခါး သိုင်းဖက်ထားလိုက်”

“ဝုန်း...ရှီ...”

“အမေ...”



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မရင်ထဲစိမ့်ပြီးအေးသွားပြီး ခန္ဓာကိုယ်တစ်ခုလုံး လေထဲတွင်လွင့်ပါသွားတော့သည်။ ကျွန်မတို့လှေငယ်ကလေးမှာ ရစရာမရှိအောင် မြွေများက ဖျက်ဆီးနေသည်။

"ဘုတ်...အိ..."

ကမ်းပေါ်သို့ ကြိုးလွဲပြီးရောက်သည်နှင့် လက်မှကြိုးကိုလွှတ်လိုက်သောကြောင့် ကျွန်မတို့ အောက်သို့ပြုတ်ကျသွားတော့သည်။

ကျွန်မက ကြိုးကြာနီအပေါ်မှာ ရောက်နေသဖြင့် ဘာမှမဖြစ်ပေမယ့် ကျွန်မအောက်မှ ကြိုးကြာနီကတော့ သက်သာမည်မဟုတ်။

"မင်းဘာဖြစ်သွားသေးလဲ"

"ကျွန်မဘာမှမဖြစ်ဘူး၊ ရှင့်ကိုမေးရမှာ...ဟယ်"

ကျွန်မကြိုးကြာနီကိုသေချာစွာကြည့်တော့ နောက်စေ့တွင်သွေးတွေကစီးကျလာနေသည်။

"ရှင်နောက်စေ့ပေါက်သွားတယ်"

"ရပါတယ် မဖြစ်စလောက်လေးပါ၊ ငါတို့တော့ လှေနဲ့ရေစက်ကုန်သွားပြီ..."





ချောင်းထဲတွင် လှေကလေးမှာ သုံးစားလို့တောင်မရတော့။

"ရှင့်ဒဏ်ရာကို ရေဆေးပြီးအဝတ်စည်းထားလိုက်ပါလား"

"ဖြို"

ကြိုးကြာနီ သူ့အကျီလက်မောင်းကို ဆုတ်ဖြဲလိုက်ပြီး ခေါင်းမှ ဒဏ်ရာကိုစည်းဖို့လုပ်နေသဖြင့် ကျွန်မယူပြီး စည်းပေးလိုက်ရသည်။

"ကျေးဇူးတင်ပါတယ် ခြူးလှလှ...ရန်သူပေါ်မှာစေတနာထားတာ ကိုလေးစားပါတယ်"

"ရှင်နဲ့ကျွန်မဟာ ရန်သူတွေမဟုတ်ပါဘူး... တစ်ခါမှမတွေ့ဘူးတဲ့လူတွေပါ"

"မင်းကိုအဓမ္မခေါ်လာတာကို မင်းရန်ငြိုးမထားဘူးလား"

"ကျွန်မက ဆရာဝန်တစ်ဦးပါ။ ကျွန်မရှေ့မှာ ဒဏ်ရာရနေသူဆို ရန်သူဖြစ်စေ မိတ်ဆွေဖြစ်စေ လုပ်ကိုင်ပေးရမှာပဲ၊ ရှင်ဘာအပြိုးတွေနဲ့ ကျွန်မကို ဖမ်းလာတာမဟုတ်ဘူးလား"

"ငါ့ရဲ့အမုန်းတရားတွေဟာ မင်းပေါ်မှာ မြူတစ်မှုန်တောင်မရှိပါဘူးကွာ၊ မိုးမချုပ်ခင်တောထဲကထွက်ကြရမယ်၊ ငါတို့ဆီမှာ ဘာမှမရှိ



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး သွားကြမယ်"

ကျွန်မတို့အတွက်ရှာမှပေးလိုက်သော စားသောက်စရာတွေလည်းတစ်ခုမှမရှိတော့ပါ... ကျွန်မကိုကြိုးကြာနီ စပြီးခေါ်စဉ်ကလို ပြေးပြေးလွှားလွှား မဟုတ်တော့ဘဲ အေးအေးဆေးဆေးပင် ခေါ်ခဲ့သည်။ ကျွန်မနားချင်ရင် နားပြီးမှသွားခဲ့ရင်း ရေတံခွန်ကြီးတစ်ခုနားသို့ ရောက်ခဲ့ကြသည်။

"ဟာ...ကံကောင်းတယ်"

"ဘာကံကောင်းတာလဲ"

ကြိုးကြာနီသူ့အိတ်ကပ်ထဲမှ ဇစ်ပိုမီးခြစ်လေးကို ထုတ်ပြလိုက်သည်။ သေနတ်နှင့် ဓါးမြှောင်ကတော့ သူ့ခါးကြားမှ ပြုတ်မကျခဲ့ပေ။

"ဒီမှာနားမယ်... ငါစားသောက်ဖို့အတွက် ကြံလိုက်ဦးမယ်"

ကျွန်မနှင့်ပိုးဖြူကိုထားခဲ့ပြီး တောစပ်နားမှပေါက်နေသော ဝါးလုံးတစ်လုံးကိုပိုင်းဖြတ်၍ အချွန်ကလေးဖြစ်အောင် လုပ်နေသည်။

"ဝါးချွန်နဲ့ဘာလုပ်မလို့လဲ"

"ငါးဖမ်းမလို့လေ"





"ငါးများတယ်မရှိဘဲ ဖမ်းလို့ရမလား"

"မင်းအချိန်တန်ရင်စားရမယ်စောင့်နေ"

ကြိုးကြာနီဝါးချွန်ကိုကိုင်ပြီး ရေထဲသို့ဆင်းသွားသည်။ ကျွန်မနှင့်ခွေးလေးပိုးဖြူကတော့ ကျောက်တုံးကြီးပေါ်တွင် ထိုင်လျက်ကြည့်နေလိုက်၏။ သိပ်ပြီးမကြာလိုက်၊ ကြိုးကြာနီငါးတွေနှင့်ပြန်ပြီးရောက်လာသည်။

"တယ်ဟုတ်ပါလား... ဘာငါးကြီးတွေလည်းကြီးလိုက်တာ.."

"ရွှေငါးကြင်းလို့ခေါ်တယ်၊ သိပ်ပြီးချိုတယ်စားကြည့်ရင်သိမှာပါ"

"ကျွန်မကိုကြော်ပြီးကျွေးပါလား"

"တောထဲမှာ ဆီရောင်းတဲ့ဆိုင်မရှိလို့ပါ"

ကျွန်မတမင်နောက်လိုက်ပြီး ကြိုးကြာနီဘေးတွင်ဝင်ထိုင်ကာ သူငါးတွေကို လုပ်ကိုင်နေသည်ကို ကြည့်နေမိသည်၊ ကျွန်မနှင့် သူ့ကြားတွင် ရင်းနှီးမှုလေးတွေရှိနေပြီမဟုတ်လား။

ကျွန်မတို့စားသောက်ပြီးလို့ နားနေစဉ်... လေတိုးသံကြီးက သစ်ပင်တွေကိုပြင်းပြင်းထန်ထန်ရိုက်ပုတ်နေသောကြောင့်ချောက်



www.burmeseclassic.com

www.burmeseclassic.com



ရှားဖွယ်ကြားနေရသည်။

"ဘယ်လိုဖြစ်တာလဲ"

"မိုးရွာမယ့်ပုံပဲ"

"ဟော..."

"ငါတို့မိုးလုံတဲ့နေရာကိုအရင်သွားရှာမယ်"

ရေတံခွန်အနီးလေးတွင် တွေ့လိုက်ရသော ကျောက်ဂူလေး တစ်ခုဆီသို့ ဝင်ကြည့်တော့ ကျွန်မတို့(၂)ယောက်နှင့် ပိုးဖြူ အိပ်လို့ တော်ရသည်။

"ဒီမှာနေကြဦး..."

"ရှင်ကဘယ်သွားဦးမလို့လဲ၊ အဝေးကြီးမသွားနဲ့ မနေရဲဘူး"

"ဒီနားလေးတင်ပါ...မိုးမရွာခင် ထင်းခြောက်လေးတွေသွားပြီးကောက်ထားမလို့မင်းကချမ်းတတ်တယ်...တောထဲမှာရွာတဲ့မိုးကမြို့မှာရွာ တဲ့မိုးနဲ့မတူဘူးဖြူးလူလူ၊ ခဏတဖြုတ်ရွာတာမဟုတ်ဘူး၊ တစ်ခါရွာရင်တစ်ရက်လောက်တောင်ကြာတတ်တယ်၊ ပြီးတော့ သိပ်ပြီးအေးတာ"





ကျွန်မနှင့်ပိုးဖြူကိုထားပြီး တောစပ်ဘက်ကိုထွက်သွားပြန်သည်။ ကျွန်မအိမ်ကိုပြန်ပြီးသတိရမိသလို နောင်မင်းထူးတစ်ယောက်ကျွန်မကိုတောနင်းပြီးရှာနေပြီလား၊ ဒယ်ဒီကတော့ ကျွန်မကိုသေချာပေါက်ရှာနေမှာသေချာသည်။

•৲ • ♥

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မဖခင်ကြီး ဦးခွန်လျံစောဘာကြောင့် နောင်လွင်ထူး စကားတွေပေါ်မှာ လွန်ဆန်နိုင်ခြင်းမရှိသည်ကို စဉ်းစားလို့ပင်မရ၊ တစ်ခါကျွန်မကျောင်းမှပြန်ရောက်လာသည်ကိုဒယ်ဒီမသိ၊အိမ်ဧည့် ခန်းတွင် နောင်လွင်ထူးနှင့် စကားပြောနေသည်ကို တွေ့လိုက်ရတယ်၊ နောင်လွင်ထူးက ဒယ်ဒီကိုဒေါသနှင့်ပြောဆိုနေခြင်းကို ဘာတစ်ခွန်းမှ ပြန်ပြောခြင်းမရှိခြင်းကို ကျွန်မတွေ့ဘူးသည်။ တကယ်ဆိုသားနှင့်





ဘဝလောက်ကွာခြားတဲ့ပေါ်မှာ နောင်လွင်ထူးဆက်ဆံမှုဟာ ရိုင်း ိုင်းတယ်လို့တောင် ထင်မိသည်။

ကျွန်မရှေ့မှာတော့ ဒယ်ဒီကိုဆက်ဆံသည်မှာ ရိုသေကိုင်းရှိုင်း ှုအပြည့်နောက်ကွယ်တော့ ဘယ်လောက်အတိုင်းအတာထိ ဆက်ဆံနေသလဲပင်မသိ။

"ဝုတ်..."

ဖိုးဖြူလေးဟောင်သံကြောင့် ကြည့်လိုက်တော့ ကြိုးကြာနီ သစ်ကိုင်းခြောက်တွေ ထမ်းပြီးလာနေသည်။

"ဘုန်း"

"ရှင့်ထင်းခြောက်တွေက များလှချည်လား ဒီမှာဘယ်လောက် သိနေဖို့ယူလာတာလဲ"

"မလိုအပ်ဘဲ ပန်းအလေးခံပြီး ထမ်းမလားပါဘူး... ဟောမိုး တိမ်မိုးပေါက်တွေတောင် ကျနေပြီ"

မိုးစက်ကလေးတွေမှ မိုးစက်ကြီးများအသွင်သို့ ပြောင်းသွား ပြီး မိုးတွေသဲကြီးမဲကြီးရွာလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကြိုးကြာနီထင်းခြောက်ကလေးတွေနှင့်မီးဖိုလေးကိုစတင်ပြီး ဖိုလေသည်။

"တောထဲမှာရှာတဲ့မိုးက ပတ်ဝန်းကျင်တစ်ခုလုံးမည်းမှောင်သွားတာပဲနော်၊ မီးမွှေးထားတာမဆောဘူးလား"

"ဂူထဲကို တခြားသားရဲတိရစ္ဆာန်တွေ ဝင်မလာနိုင်အောင်မီးနဲ့ လှန့်ထားရတာ၊ မိုးရွာရင်တိရစ္ဆာန်တွေကမိုးလွတ်ရာကိုပြေးဝင်တတ်ကြတယ်"

"ရှင်တောထဲမှာ တော်တော်ကိုကျင်လည်ခဲ့တဲ့သူပဲနော် မုဆိုးလုပ်ဖူးတယ်နဲ့တူတယ်"

"သူများအသက်ကိုသတ်ဖြတ်ပြီး ဘဝကိုမရပ်တည်ခဲ့ပါဘူး ခုတောထဲမှာသတ်ဖြတ်ရတာ မဖြစ်မနေဝမ်းစာအတွက်သတ်ရတာ မုဆိုးမလုပ်ခဲ့ဘူးပါဘူး၊ တောထဲမှာတော့ ကျင်လည်ခဲ့ဘူးတယ်"

"ရှင်ရွာတော်တော်များများနဲ့ ရင်းနှီးတယ်နော်၊ ရှင့်ကိုလည်းကြည်ညိုလေးစားတာကို သတိထားမိတယ်၊ ဆရာဆရာလို့ခေါ်တာလည်းကြားတယ်၊ ရှင်ကဘာဆရာလဲဟင်"





"ဗေဒင်ဆရာ"

"ကောင်းကောင်းပြောပါ"

"တကယ်ပြောတာမင်းကမယုံဘူးလား"

"ရှင်တကယ်ဗေဒင်တွက်တတ်တယ်ပေါ့"

"မင်းသိချင်တာမေးလေ"

"ကျွန်မနဲ့နောင်လွင်ထူးပြန်ပြီးဆုံနိုင်ပ[illegible]ား"

"မင်းလက်ကလေးကိုဖြန့်ပြီးပြ"

ကျွန်မလက်ကလေးနစ်ဖက်ကိုဖြန့်ပြီးပြလိုက်တော့..

"မင်းစိတ်မကောင်းမဖြစ်နဲ့နော်၊ စိတ်ခိုင်တယ်မဟုတ်လား"

"ရှင်ပြောမှာသာပြောပါ"

"မင်းနဲ့နောင်လွင်ထူးဆုံခဲ့ရင်တောင် ပေါင်းသင်းခွင့်မရဘူး"

"ဘာကြောင့်လဲဆိုတာပြောလေ"

"ကြိုးကြာနီဆိုတဲ့လူတစ်ယောက်က ပေါင်းစည်းခွင့်မပေးလို့"

"ရှင်က ကျွန်မနဲ့နောင်လွင်ထူးကို သဘောမတူတဲ့သဘောကြောင့်လား၊ ဒါမှမဟုတ် နောင်လွင်ထူးကိုမုန်းတီးမှုကြောင့်လား"



www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့သဘောတူခြင်းမတူခြင်းဟာ ငါ့အနေနဲ့ပြောဆိုပိုင်ခွင့်မရှိပါဘူး။ နောင်လွင်ထူးကို မုန်းတီးတာတော့အမှန်ဆုံးစကားပဲ၊ ဒီထက်ပိုပြီးပြည့်စုံအောင် ပြောရရင် နာကြည်းမှုတွေပါတယ်"

"ဒါများရှင်ရယ် သူ့ကိုသတ်လိုက်ရင် ပြီးတာပဲကျွန်မကိုခေါ်လာစရာတောင်မရှိဘူး"

"နောင်လွင်ထူးဆိုတဲ့ကောင်ကို သတ်မယ်ဆိုရင် သိပ်ပြီးခဲခဲယဉ်းယဉ်းမရှိပါဘူး၊ လူကိုမသတ်ချင်ဘူးဒီကောင့်နှလုံးသားကိုအရင်ဆုံးထိုးသတ်ချင်တာ"

"နောင်လွင်ထူးဆိုတဲ့လူ ကျွန်မကိုရှင်ထင်သလောက်စွဲလမ်းမယ်ထင်နေတာကိုး၊ ဒီလိုလူနံဘေးမှာ ကျွန်မထက်ချောလှတဲ့သူတွေပေါများပါတယ်၊ ရှင်အထင်မကြီးပါနဲ့"

"မင်းကိုသူလက်လွှတ်ခံမှာမဟုတ်ဘူး မရရအောင်ရှာပြီးယူမှာ…ခြူးလူလူ"

"ရှင့်ကိုတစ်ခုမေးချင်တယ်၊ ရှင်ဖါကိုတော့ကျွန်မကိုပွင့်ပွင့်လင်းလင်းပြောပါ"





"မင်းဘာသိချင်တာလဲ"

"နောင်လွင်ထူးကျွန်မကိုလက်ထပ်တာ ချစ်ခင်စုံမက်လို့လား၊ ဒါမှမဟုတ် အခြားအကြောင်းတစ်ခုရှိနေလားဆိုတာကို ရှင်ပြောပြပါလား"

"စရိုက်မှာ ငါပြောတဲ့စကားတွေဟာ မင်းစိတ်ကိုပြောင်းလာဖို့ပြောပြသလိုဖြစ်နေပါမယ်၊ မင်းသိလာစေရမှာပါ"

"ရှင်ဟာသိပ်ပြီး လျှို့ဝှက်ချက်တွေများတဲ့သူပဲ ပြောမနေနဲ့တော့ ဘာမှဆက်ပြီး မမေးတော့ဘူးရှင့်ဗေဒင်အလကားပဲ"

"မင်းကငါ့ဗေဒင်ပညာကိုလျှော့တွက်တာကိုး နောင်ဖြစ်လာတာတွေကို မဟောဘူး၊ ဖြစ်ခဲ့တာတွေကိုတော့ သိပ်များများစားစားမဟောဘူး၊ မင်းအသက် (၁၆) နှစ်တုန်းက ရေနစ်ဖူးတယ်၊ ဒီတုန်းကမင်းကိုမင်းနဲ့ရွယ်တူ တောင်လေးတစ်ဦးက ကယ်ခဲ့တယ်မဟုတ်လား"

"ဟင်…ဟုတ်…ဟုတ်တယ်"

ကျွန်မအဘွားဆီကို သွားပြီးလည်တုန်းက ဖြစ်ပျက်ခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်အပျက်လေးတစ်ခုပါ၊ ကျွန်မမျက်လုံးထဲတွင် ပါနေ့တိုင်မြင် ယောင်နေသော အဖြစ်အပျက်လေးတစ်ခုရယ်ပါ။

ဘွားဘွားဒေါ်စောခမ်းမြိုင်တို့နေတဲ့ အိမ်ကြီးနောက်ဘက်မှာ ချောင်းက လေးတစ်ခုရှိခဲ့တယ်၊ သိပ်အကျယ်ကြီးတော့မဟုတ်ဘူး ကျွန်မချောင်းနံ့လေးကလှေကလေးပေါ်မှာ ဝင်ပြီးဆော့ရင်း လှေ ချည်ထားတဲ့ကြိုးကပြုတ်ထွက်သွားပြီး ရေစီးထဲမှာမျောပါသွားတာ ကြောက်ကြောက်လန့်လန့်နှင့် ရေထဲကိုခုန်ချတော့ ကျွန်မရေနစ် တယ်၊ ဒီအချိန်မှာ လှေကလေးတစ်စီးနှင့် လာနေသော ကျွန်မနှ ရွယ်တူလေးတစ်ဦးကဆင်းကယ်တင်ခဲ့လို့ ကျွန်မဘဝရုထိ အသက် ရှင်ခဲ့ရတာပါ။ ကျွန်မကိုကယ်တင်ခဲ့တဲ့သူကို ကျွန်မသေသေချာချာ မမှတ်မိခဲ့တာအမှန်၊ ကြောက်လန့်စိတ်နဲ့ သဲသဲကွဲကွဲဘာ ကိုမှ မမြင် ရသလို ဒီစိတ်နဲ့ကျွန်မ နေမကောင်းဖြစ်ခဲ့တယ်၊ ကယ်မရဲ့ကျေးဇူးရှင် နာမည်တောင်ကျွန်မဘက်ကမသိခဲ့ရပါ။

"ရှင်ဘယ်လိုလုပ်ပြီးသိတာလဲ"

"ဖေခင်ဆိုတာ တွက်ချက်ပြီးဟောရတာ၊ မှန်တယ်မဟုတ်





လား ဒေါ်စောနန်းခြူးလှုလှု"

"ကျွန်မဖေခင်ကိုမယုံဘူး၊ ရှင်သိရတဲ့အကြောင်းရှိရမယ်"

"မင်းကတကယ်တို့ဖွတ်သမားလေးပဲကွ…မင်းဘဝနဲ့ငါ့ဘဝက အဝေးကြီး ဘယ်လိုမှမနီးစပ်တာ ဘယ်လိုလုပ်ပြီးသိနိုင်မှာလဲ"

ကြိုးကြာနီဘယ်လိုပဲပြောပြော ကျွန်မကတော့ သံသယဖြစ်မိ တာတော့အမှန်ပါ။

● \ ○ ♥

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၆)

ကွန်နီရွာကိုရောက်တော့ ကြိုးကြာနီနှင့် မြူလုံးလုံးတို့ရောက်ခဲ့ကြတယ်ဆိုတာတော့ ရွာသားတွေမငြင်းဆိုသလို ရွာလူကြီးကိုယ်တိုင်ကလည်းပြောသည်။

"မိန်းကလေးကရွာလူကြီးကို အကူအညီမတောင်းဘူးလား"

"မိန်းကလေးပုံစံက သူ့ကိုဖမ်းခေါ်လာတဲ့ပုံစံမျိုးမဟုတ်ဘူး။ နိုးကြာလိုက်လာသလိုပဲ အေးအေးဆေးဆေးပါပဲ"





"ဟာ.."

ရွာလူကြီးစကားကိုကြားရတော့ နောင်မင်းထူးတို့ သတို့သမီးကိုစဉ်းစားရကျပ်သွားသည်။

"သူတို့ဘယ်ကိုဆက်ပြီးသွားမယ်ဆိုတာတော့ ရွာလူကြီးတကယ်မသိဘူးပေါ့"

"ဒီကဗိုလ်လေးတို့ကိုမညာဝံ့ပါဘူးဗျာ... တကယ်မသိတာပါ၊ နတ်ဘုရားကြီးနဲ့တိုင်တည်ရဲပါတယ်"

နောင်မင်းထူး ရှိုးသားသော တိုင်းရင်းသားတွေပေါ်မှာ ထပ်ပြီးတော့ခြောက်လှန့်ကာ မမေးရက်...၊ တစ်ရွာလုံးရှိရွာသားတွေကိုတီးခေါက်ပေမယ့် ကြိုးကြာနီ ခရီးစဉ်ကိုမသိခဲ့ကြ..။

သစ္စာရှိစွာနဲ့ ဖုံးကွယ်ခြင်းလည်းဖြစ်နိုင်သည်။

"ဆရာနောင်"

"ဘာများလည်း ဆရာနိုင်ခေါ်"

"ရဲဘော်တွေ အခြေအနေမကောင်းဘူး၊ တစ်ယောက်ပြီးတစ်ယောက်ဖျားနေကြပြီ"



www.burmeseclassic.com

www.burmeseclassic.com



ရဲဘော်တွေခရီးပန်းပြီး ဖျားနာမှုတွေကို ကြုံနေရသဖြင့် ခွန်အားဆက်ဖို့အခက်တွေ့နေသည်။

"ကျော်ဝံ...မင်းဘယ်လိုသဘောရလဲ"

"ကြီးကြာနီဘယ်ရွာကိုသွားသလဲဆိုတာကိုတိတိကျကျမသိရသေးဘဲ မသွားရတာခြင်းအတူတူ ရဲဘော်တွေကိုရွာမှာဆေးကုရင်း နိုင်လုံအောင်စုံစမ်းတာပေါ့"

"ရွာလူကြီးကျွန်တော်တို့ကိုတစ်ခုလောက်ကူညီပေးပါ"

"ဟုတ်ကဲ့ပြောပါဗိုလ်လေး"

"ကျွန်တော်တို့အတွက် စခန်းချဖို့အိမ်ကလေးတစ်လုံးလောက် ကူညီပေးပါ။ ရဲဘော်တွေနေမကောင်းဖြစ်နေလို့ ဆေးပါကုချင်တယ်"

"စိတ်ချပါဗိုလ်လေး အားလုံးအဆင်ပြေအောင်စီစဉ်ပေးပါမယ်"

"ကျေးဇူးပဲဗျာ ဆရာနိုင်သော် ရွာလူကြီးနဲ့ နေထိုင်ဖို့စီစဉ်ဗျာ"

"ဟုတ်ကဲ့ဆရာ"

"ကျော်ဝံ...မင်းနဲ့ငါ ရွာထဲလျှောက်ကြရအောင် ဖထီးရေလိုက်ခဲ့ဦး"





မုဆိုးဖထီးကိုခေါ်ဆောင်ပြီး ရွာထဲသို့ထွက်လာခဲ့ကြတော့သည်။ လမ်းတွင် ဆော့ကစားနေသော ကလေး(၃)ယောက်နားသို့... ရောက်တော့...

"ချာတိတ်တို့"

"ဗျာ...ဦးဦးရဲကြီး"

"မင်းတို့ဦးကြီးကြာနီကိုသိလား"

"ဆရာကြီးကြာလား ဟုတ်ကဲ့သိပါတယ်"

"သူဒီရွာကိုရောက်လာသလား"

"အင်း မမကြီးတစ်ယောက်နဲ့ရောက်လာတာ ခွေးဖြူလေးတောင် ပါသေးတယ်"

"သူတို့ဘယ်ကနေထွက်သွားတာလဲ"

"အင်းအဲ့ဒါတော့သားတို့မသိပါဘူး သွားဦးမယ်နော်"

ချာတိတ်လေး(၃)ယောက်နောင်မင်းထွေးနားမှ အပြေးကလေး ထွက်သွားတော့သည်။

"ဒီရွာမှာရှိတဲ့ လူကြီးကလေးတွေဆီကတော့ စုံစမ်းဖို့ခက်ဦးတော့



www.burmeseclassic.com

www.burmeseclassic.com



နဲ့တော့ ကျော်ဖုံရေ…"

"ကြိုးကြာနီပေါ်မှာ တကယ်သစ္စာသိကြတဲ့ရွာပဲကွ…"

"ဒီအချက်ကိုကြည့်ရင်ကြိုးကြာနီဟာ ရွာပေါ်မှာ ဘယ်လောက် ကောင်းသလဲဆိုတာကို သိနိုင်တယ်ကွ"

"သေချာတယ်နောင်မင်းထူးရေ"

"ဖထီး ရွာရဲ့ထွက်လမ်းကဘယ်နှစ်ပေါက်လောက်ရှိမလဲ"

"အရှေ့နဲ့အနောက်(၂)ပေါက်ပဲရှိတယ်ဆရာ…၊ ဘေးမှာက တောင်နံရံတွေပဲရှိတာ၊ အရှေ့ဘက်က ကုန်းလမ်း၊ ဆရာ တောင်နဲ့ တောတွေကြားကသွားရတာ၊ ပဒူးရွာကိုသွားတယ်၊ နောက်ဘက် ပေါက်ကတော့ ချောင်းလမ်းကလေး ဆရာ ဒေါင်ဂူးရွာကိုသွားတာ"

"ကြိုးကြာနီငါတို့ကို အရှေ့နဲ့အနောက်ကို ခွဲချယ်နိုင်းလိုက် တာပဲ၊ ဒီအထိလိုက်လာပြီးမှတော့ နောက်ဆုံးပစ်မှတ်ထိကိုလိုက်ရ ပဲပေါ့၊ ကဲလူညီပြီးမပြန်ခင် အနောက်ဘက်ချောင်းကို သွားပြီးကြည့် အောင်"

ရွာနောက်ဘက်ဆီသို့လျှောက်လာကြရင်း -





"မင်းကိုမေးရဦးမယ် နောင်မင်းထူး၊ မင်းတာဝန်ကျတဲ့မြို့မှာ လွန်ခဲ့တဲ့(၅)နှစ်လောက်က မိန်းကလေးတစ်ဦးနဲ့ ကလေးငယ်တစ်ဦး သတ်ဖြတ်ပြီး မြေမြှုပ်တဲ့အမှုပေါ်သွားပြီလား"

"မပေါ်သေးပါဘူး ငါနယ်ဘက်ကိုတာဝန်မကျခင် (၂)နှစ် လောက်ကဖြစ်ပွားခဲ့တာ လူသတ်သမားဘက်က သိပ်ပြီးပိပိရိရိနဲ့ လုပ်ခဲ့တာ သေသပ်တယ်…၊ မသင်္ကာသူတွေတော့ဖမ်းပြီး စစ်ဆေး သည်းမရပါဘူးကွာ၊ လူကြီးတွေကတော့ ဒီအမှုကို ဖိအားပေးနေ တယ်၊ ဒီနှစ်အတွင်းမှာရအောင်ဖော်ထုတ်နိုင်းနေတာ၊ ငါက ကဲဆိုးပြီး ရောက်လာရတာ ပေါ့…ဒီအမှုကိုပါကိုင်တွယ်နေရတာ"

"သဲလွန်စရောမရသေးဘူးလား"

"သံသယပစ်မှတ်သမားတွေတော့ တွေ့ထားပြီးပါပြီ၊ ကိုယ့် ဘက်ကမနိုင်လုံသေးလို့ စောင့်ကြည့်နေတာ၊ သူထက် ဆိုးကဲ့ကိစ္စ ညည်းရှိနေတယ်မူးယစ်ဆေးဝါးတွေဝင်နေတဲ့လမ်းကြောင်းကိုစစ်ဆင် ရေးလုပ်နေရတာမင်းတို့ဘက်တွေလည်းပါတာပဲမဟုတ် လား"

"ပါတယ်နောင်မင်းထူးရေ၊ ဒီအဖွဲ့လှုပ်ရှားမှုကိုတော့ဖော်



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ရမှာပဲ"

ရွာနောက်ဘက်ချောင်းနားဆီသို့ရောက်တော့ စကားဖြတ်လိုက်ပြီး ကူးတို့ဆိပ်ဘက်သို့ဆင်းလာခဲ့သည်။ ကူးတို့ဆိပ်တွင်ရှိသောလှေကလေးတွေမှာ လူ(၂)ယောက်(၃)ယောက်စီးလှေလေးတွေဖြစ်သည်။

"ဒီချောင်းကနေသွားဖို့ဆိုတာ မလွယ်ဘူးဆရာ"

"ဘာဖြစ်လို့လဲ"

"မြွေပေါတယ်၊ ပြီးတော့ ကျူကျားဆိုတဲ့ ဓားပြကောင်တွေ ကျက်စားတဲ့နေရာလေ"

"ကြိုးကြာနီဒီလမ်းကိုမရွေးချယ်လောက်ဘူးလို့ထင်တာပဲ"

နောင်မင်းထူး ကျော်ဇံစကားကို နားထောင်ပေမယ့် အဖြေတော့မပေးခဲ့ပါ။

"မင်းဘယ်လိုမြင်လဲ"

"အန္တရာယ်နဲ့တွေ့ကြုံမယ်ဆိုရင် ကြိုးကြာနီဟာ ဒီရေလမ်းကနေ လုံလုံးမသွားသင့်ဘူး…ဒါပေမယ့် သူဟာအန္တရာယ်တွေကိုစိန်ခေါ်နေ





တဲ့လူတစ်ယောက်ဆိုတော့ ဒီလမ်းမျိုးကိုရွေးချယ်နိုင်တယ်၊ ဘာကြောင့်ငါပြောနိုင်လဲဆိုရင် သူ့နောက်ကိုလိုက်လာမယ့်သူတွေဟာ စောစောကမင်းတွေးသလိုပဲ အများဆုံးတွေးမှာပဲ၊ ဒီအတွေးမျိုးကိုတွေးမယ်ဆိုတာကိုကြိုးကြာနီသိထားမှာပဲကွ နောက်ကလိုက်တဲ့သူတွေကုန်းလမ်းကနေလိုက်ဖို့သေချာတွက်ထားပြီး သူဒီလမ်းကိုရွေးချယ်ဖို့ကများတယ်"

"ဪ…မင်းပြောတာသဘာဝကျတယ်၊ မင်းဆုံးဖြတ်ချက်ချပြီးပြီလား နောင်မင်းထူး"

"ယာယီဆုံးဖြတ်ချက်ကတော့ ဒေါင်ရွာကိုရွေးချယ်ထားတယ်၊ နောက်ပိုင်းနိုင်လုံမှုထပ်ရမှ အတည်ဆုံးဖြတ်ကြတာပေါ့ကွာ မြန်ကြရအောင်"

နောင်မင်းထူးရင်ထဲမှာ အဖြေကလေးတစ်ခုရလိုက်သလို ကြောင့်ပေါ့ပါးသွားသည်။

"ရွာလေးကနေချင်စရာလေးပဲနော်"

"မြန်မာပြည်ထဲမှာ ခုလိုလှတဲ့တောင်တန်းကြီးတွေနဲ့ကျွှာ



www.burmeseclassic.com

www.burmeseclassic.com



လေးတွေအများကြီးရှိနေတယ်...၊ လူသူအရောက်အပေါက်နည်းတဲ့ လို့ကွ...”

“အင်း ငါတို့ကတော့ ကြိုးကြာနီနောက်ကနေ အချိန်ကတော့ တော်တော်ကိုကြာပြီးမှ လိုက်နေရတာ...၊ ဆိုတယ်ပေါ့...”

## အခန်း (၇)

တောင်ကုန်းအနိမ့်အမြင့်တွေ ဖြတ်ကျော်ခဲ့ရသည့် ကျွန်မ နောက်ဆုံးကြိုးကြာနီလက်မောင်းလေးဆီမှီတွဲပြီး လိုက်ခဲ့ရတော့သည်။

“ရှင့်ရဲ့ကမ္ဘာတစ်ဖက်စွန်းရွာကို မရောက်သေးဘူးလား”

“ရောက်တော့မှာပါ၊ မင်းသိပ်ပြီးပင်ပန်းနေရင် နားဦးလေ”

“ခြေထောက်တွေ သယ်တောင်မသယ်ချင်တော့ဘူး”

“ငါကျောပိုးပြီးခေါ်သွားရမလား”

“အိုမဟုတ်တာ လူမြင်မကောင်း သူမြင်မကောင်း”

www.burmeseclassic.com



"ဒီနေရာမှာ ဘယ်သူမှမင်းကိုမတွေ့နိုင်ပါဘူးကွာ ငါ့ကျောပေါ် တက်"

"ကျွန်မရလိုပဲတွဲပြီးလျှောက်ပါရစေတော့"

"ရေမှာ ခဏနားပြီး ပါလာတဲ့သစ်သီးဝလံတွေကိုစားလိုက်ပါဦး"

"အင်း"

ကျွန်မတို့တောထဲကထွက်လာစဉ် လမ်းမှာတွေ့သည့်ငှက်ပျောသီး၊ သစ်တော်သီးနှင့် ကျွန်မ မစားဘူးသော အသီးတွေကို ကြိုးကြာနီ သယ်နိုင်သလောက်သယ်ခဲ့သည်။

ကျွန်မတို့နားနေသောနေရာ၏အရှေ့တွင် လမ်းသွယ်ဖြစ်နေတာကိုတွေ့ရသဖြင့်...

"ဒီလမ်းကလူသွားလူလာရှိမယ့်ပုံပဲနော်"

"သွားကြလာကြပါတယ်၊ နယ်စပ်မြို့တွေကိုသွားလို့ရတယ်လေ၊ တောထဲမှာ (၂)ညလောက်အိပ်ပြီး သွားနေကြရတာပဲ"

"ဒီဒေသမှာနေထိုင်ကြတဲ့သူတွေရဲ့ဘဝက သနားစရာနော်"

"မင်းတောင်လူတွေပေါ်မှာ ခံစားတတ်နေပြီပဲ"





"ရှင့်စကားက ဘာသဘောလဲ၊ လူတွေပေါ်မှာ ကျွန်မက အကြင်နာတရားကင်းမဲ့တယ်လို့ဆိုလိုတာလား"

"ဂုဏ်မနေတွေအောက်မှာ ရှိနေသူတွေ တော်တော်များများဟာ၊ ကျောမွဲလူတန်းစားတွေပေါ်မှာ စေတနာသိပ်ပြီးမထားကြဘူးလို့ ထင်မိလို့ပါ"

"ရှင်ပြောတဲ့စကားက မှန်သင့်သလောက်တော့မှန်ပါတယ်၊ ဒါပေမယ့် နေဂုဏ်အောက်ကလူအားလုံးတော့ မဟုတ်ဘူး"

"ဒီထဲမှာမင်းမပါဘူးပေါ့"

"ရှင့်ကိုမညာဘဲအမှန်တိုင်းပြောရရင် ကျွန်မဆင်းရဲတဲ့သူတွေနဲ့ သူငယ်ချင်းမလုပ်ခဲ့ဘူး၊ ဆင်းရဲတယ်ဆိုတာကိုလည်းစိတ်မဝင်စားဘူး၊ ကျွန်မဆေးတက္ကသိုလ်နောက်ဆုံးနှစ်တက်တုန်းက ဆေးရုံတွေကိုကွင်းဆင်းလေ့လာရင်း ဆင်းရဲနွမ်းပါးတဲ့လူတွေဘဝကို သိလာခဲ့ရတာပါ... ကျွန်မတို့ဟာတောင်တန်းဒေသမှာမွေးဖွားကြီးပြင်းခဲ့ပေမယ့် ဒီလိုဒေသတွေမှာနေထိုင်ပြီး ဘဝရပ်တည်သူတွေပေါ်မှာ သတိမထားမိခဲ့ပါဘူး၊ ရှုပ်ဖမ်းလာတော့မှ သူတို့ဘဝတွေကိုတွေ့ပြီး စိတ်မကောင်း

www.burmeseclassic.com



ဖြစ်ခဲ့ရပါတယ်"

"မင်း နှုတ်ဖျားက ဇမ်းလာတယ်ဆိုတဲ့စကားလုံးကြီးကို မသုံးပါနဲ့လား"

"ရှင်ကဇမ်းလာတာမဟုတ်လို့ နိုးပြေးလာတာလား....အယ်"

ကျွန်မပြောချင်တာတွေပြောလိုက်ပြီးမှ ကိုယ်စကားကိုယ်ပြန်ပြီးအရှိန်သတ်လိုက်ရသည်။

"မင်းလိုလူတစ်ယောက်ကို ငါလိုလူအနေနဲ့ နိုးပြေးနိုင်တဲ့အခွင့်အရေးမျိုး ဘုရားသခင်က မပေးခဲ့ပါဘူး၊ ခေါ်လာတယ်လို့ပဲသုံးပေးပါ။ မင်းစိတ်ထဲမှာ အဇမ်းခံထားရတယ်လို့ စွဲမှတ်ထားရင်တောလည်း ငါမေတ္တာမရပ်စဲတော့ပါဘူး"

ကျွန်မကြိုးကြာနီစကားလေးကို သနားသွားပြီး -

"ရှင်မသုံးစေချင်ရင် ကျွန်မမသုံးနှုန်းတော့ပါဘူး"

"ကျေးဇူးတင်ပါတယ်၊ ငါဟာလူတွေပေါ်မှာအကောင်းဆုံးအမြင့်မြတ်ဆုံးဘဝနဲ့ နေခဲ့ပါတယ်ကွာ၊ လူလူချင်းအနိုင်ကျင့်တာကို အရှမ်းမုန်းခဲ့သူပါ...၊ ငါရဲ့ရိုးသားဖြောင့်မတ်တဲ့စိတ်တွေကို...တောက်..."





ကြိုးကြာနီနာကျင်ခံပြင်းမှုတွေမျက်နှာမှာထင်ဟပ်နေတော့သည်။

"ခွပ်... ခွပ်... ခွပ်"

"ဟိုမှာမြင်းလှည်းတစ်စီးလာနေတယ်"

ကျွန်မတို့သွားမယ့် လမ်းရဲ့ရှေ့တည့်တည့်တွင် မြင်လှည်းတစ်စီးကို လှမ်းပြီးတွေ့လိုက်ရသည်။

"တွေ့ရတဲ့မြင်းလှည်းကလည်း ငါတို့နဲ့ဆန့်ကျင်ဘက်ကြီးပါလားတဲ့မကောင်းသေးဘူး"

မြင်းလှည်းမှာ တဖြည်းဖြည်းနီးကပ်လာပြီး...

"ဟာဆရာကြိုးကြာ"

"ခွာနီဘယ်သွားမလို့လဲ"

မြင်းလှည်းကိုရပ်ပြီး ဆင်းလာသည်။

"ဆရာကြိုးကြာကိုတွေ့ရတာ ဘုရားသခင်နဲ့တွေ့ရသလိုပါပဲဗျာ၊ ရပလွန်ဈေးကိုသွားပြီး ဆေးဆရာသွားပင့်မလို့"

"ဘယ်သူဘာဖြစ်လို့လဲခွာနီ"

"ဖြစ်နေတာက ရွာက ကလေးတွေ ဘာရောဂါဖြစ်နေသလဲ



www.burmeseclassic.com

www.burmeseclassic.com



မသိပါဘူးဆရာရယ်၊ ဝမ်းတွေလျှောပြီး တစ်ယောက်ပြီးတစ်ယောက် ဖြစ်နေတာ"

"ဆေးမှူးကနက်ကရော"

"သူလည်းမနိုင်တော့ဘူး"

"မြူးလှလှမြင်းလှည်းပေါ်တက်၊ ရွာနီရွာကိုပြန်ပြီးမောင်းတော့ကွာ"

"ဟုတ်ကဲ့ဆရာကြီးကြာ"

မြင်းလှည်းလေးဆိုပေမယ့် အနောက်တွင်အမိုးအကာမပါသော မြင်းလှည်းလေးပင်ဖြစ်သည်။

ကျွန်မအတွက်တော့ အတော်ကိုအဆင်ပြေသွားတော့သည်။ မြင်းလှည်းနှင့်ရွာကို နာရီဝက်လောက်ပဲသွားလိုက်ရသည်။

"အီ...အီ..ပတူ...လေးရဲ့"

ရွာထဲကိုစပြီးဝင်သည်နှင့် ကလေးငယ်တစ်ယောက်ကိုပွေ့ချီပြီးငိုယိုနေသော မြင်ကွင်းကို စတင်ပြီးတွေ့လိုက်ရသည်။

"သွားပြန်ပြီတစ်ယောက်တွာ"





"ဆရာကြီးကြာရေ ကယ်ပါဦး...၊ ရွာမှာနတ်ဆိုးကြီးဒုက္ခပေးနေပြီ..."

ကြီးကြာနီကိုတွေ့သည်နှင့် ရွာသူရွာသားတွေငိုယိုပြီးပြောဆိုနေသည်။

"——————"

ခေါင်းတွင် ကျွဲချိုကြီးစွပ်ထားသော လူတစ်ယောက်နှင့်ရွာသားတွေတန်းစီပြီး ပါးစပ်မှ ဘာတွေကိုရွတ်ဆိုနေမှန်းတော့မသိလမ်းလျှောက်နေကြသည်။

"အရေးထဲ နတ်ဆရာကတမျိုး.. ရွာနီငါ့ဆေးအိတ်တွေကို အသင့်ထုတ်ပြီး ရောဂါဖြစ်နေတဲ့ ကလေးတွေကို ခေါ်ခဲ့တော့ကွာ"

"ဟုတ်ကဲ့"

"ရှင်ဘာဆေးတွေကို သုံးမှာလဲ"

"တိုင်းရင်းဆေးပဲ ငါကကျွမ်းကျင်တာ၊ အင်္ဂလိပ်ဆေးတော့ရှိတယ်၊ တစ်ခါက မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့ကြီးရောက်လာတုန်းက ဆေးခန်းဖွင့်ဖို့ပေးခဲ့တာ၊ ဒီမှာထားတဲ့ဆေးမှူးက ဗျားနာတာလောက်



www.burmeseclassic.com

www.burmeseclassic.com



ပဲကုနိုင်တာ၊ ဆေးတွေကအများကြီးပဲ"

"ကျွန်မကိုပြပါ..."

"လိုက်ခဲ့မြူးလှလှ"

ကျွန်မကိုဆေးခန်းသစ္စာလုပ်ထားသော တဲကြီးတစ်ခုပေါ်ခေါ် သွားပြီးဆေးသေတ္တာတွေကိုပြလိုက်သည်။

"ဆေးတွေကအတော်ပါပဲ၊ ခုဖြစ်ပျက်နေတဲ့ရောဂါအတွက် အသုံးဝင်မယ့်ဆေးတွေရှင့် ကျွန်မနဲ့ဝင်ပြီးကူပါ"

"အင်း"

ဝမ်းရောဂါဖြစ်နေသော ကလေးသူငယ်တွေအရေအတွက်မှာ များပြားနေသောကြောင့်ကုသရမယ့်နေရာနှင့်မဆန့်ဖြစ်နေသည်။

"ကြိုးကြာနီ ကျွန်မတို့အရေးပေါ်အဆောက်အဦတစ်ခုကို အမြန်ဆောက်ပြီးကလေးတွေထားဖို့စီစဉ်ရမယ်"

"ခွာနီ"

"ဗျာ..ဆရာကြိုးကြာ"

"မင်းရွာကယောက်ျားမှန်သမျှကိုသွားပြီးခေါ်ခဲ့ဝါးခုတ်တဲ့သူက





ဝါးခုတ်၊ အဆောက်အဦတစ်ခုကိုအမြန်ဆုံးဆောက်ရမယ်"

"ဟုတ်ကဲ့..."

ကျွန်မနှင့်အတူ ကြိုးကြာနီလည်း မနားရ၊ ကလေးတွေကို ဆေးထိုးဆေးတိုက်မှုတွေပြုလုပ်နေရတော့သည်။ ရွာသူရွာသားတွေ တလည်း တစ်ရွာလုံးနီးပါး တက်ညီလက်ညီနှင့် အဆောက်အဦကြီး တစ်ခုကို အားရှင်းဆောက်လုပ်နေရတော့သည်။ ကျွန်မတို့ကိစ္စ တွေပြီးတော့ မိုးလင်းတော့မယ်၊ တစ်ရေးမှပင် မအိပ်ခဲ့ကြရပါ။

"မြူး... မင်းနားလိုက်ဦးလေ၊ ကလေးတွေလည်းသက်သာသ လောက်ဖြစ်နေပါပြီ"

"အင်း...နားချင်တယ်၊ စိတ်မချသေးဘူး၊ ရှင်လည်းနားဖို့လို အပ်တယ်နော်"

"အင်း...နားတာပေါ့မင်းအရင်အနားယူလိုက်ပါဦး... မိနန်း"

"ရှင်...ဆရာ"

"မင်းတို့ဆရာမကိုအနားယူဖို့ပြင်ဆင်ပေးလိုက်"

"ဟုတ်ကဲ့ဆရာ၊ ဆရာမမိနန်းနဲ့လိုက်ခဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မရေချိုးသန့်စင်ပြီး မိန်းမပျိုပေးသော အဝတ်အစားတွေ တိုလဲပြီး ခင်းကျင်းထားသောအိပ်ရာပေါ်တွင် လှဲချလိုက်တော့သည်။

ကလေးသူငယ်တွေပေါ်မှာ စိုးရိမ်နေသောစိတ်ကြောင့် တော်တော်နှင့်အိပ်မပျော်....။ ကျွန်မတို့သာ အချိန်မီရောက်မလာခဲ့ရင် ရွာမှာ ကလေးတွေရဲ့ဘဝဟာ မတွေးဝံ့စရာပဲ..။

"ဟူး..."

ကျွန်မစိတ်ကိုလျှော့ပြီး အိပ်ချလိုက်တော့သည်။

● ၊ ၀ ♥

"ဟား...ဟား...ဟား...ကြိုးကြာနီ မင်းငါတို့လက်က ပြေးလို့မလွတ်ပါဘူးကွာ ဘယ်မှာလဲ ငါ့သမီး"

"ဟင်..."

ကျွန်မ ဒယ်ဒီအသံကြောင့်အပြင်ကိုထွက်ပြီးကြည့်တော့ ဒယ်ဒီဦးစွန်လျှံအောနှင့်နောင်လွင်ထူး..ပြီးတော့ သေနတ်သမား(၁၀) ဦးတို့ကြိုးကြာနီတို့ဖမ်းထားကြပြီး...

"မေမေနေတယ်လေ...ဘယ်မှာလဲ ငါ့သမီး.."





www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး..."

"ကဲကွာ...ဖြောင်းခွပ်...အင့်"

ကြိုးကြာနီကိုပိုင်းပြီးရိုက်နက်နေသဖြင့်မျက်နှာနှင့်ခန္ဓာကိုယ်တစ်ခုလုံးမှာသွေးတွေမှာမြင်မကောင်း။

"မင်းခြေလှမ်းဆယ်လှမ်းကိုငါတို့ကတစ်လှမ်းတည်းနဲ့လိုက်နိုင်တယ်ကြိုးကြာနီ၊ ငါ့ဇနီးလေးတစ်ခုခုဖြစ်ရင် မင်းတို့တစ်ရွာလုံးကိုမီးရှို့သတ်ပစ်မယ်"

"မင်း...မင်း...မဆိုင်တဲ့သူတွေကိုဒုက္ခမပေးနဲ့နောင်လွင်ထူး"

"ဒုက္ခမပေးချင်ရင်ငါ့ဇနီးကိုထုတ်ပေး"

"ငါ..."

"ကျွန်မဒီမှာပါ"

"သမီး"

"မြူး..."

ကျွန်မဒယ်ဒီဆီကိုသွားပြီး...

"ဒယ်ဒီ...ကြိုးကြာနီကိုရန်မလုပ်ပါနဲ့၊ သမီးတောင်းပန်ပါတယ်





"သမီးနင်ပါးစပ်ပိတ်ထား။ ဒီကောင့်ကို ခွင့်လွှတ်စရာဘာအကြောင်းမှမရှိဘူး"

"အန်ကယ်ကြာတယ်ရှင်းစရာရှိတာရှင်းလိုက်တော့ပြန်ရမယ့်ခရီးကဝေးတယ်နော်"

"ဒယ်ဒီမလုပ်ပါနဲ့"

"မြူးဒီကိုလာ"

"လွှတ်...လွှတ်ကျွန်မလက်ကိုလွှတ်"

"ဒိုင်း...."

"အား..."

"ကြိုးကြာနီ...ကြိုးကြာနီ..."

"မြူးလူလူ...မြူးလူလူဘာဖြစ်တာလဲ"

"ဟင်"

ကျွန်မပင်ပန်းစွာနဲ့အိပ်ပျော်သွားပြီးအိပ်မက်မက်နေခြင်းဖြစ်သည်။ ကျွန်မအိပ်မက်အကြောင်းကိုတော့ကြိုးကြာနီသိအောင်မပြောပဲနေရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဟုတ်ပါဘူးအိပ်မက်မက်နေတာပါ"

"ကဲ...မျက်နှာသစ်ပြီး ထမင်းစားကြရအောင်"

"အင်း...ကလေးတွေအခြေအနေရော"

"စိတ်ချရတဲ့အနေအထားကို ရောက်နေပါပြီ"

ကျွန်မတဲလေးပေါ်မှဆင်းပြီး ကြိုးကြာနီ ခပ်ပေးသောရေနှင့် မျက်နှာသစ်လိုက်သည်။

"ဗိုက်ဆာနေရောပေါ့"

"တစ်ညလုံး ဓာနဲ့လုပ်ကိုင်နေတော့ ဆာလို့ဆာမှန်းတောင် သတိမထားမိဘူး။ ခုမှဆာနေတာ၊ ရှင်ရော မအိပ်သေးဘူးလား"

"နောက်မှပဲ အတိုးချပြီးအိပ်တော့မယ်၊ ရွာကကလေးမလေးတွေကို စောင့်ခိုင်းထားတယ်"

"အင်းကောင်းတာပေါ့၊ ကျွန်မရှင့်ကို တစ်ခုလောက်တောင်းဆိုချင်တယ်"

"ဘာများလဲ"

"ကျွန်မဒီရွာကလူငယ်တွေကို ကျန်းမာရေးနဲ့ပတ်သက်ပြီး





သင်တန်းလေးတစ်ခုပေးချင်တယ်၊ ဒါမှ သူတို့တစ်တွေရွာရဲ့ကျန်းမာရေးပိုင်းကို လုပ်ကိုင်နိုင်ကြမှာ..."

"မင်းသင်တန်းက ဘယ်လောက်ကြာနိုင်မလဲ"

"အနည်းဆုံး(၂)ပတ်လောက်တော့ အချိန်ယူချင်တယ်၊ ရှင့်အတွက်အစက်အခဲဖြစ်နေရင်တော့ နေပါစေတော့"

"မင်းနောက်ကိုလိုက်နေကြတဲ့သူတွေဟာ နောက်(၃)ရက်လောက်ဆိုရောက်လာနိုင်တယ်၊ ငါ့အတွက် ရွေးချယ်စရာ (၂)နည်းရှိတော့တယ်၊ ရွာအတွက်နဲ့ ငါ့အတွက်၊ ဒီ(၂)ခုထဲက ငါတစ်ခုကိုရွေးချယ်မှာပါ၊ မင်းဖြစ်စေချင်တဲ့ ဆန္ဒဖြစ်စေရမှာပါဖြူလူရူ၊ ဒါတွေခေါင်းထဲ တထုတ်ထားလိုက် အာဟာရဖြစ်သွားအောင် ထမင်းစားလိုက်ပါဦး"

ကျွန်မ၏တောင်းဆိုမှုမှာ ကြိုးကြာနီဘဝနှင့်လဲ ယူရမည့်တောင်းဆိုမှုပင်ဖြစ်ခြင်းကြောင့် ကျွန်မတောင်းဆိုမှုကိုရုပ်သိမ်းဖို့ဆုံးဖြတ်လိုက်သည်။

● ✦ ▬ ♥



www.burmeseclassic.com

www.burmeseclassic.com

ထမင်းဝိုင်းတွင် ဟင်းတွေကစုံလင်လှသည်။ ရှာသူရှာသား တွေလာပြီးပို့သော ဟင်းခွက်တွေများသဖြင့် ဘာကိုစားရမှန်းတောင် မသိ၊ ပို့ဖြူကတော့စိတ်ကြိုက်စားသောက်နေတော့သည်။

"ဒီနတ်ဆရာဘာတွေလုပ်နိုင်းနေလဲမသိပါဘူးကွာ"

"ရွာနီဘာဖြစ်လာတာလဲ"

"ဘာဖြစ်ရမှာလဲ ဆရာကြီးကြြာရယ်၊ နတ်ဆရာစုဆဲလေ ရွာ သူရွာသားတွေကို ယဖ်နတ်ဘုရားကို ပူဇော်ဖို့ တစ်အိမ်ကို ဆန်တစ် တင်းနဲ့ဝက်တစ်ကောင်ပို့နိုင်းနေတယ်၊ ဒီနှစ်တောင်ယာတွေက မိုး လိုက်လို့ အခင်းတွေပျက်ပြီး...၊ အခက်ကြုံရတဲ့ထဲ သူ့ကိုဆန်တစ်တင်း





ပို့ဖို့ဘယ်လိုလုပ်ပြီးလွယ်ပါ့မလဲ...၊ မပို့တဲ့အိမ်ကိုဟိုဟာဖြစ်မယ် ဒီဟာ ဖြစ်မယ်ဆိုပြီး ခြောက်လှန့်နေတယ် ဆရာကြီးကြြာ"

"ရွာနီငါဒီကိစ္စကိုရှင်းမယ်"

"ဆရာကြီးကြြာ ...စုဆဲဆီမှာ လက်နက်တွေရှိနေတယ်နော်"

"သူ့သေနတ်က ငါ့ကိုသေအောင် ပစ်နိုင်မလား။ ငါ့ခဲသေနတ်က ပစ်နိုင်မလားဆိုတာ တွေ့ကြရမှာပေါ့"

ကြြာနီထွက်သွားသည်ကို ကျွန်မစိတ်ပူပန်ပြီး...

"ရွာနီ...သူတစ်ယောက်တည်း မသွားနိုင်းနဲ့လေ"

"ဆရာမရေ ဆရာကြီးကြြာကသူ့နောက်ကိုလိုက်တာ မကြိုက် ဘူးရ"

"မဟုတ်သေးပါဘူး ငါပါလိုက်မယ်"

"ဆရာမအန္တရာယ်များတယ်"

"များများ တစ်ယောက်နဲ့အများရင်ဆိုင်ရမှာလေ"

ကျွန်မထွက်လာသဖြင့် မိန်းရောရွာနီပါလိုက်လာခဲ့သလို ရွာသားအချို့ပါ တုတ်ဓါးတွေနဲ့ လိုက်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရုဆဲ..."

"ဘယ်သူလဲကွ ငါ့ကိုရုဆဲလို့ခေါ်တာ"

"ဘယ်သူလဲဆိုတာသိချင်ရင် တဲပြင်ကိုထွက်လိုက်"

"ဟား..ဟား..ဟား ဆေးဆရာကြီးကိုကြိုးကြာနီ ဘာကိစ္စများ ရှိလို့လဲ နတ်လာပြီးမေးတာလား"

"နတ်လာပြီးမေးတာမဟုတ်ဘူး၊ မင်းနတ်တွေကို မီးရှို့ဖို့လာ တာကွ"

"ဘာ... မင်းကစော်စော်ကားကား တောက်.... ပေါ့ကောင်တွေ ဒီကောင့်ကိုဆွဲထုတ်စမ်း"

ရုဆဲသူကောင်တွေကို ဆွဲထုတ်နိုင်းပေမယ့် ကြိုးကြာနီနားကို ရဲရဲတင်းတင်း မကပ်ရဲကြ...။

"မင်းတို့ပါ မသာပေါချင်ရင်ဝင်ခဲ့"

"ခွေးမသားတွေ သေနတ်တွေထုတ်ကြစမ်း"

"ဒိုင်း... ဒိုင်း... ခွမ်း.. ဝုန်း"

"ဟာ..ဟင်..အဲ"





ကြိုးကြာနီသေနတ်ကျည်ဆံမှာ တဲပေါက်ဝတွင်ရိုက်ဆွဲထား သော အိုးကြီးတိုပစ်ရလိုက်ပြီး...

"သေနတ်ဝင်ယူမယ့်ကောင်အတွက် နောက်ထပ်ကျည်ဆံ တွေက သနားမှာမဟုတ်ဘူးနော်"

"မင်းတ ဒီလိုလားကဲကွာ"

"ဒိုင်း.. အီး..."

နတ်ဆရာ ရုဆဲသေနတ်ထုတ်ချိန်ပင်မရလိုက် ကြိုးကြာနီသေ နတ်ကျည်ဆံက ရုဆဲလက်ကိုရောက်သွားပြီး သေနတ်ပါလွတ်ကျ သွားသည်။

"ငါလူမသတ်ချင်ဘူးရုဆဲ၊ ဒါပေမယ့် ရွာကိုဒုက္ခပေးနေတဲ့မင်း တို့ကောင်ကို အသက်ရှင်ခွင့်တော့ ပေးလို့မရဘူး"

"မ...မလုပ်ပါနဲ့ကွာ"

"ကြိုးကြာ...မလုပ်နဲ့..."

"ဟင်...ရှူး..."

ကျွန်မကြိုးကြာနီလက်မောင်းကလေးကိုလှမ်းဆွဲပြီးတား



www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်ရသည်။

"သူ့ကိုရွာကပဲမောင်းထုတ်လိုက်ပါ။ ရှင်လူသတ်တာကို ကျွန်မ မတွေ့ပါရစေနဲ့"

ကျွန်မကြိုးကြာနီလက်ထဲမှ သေနတ်ကို ဆုပ်ကိုင်ထားလိုက်မိသည်။ နတ်ဆရာနှဆဲနှင့် သူ့တပည့်များကို ရွာသားတွေက ခေါ်ဆောင်သွားကြတော့သည်။

"သက်သက်ရွာသားတွေကို လိမ်ညာပြီး အနိုင်ကျင့်ဗိုလ်ကျနေတဲ့ကောင် အရင်ကတည်းက ရှင်းချင်နေတာ"

"ဒေါသစိတ်တွေကို လျှော့လိုက်ပါဦးရှင်၊ ဪ...စောစောက ကျွန်မတောင်းဆိုခဲ့တာကို ကျွန်မပြန်ပြီး ရုပ်သိမ်းပါတယ်"

"မင်းရုပ်သိမ်းစရာမလိုပါဘူးမြူး၊ ငါ့ရွာအတွက် ငါအတ္တကို ဘယ်တော့မှ ဦးစားမပေးဘူး"

"ရှင့်ကိုဖမ်းမိသွားမှာပေါ့"

"ငါကျေနပ်စွာပဲခံသွားမှာပါမြူး"

"ရှင်ဟာကျွန်မဘဝမှာ လေးစားလောက်တဲ့ယောကျ်ားတစ်ဦး





ပါပဲ။ ရွာတရေတွင်းတွေကို ဆေးခတ်ဖို့နဲ့ အိမ်တွေကို ဆေးဖျန်းဖို့ကို လုပ်ကြရအောင်"

"မြူးလူလူ"

"မြူးလို့ပဲခေါ်ပါ"

"ခေါ်ခွင့်ပြုတာကို ကျေးဇူးတင်တဲ့စကားနဲ့အတူ ဒေါင်ရွာလေးကိုယ်စား ကျေးဇူးတင်ပါတယ်လို့ ပြောပါရစေ"

"ကျွန်မဟာ ဆရာဝန်တစ်ဦးဆိုတာကို ရှင်သိထားဦးလေ"

ကျွန်မတို့ပြုံးတူလေးပြုံးလိုက်မိပါတယ်။

ထိုအခြေအနေလေးတွေရဲ့နောက်ကွယ်မှာတော့...။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)

နောင်မင်းထူးတို့တစ်ဖွဲ့သည် ကွန်နီရွာတွင် (၃)ရက်မြောက်နေပြီး ရဲဘော်တွေအခြေအနေမှာ ထူးခြားလာခြင်းမရှိသောကြောင့် နောက်တန်းကို သတင်းပို့လာရသည်။

“ဆရာ နော် နောက်တန်းကသား[illegible]တက်တယ်”

“ဘာတွေညွှန်ကြားလဲ ဆရာနိုင်သော်”

“ရန်သူပစ်မှတ်ကို ဆုံးဆော်သတ်ပြီးလိုက်ပါတဲ့၊ ခုတစ်ခွဲ ဘော်ဇတွေနဲ့ နောက်တစ်ခွဲကို ရှိန်းပေးမယ်တဲ့”





“အင်း…ဒါဆိုဒီမှာဆက်ပြီး ရက်ကြာဦးမှာပဲကွာ၊ ကျော်ဖဲ့ရေ မင်းလေ့တွေကိစ္စကို ဘယ်လိုစီစဉ်ထားလဲ”

“ရွာလူကြီးကတော့ဒီရွာမှာရှိတဲ့လှေတွေနဲ့ ငါတို့ခရီးဆက်လို့ မရလို့ ပအူရွာဘက်ကလှေတွေကို သွားပြီးသယ်နိုင်းနေတယ်၊ ဒါလည်း လမ်းမှာ (၂)ညအိပ်လောက်ကြာဦးမှာပဲကွာ…၊ ငါတစ်ခုစိုးရိမ်တယ်”

“ဘာကိုလဲ…”

“ကြိုးကြာနီ မြူးလူလူကို တစ်စုံတစ်ခုပြုကျင့်မှာကို ပြောတာပါ၊ တော်ကြာမင်းညီတော်မောင် အတွက်ကံမကောင်းပဲ ဇနီး အလှလေး ကိုရသွားမှာစိုးလို့ပါ”

“ဒါတော့သူ့ကံပေါ့ကွာ၊ ကြိုးကြာနီဟာ မြူးလူလူပေါ်မှာ မင်းပြောသလို မယုတ်မာနိုင်ဘူးလို့ငါယုံတယ်”

နောင်မင်းထူး ကျော်ဖဲ့နှင့် လှေဆိပ်အပေါ်ကုန်းမြင့်လေးတွင် ထိုင်ပြီး စကားပြောနေကြခြင်းဖြစ်၏။

“မင်း… ကြိုးကြာနီဘာကြောင့် မြူးလူလူကို ခေါ်သွားရတယ် ဆိုတဲ့အဖြေကို သိပြီလား”



www.burmeseclassic.com

www.burmeseclassic.com



"ခန့်မှန်းအတွေးလောက်ပဲရှိပါတယ်၊ တိတိကျကျတော့ပြော လို့မရသေးဘူးကွ၊ သူ့ဘဝမှာ နာကြည်းစရာကောင်းတဲ့ ခံစားချက် တစ်ခုကြောင့် လုပ်တာပဲဖြစ်မယ်"

"ဒီလူဟာ လူတော်တစ်ယောက်ပါကွာ မနေ့ညကရွာလူကြီးဆီ က ကြိုးကြာနီနဲ့ပတ်သက်ပြီး ထပ်ပြီးသိတာကတော့ ကြိုးကြာနီဟာ ပညာတတ်တစ်ဦးပဲကွ၊ သူတို့မှာမောင်နှမ(၃)ယောက်ရှိတယ်၊ အကြီး ဆုံးအစ်မက မြို့မှာအိမ်ထောင်ကျပြီးနေတယ်၊ ကြိုးကြာနီဘွဲ့ရပြီး ရွာတွေကိုပြန်လာပြီး သူ့ဖခင်ကဆေးဆရာကြီးဆိုတော့တောင်တန်း ဒေသရှိရွာလေးတွေကို ဆေးလိုက်ကုတယ်၊ ကလေးသူငယ်တွေကို စာသင်ပေးတယ်လေ…ပြီးတော့ သေနတ်ပစ်၊ ခါးပေါက်အရမ်းတော် တဲ့လူတဲ့ တောင်တန်းဒေသမှာရှိတဲ့ သူပုန်ဓားပြတွေတောင်ကြိုးကြာနီ ကိုကြောက်ကြတယ်ဆိုပဲကွ၊ နောင်မင်းထူးရေကြည့်လုပ်ဦး၊ ငါတို့နှင့် ဘတ်တွေမှာ သေနတ်ကျည်ဆံလား၊ ခါးမြှောင်လားပဲ…"

"ညတဲ့သူခံရမှာပဲကွာ…ဟိုမှာလှေတစ်စီးဝင်လာပါလား"

လှေငယ်တစ်စီးနှင့် လူငယ်တစ်ယောက်ကိုတွေ့လိုက်ရသည်။





လူငယ်လေးက လှေကိုကူးတို့ဆိပ်တွင် ကပ်ပြီးကမ်းပေါ်ကိုတက်လာတော့ -

"ဟေး…ညီလေး"

"ဗျာ ဆရာ…"

"မင်းဘယ်ကလာတာလဲ"

"ခေါင်ရွှေရွာကပြန်လာတာပါ"

"ဟိုမှာဘာတွေထူးလဲကွ"

"ထူးတယ်ဆရာ ခေါင်ရွှေရွာမှာကလေးတွေ ရောဂါဖြစ်နေတာ ကိုဆရာကြိုးကြာနဲ့ ဆရာမချောချောလေးကကုလို့သက်သာသွားကြ တာ နိုနိုဆိုရင် တစ်ရွာလုံးကလေးတွေမြေကြီးထဲကိုရောက်နေကြမှာ၊ ပြီး တော့နတ်ဆရာကိုလည်း ဆရာကြိုးကြာက ဆုံးမလွှတ်လိုက်တယ်ဆရာ"

"နတ်ဆရာက ဘာလုပ်လို့လဲ"

"ဒီနတ်ဆရာက ရွာသားတွေကိုအနိုင်ကျင့်နေတာကြာပြီ၊ ရှမှပဲ ခွေးလိုပြေးရတာ သွားဦးမယ်နော်"

"အေး… အေး"

"နောင်မင်းထူး မင်းတွေ့တ်ချက်မှုတွေက ကွက်တိပဲဟကွ၊



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းရာကိုလိုက်ရင်ဖမ်းနိုင်ပြီ"

"သူ့ကိုဝါမဖမ်းချင်ဘူးကွာ"

"ဟေ...ဘာဖြစ်လို့လဲ"

"ကြိုးကြာနီဟာ ဒီဒေသကျေးရွာတွေအတွက် အရေးပါတဲ့လူ တစ်ယောက်လေ၊ သူမရှိရင် ရွာလေးတွေမှာ အခက်အခဲလေးတွေကြုံ ကြရမှာ၊ အထူးသဖြင့် ကလေးတွေရဲ့ပညာရေး၊ လူကြီးတွေရဲ့ကျန်းမာ ရေးတွေလေ"

"ဒါပေမယ့် နောင်မင်းထူးရာ ငါတို့က လူ့ပုဂ္ဂိုလ်ရေးကိုကြည့်လို့ မရဘူး တာဝန်ကိုပဲကြည့်ရမှာ"

"သူကျူးလွန်တဲ့အမှုဟာ ဒီလောက်ကြီးမဟုတ်ပေမယ့် ဥပဒေ ကချွန်လှပ်ထားလို့မရဘူး... ငါတစ်ခုပဲဆုတောင်းတယ်၊ ကြိုးကြာနီ ခြူးလှလှပေါ်မှာ နောက်ထပ်အမှားတစ်ခုမဖြစ်ပါစေနဲ့လို့ပဲ"

"ငါ့အမြင်ကတစ်မျိုးဖြစ်နေတယ်"

"ကျော်ဇံ...မင်းက ဘယ်လိုမြင်လို့လဲ"

"မင်းရှေ့မှာပြောရတာ အားတော့နာတယ်"





"ပြောမှာသာပြောစမ်းပါကွာ"

"ခြူးလှလှဟာ ကြိုးကြာနီပေါ်မှာ မုန်းတီးခါးသီးနေမယ်လို့ မင်းထင်ထားတာလား...ကြိုးကြာနီရဲ့ရာဇဝင်ကိုနောက်ဆိုသူလည်း သိသင့်သလောက်သိနေလောက်ပြီ၊ ခုကြားရတဲ့သတင်းအရဆိုရင် နှစ်ယောက်အတူတူမွန်မြတ်တဲ့ အလုပ်တွေကို လုပ်နေကြပြီလေ"

"မင်းပြောတဲ့စကားကိုငါသဘောပေါက်ပါတယ်၊ ခြူးလှလှဟာ ဖိုးညီကို လူကြီးတွေကြောင့်လက်ထပ်ခဲ့ရတာ... သူ့ဘဝသူ့ရှင်နဲ့ဆုံး ဖြတ်ပြီးလက်ထပ်ခဲ့တာ မဟုတ်တော့ နှလုံးသားရဲ့ရိုက်ခတ်မှုကို သူ ကြိုးကြာနီနဲ့ ကြုံနိုင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၉)

ည၏တိတ်ဆိတ်မှုအောက်တွင် ညငှက်ကလေးရဲ့အသံလေးတွေကိုပင် ကြားနေရတော့သည်။

ကျွန်မနှင့်ကြိုးကြာနီ ဝါးကွပ်ပျစ်လေးပေါ်တွင် ထိုင်ပြီးတောင်ပေါ်လက်ဖက်ခြောက်ခါးခါးလေးနှင့် လက်ဖက်ရည်ကြမ်းသောက်နေကြသည်။

"ကြိုးကြာဆုံးဖြတ်လိုက်ပြီပေါ့"

"ဟုတ်တယ်ခြူး ငါ့ဆီကိုဖမ်းမယ့်သူတွေရောက်လာတာနဲ့ အဖမ်းခံတော့မယ်၊ ငါခြူးကိုခေါ်သွားမယ့်ခရီးစဉ်လည်း ဒီခေါင်ရှူးကလေးမှာ အဆုံးသတ်သွားပြီ"

"ကြိုးကြာရဲ့သမိုင်းတွေကိုမဆပ်တော့ဘူးလား"





"ခြူးကြောင့် ငါ့သမိုင်းကြွေးကို နိဂုံးချုပ်ပါတယ်"

"ကြိုးကြာရယ်"

ကျွန်မအတွက်ဝမ်းနည်းကြေကွဲမှုလေး ရင်ထဲကိုတိုးလာပြီးရောက်လာခဲ့တော့သည်။

"ခြူးသိပ်ပြီးသိချင်နေတဲ့ ငါ့ရဲ့သမိုင်းကြွေးလေးကို ပြောပြ ပါ့မယ်"

ကြိုးကြာနီ ခါးသက်သက်ရေနွေးလေးကိုမော့သောက်ပြီး၊

"ငါတို့မှာ မောင်နှမ(၃)ယောက်ရှိခဲ့တယ်ခြူး၊ မိဘတွေဟာ ငါတို့ငယ်ငယ်လေးကတည်းက ဆုံးပါးသွားခဲ့ကြတယ်"

"မောင်နှမသုံးယောက်ထဲမှာ ကြိုးကြာကအကြီးဆုံးလား"

"မဟုတ်ဘူးခြူး၊ ငါကအလယ်၊ အကြီးဆုံးကမမ ဆေးနော်အယ်(၁၆)လို့ခေါ်တယ်၊ ငါတို့မောင်နှမ(၂)ယောက်က (၁၀)နှစ်လောက်အသက်ကွာတယ်ဖေဖေနဲ့မေမေဆုံးတော့ငါကအသက်(၁၀)နှစ် ညီမလေးက (၇)နှစ် ခေါင်ယမ်းလို့ခေါ်တယ်၊ မမနော်ဟာ သူ့အရွယ်နဲ့မမျှအောင် ငါတို့မောင်နှမ(၂)ယောက်ကိုလုပ်ကိုင်ကျွေးမွေး



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရသူပါ၊ ပြီးတော့ မောင်နဲ့ညီမကို ပညာတတ်သိပ်ပြီးဖြစ်စေချင်တာလေ"

"ကြီးကြီးတို့အဖို့ကရော"

"ခင်အယ်တံငါရွာလေးမှာမွေးဖွားခဲ့ကြတာ၊ မြို့နဲ့ဆို (၁၀)မိုင်လောက်တော့ဝေးတယ်၊ ငါတို့ငယ်ငယ်လေးကတည်းက (၁၀)မိုင်လောက်ဝေးတဲ့ခရီးကို ကျောင်းသွားတက်ခဲ့ရတာ"

"ကြီးကြီးတို့ရွာမှာ စာသင်ကျောင်းမရှိဘူးလား"

"မရှိခဲ့ဘူးမြေး...၊ ငါဟာမမဖြစ်စေချင်တဲ့ ပညာတတ်ကြီးဖြစ်ချင်တာရယ်၊ ငါတို့ရွာလေးမှာ ကလေးတွေကိုပညာသင်ပေးချင်တဲ့ရည်ရွယ်ချက်နဲ့ ပညာကိုသင်ခဲ့တယ်...၊ ငါတို့(၁၀)တန်း နှစ်ကိုရောက်တော့ မမဟာမြို့က ကိုစိုင်းနောင်နောင်နဲ့ အိမ်ထောင်ကျသွားပြီး မြို့ကိုပြောင်းနေခဲ့ရတယ်...၊ ငါတို့အတွက်အပြောင်းအလဲတစ်ခုဖြစ်ပေမယ့် ကံဆိုးဖို့ဖြစ်ခဲ့တယ်မြေး"

ကျွန်မကြီးကြီးပြောနေသော စကားလေးတွေကို နားစိုက်ပြီး ထောင်နေမိသည်။





"စိုင်းနောင်နောင်ဟာမြေးရဲ့ခင်ပွန်းလောင်း နောင်လွင်ထူးဆီမှာ ကားမောင်းတယ်"

"ကြီးကြီးစကားပြောရင် ခင်ပွန်းလောင်းဆိုတာကိုထည့်ပြီး မပြောပါနဲ့"

"တို့ပြောတဲ့စကားက မှားသွားလို့လား"

"မှားတော့မမှားပါဘူး၊ ဒါပေမယ့်မမှန်ဘူးဆက်ပြောပါ"

"ငါဘွဲ့ရပြီးရွာမှာ ကလေးတွေကိုစာသင်ပေးရင်း ဖေဖေရဲ့ အမွေဖြစ်တဲ့ တိုင်းရင်းဆေးပညာနဲ့ ရွာတွေကိုဆေးကုပြီးနေခဲ့တယ် လေ၊ ဒီလိုနေရင်းနဲ့ စိုင်းနောင်နောင် သတင်းဆိုးကို ငါအရင် ကြား ရတယ်၊ ကားချောက်ထဲကျပြီး ဆုံးပါးသွားပြီတဲ့၊ ငါလည်း မမကိုရှာ ခဲ့ပေမယ့်မမက စိုင်းနောင်နောင်အလုပ်ရှင်က သူ့ကိုလက်ဖက် ခြောက်ဒိုင်ကြီးမှာ အလုပ်ပြန်ပြီးခန့်တာနဲ့ဆက်ပြီး နေခဲ့တယ်လေ၊ င်းနောင်နောင်နဲ့မမတို့မှာ သားလေးတစ်ယောက်ရထားတယ်၊ င်းဝေးနော်တဲ့ သိပ်ပြီးချစ်ဖို့ကောင်းတာ၊ သူ့အဖေဆုံးတော့ (၇) သားအရွယ်ကိုရောက်နေပြီ၊ ဒီလိုနေလာကြရင်းတစ်နှစ်လော



www.burmeseclassic.com

www.burmeseclassic.com



"ကြာတော့ မမနဲ့တူလေးအသတ်ခံရတဲ့ သတင်းကို ငါကြားခဲ့ရတယ်၊ ငါမြို့ကိုသွားပြီး အကြောင်းစုံကိုစုံစမ်းတော့ မမနဲ့တူလေးကို သတ်ခဲ့သူဟာ ခြူးဒယ်ဒီဦးခွန်လျံဖောဖြစ်နေတယ်"

"ရှင်..."

"ခြူးဒယ်ဒီဟာ မမနော်ကိုသဘောကျပြီး အဓမ္မကျင့်ကြံဖို့ နောင်မင်းထူးနဲ့ပူးပေါင်းပြီးကြံခဲ့တာလေ... မမကိုအလုပ်ကိစ္စတွေ့ရှိလို့ဆိုပြီး ညာခေါ်ခဲ့ပြီး အဓမ္မကျင့်ကြံခဲ့တယ်"

"ဘုရား... ဘုရား... ဘုရား"

ကျွန်မနားထဲတွင်မကြားဖူးသောမနာသာ စကားကိုကြားလိုက်ရခြင်း ပင်ဖြစ်သည်။

"မမဟာ သူ့ဘဝအတွက်နောက်ဆုံးကံကြမ္မာပဲဆိုပြီး ... ရင်စည်းခံခဲ့တယ်၊ ဒါပေမယ့် နောင်လွှင်ထူးဆိုတဲ့ကောင်ဟာ တဏှာနဲ့ ပတ်သက်ပြီး သိပ်ယုတ်မာခဲ့တဲ့သူ မမကိုအလွှတ်မပေးခဲ့ဘူးလေ၊ မမဟာသူတို့နှစ်ယောက်ကြားမှာ စတေးခံနေရင်း ကိုယ်ဝန်ရခဲ့တယ်၊ ဒါကိုတာဝန်ယူဖို့ပြောတော့နှစ်ယောက်လုံးဟာငြင်းပယ်ပြီးနောက်ဆုံး





မမဟာတရားရုံးကနေရင်ဆိုင်ဖို့ပြောခဲ့တာကိုနှုတ်ပိတ်သတ်ပစ်ခဲ့ကြတာပဲမြူး...၊ အမေဖြစ်သူကိုသတ်တာကို သားဖြစ်သူ စိုင်းစေးနော်လေးက တွေ့သွားလို့ ကလေးကိုပါရှင်းခဲ့ကြတယ်"

ကျွန်မကြီးကြာနီ ျက်နှာကိုပင်မကြည့်ဝံ့အောင် ဖခင်ဖြစ်သူ၏ရက်စက်ယုတ်မာမှုကြီးကိုကြားလိုက်ရတဲ့အပြင် ကျွန်မဘဝ တစ်သက်တာ လက်တွဲမယ့်သူရဲ့ ယုတ်မာ ရိုင်းစိုင်းမှုကိုပါ သိလိုက်ရပြီဖြစ်တယ်။

"ဒီအကြောင်းတွေကို စိုင်းနောင်နောင်သူငယ်ချင်း အိုက်ကွန်ဟာ ငါ့ကိုပြန်ပြီးပြောပြခဲ့တာပဲ၊ အိုက်ကွန်ဟာ နောင်မင်းထူးရဲ့ရှယ်ယာတစ်ဦးလုပ်နေပေမယ့် သူတို့လိုရက်စက်မှုတွေကို ဘယ်လိုမှလက်ခံလို့မရတာနဲ့ ငါ့ကိုဖွင့်ပြောပြခဲ့တာ၊ သိပ်မကြာပါဘူး အိုက်ကွန်လည်း အသတ်ခံခဲ့ရတယ်၊ ငါဟာ နောင်လွှင်ထူးနဲ့မင်းဒယ်ဒီကိုလက်စားချေဖို့အိမ်ကိုဝင်ခဲ့တယ်၊ ဒါပေမယ့် ဒေါ်သစိတ်နာကြည်းချက်တစ်ခုတည်းနဲ့ ရင်ဆိုင်ခဲ့လို့ နောင်လွှင်ထူးလက်ချက်နဲ့ ငါဟာသေအံ့ဆဲဆဲဖြစ်ခဲ့ရတယ်လေ၊ ငါ့ကိုသေပြီဆိုပြီး ချောက်တစ်ခုထဲမှာ သွားပြီးပစ်ခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ညီမလေးခေါင်းယမ်းကာငါ့ကိုထုတ်ပြီးသယ်သွားတဲ့နောက်ကို နောက်ယောင်ခံလိုက်ပြီး ချောက်ထဲကနေ ပြန်ပြီးကယ်ခဲ့တယ်၊ မိန်းကလေးဆိုတော့ချောက်ထဲကနေ ဘယ်လိုမှပြန်ပြီးသယ်လို့မရ ချိန်မှာ ဆေးဆရာတစ်ဦးနဲ့ တွေ့ပြီးငါ ဟာအသက်ရှင်ခွင့်ရခဲ့တယ် ခြူး...၊ ဒါကြောင့် ငါဟာ သူတို့ကိုလက်စားချေဖို့ဆိုပြီး ပြင်ဆင်ခဲ့တာ၊ အရင်းဆုံးပြောရရင်ခြူးကိုဒီလိုဖမ်းဆီး ခေါ်ဆောင်ပြီး ဖျက်ဆီးမယ်လို့ ဆုံးဖြတ်ခဲ့တာပါ၊ တကယ်တမ်းကျတော့ခြူး မင်းကိုငါယုတ်မာတဲ့စိတ် မွေးလို့မရခဲ့ပါဘူး...”

“ကြိုးကြာရယ်”

ကျွန်မဇာခင်ရဲ့မိုက်မဲမှုတွေကိုကြိုးကြာနီ နာကြည်းသင့်ပါတယ်၊ ကျွန်မကိုအနိုင်ကျင့်မယ်ဆိုရင်တောင် သူပေးဆပ်ခဲ့ရတာနဲ့ နှိုင်းယှဉ်ရင် များစွာကွာနေပါသေးသည်၊

“ကျွန်မကြိုးကြာကို ဘယ်လိုပြန်ပြီးပေးဆပ်ရမလဲ ပြောပါ”

“ခြူးပေးဆပ်စရာမလိုတော့ပါဘူး၊ ငါ့ရဲ့နာကြည်းမှုတွေကို အဆုံးသတ်လိုက်ပြီပဲ”





ကျွန်မကြိုးကြာနီအတွက် ထိုက်တန်သော ပေးဆပ်မှုတစ်ရကို မဖြစ်မနေပေးဆပ်ဖို့ ဆုံးဖြတ်လိုက်ပါတယ်၊

“ရှင်အဖမ်းမခံရဘူး၊ ရှင်နဲ့အတူကျွန်မသူတို့မမိနိုင်တဲ့နေရာကို ပြေးမယ်”

“ခြူး...မင်းဟာ တိုင်းပြည်အတွက် အလုပ်တွေလုပ်ရဦးမယ် လေ၊ လူတွေရဲ့အသက်ကိုကယ်ရဦးမယ်၊ ငါနဲ့အတူလူသူကင်းဝေးတဲ့ နေရာမှာ မနေပါနဲ့ဟာ၊ ငါခေါ်မသွားရက်ပါဘူး၊ ဥပဒေမဲ့လမ်းဆိုတာ မရှိပါဘူးခြူး တစ်နေ့နေ့ဥပဒေရဲ့အောက်ကို ရောက်ရမှာပဲ၊ ငါ ဥပဒေ ကိုကျော်နိုင်းပြီး မနေချင်တော့ဘူးခြူး”

“ဟိုး...အိ...”

“မင်းဘာလို့ ကတိဖျက်တာလည်းခြူး”

“ခြူးကိုခွင့်လွှတ်ပါ၊ ခြူးလေ ကြိုးကြာရင်ခွင်ထဲမှာ မျက်ရည် တွေခမ်းအောင် ငိုပါရစေတော့”

ကြိုးကြာနီကြောင့်ကျွန်မဟာ ယုတ်မာလှတဲ့လူတစ်ယောက်ရဲ့ ဓါးသည်ဘဝကနေ လွတ်မြောက်ခဲ့ခြင်းဖြစ်သည်၊ ကျွန်မသည်တွင်



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားရဲ့ဆုံးဖြတ်ချက်တစ်ခုကို ဖြစ်ပေါ်စေခဲ့ရတာဟာ ကြီးကြာနီ ကြောင့်ဆိုရင်မှားခဲ့ပါ...၊ ကျွန်မ ကြီးကြာနီကို ချစ်မိနေလေပြီ...။

"မြူးကို ပြောပြစရာလေးရှိသေးတယ် နားထောင်မှာလား"

"အင်း"

"တို့မြို့မှာနေတုန်းက ဘကြီးတစ်ယောက်အိမ်ကို ကျောင်းပိတ်တာနဲ့အလည်လိုက်သွားရင်း ဘကြီးအိမ်ကလှေကလေးနဲ့ ချောင်းထဲမှာ လှော်ရင်း ကောင်မလေးတစ်ယောက်ကို ကယ်ခဲ့ရဘူးတယ်"

"ဟင်...မြူးကို ကယ်ခဲ့တာ ကြီးကြာပေါ့"

"အင်း..."

ကျွန်မဘဝကိုပိုင်ဆိုင်သင့်ဆုံးသူဟာ ကြီးကြာနီမှလွဲရင် ဘယ်သူမှမဖြစ်နိုင်တော့ပါ...၊ ကျွန်မ ကြီးကြာနီ့ရင်ခွင်ထဲမှာ.. ရှန်းမ ထွက်တော့ပဲ နေနေလိုက်တော့သည်။ ကြီးကြာနီ၏နွေးထွေးလှသော လက်ဖဝါးလေးတွေကို ဆုပ်ကိုင်သွားမိတော့သည်၊ ကျွန်မရင်ထဲမှာ တော့ "ရှင့်ကိုသိပ်ပြီးချစ်တယ်...." ကြီးကြာရယ်...

● ⁊ ● ♥



အခန်း(၁၀)

တပ်ဖွဲ့ချင်းလဲမည့် တပ်ဖွဲ့သစ်တွေ လာနေပြီဆိုတဲ့သတင်း ဝင်ခဲ့ပြီး နောင်မင်းထူးတို့ပြင်ဆင်စရာတွေကို ပြင်ဆင်နေကြသည်၊

"နောင်မင်းထူးရေ လှေတွေရောက်ပြီဟေ့"

"တပ်ဖွဲ့သစ်တွေရောက်တာနဲ့ အဆင်သင့်သွားဖို့ဟာပေါ့လှေ တွေကိုသွားကြည့်ရအောင်"

ကျော်ဇံနှင့်အတူ လှေဆိပ်ဘက်ကိုထွက်လာကြပြီး သူတို့စီး ဆက်ရမည့်လှေတွေကိုကြည့်ရင်း လူတစ်ယောက်ကို လှမ်းပြီးကြည့် လိုက်မိသည်နှင့်...

"ဟေ့ကောင်မင်းစိုင်းဇေသံ မဟုတ်လား"

"ဟာ ဆရာကိုနောင်"



www.burmeseclassic.com

ညီဖြစ်သူ နောင်လွင်ထူးထံတွင် အနီးကပ်ဒရိုင်ဘာလုပ်ခဲ့သော စိုင်းဖသံကိုတွေ့လိုက်ရခြင်းဖြစ်သည်။

"မင်းဒီကိုပြန်လာနေတာလား"

"ဟုတ်တယ်ဆရာနောင်၊ ပုဏ္ဏရွာမှာနေတယ်လေ၊ လေ့တွေလိုက်ပို့ရင်းနဲ့ပါလာတာ၊ ဆရာနောင်ကိုကျွန်တော်စကားလေးပြောပါရစေ"

"ပြောလေကွာ ဘာပြောမှာလဲ"

"ဆရာနောင်...ကြိုးကြာနီကိုသွားပြီးဖမ်းမလို့လား"

"ဟုတ်တယ်၊ မင်းဆရာနောင်လွင်ထူးရန်ကိုဖမ်းပြီးလာလို့လေ"

"ဆရာနောင်ရယ် ကြိုးကြာနီ နာကြည်းစွာ လက်စားချေမယ်ဆိုရင် ချေလောက်ပါတယ်"

"မင်းကဒီအကြောင်းတွေကို သိထားလို့လား"

"သိထားပါတယ်ဆရာနောင်"

စိုင်းဖသံ၊ နောင်မင်းထူး၊ ဦးခွန်လျံဇောတို့ စိုင်းနောင်နောင်ကိုလုပ်ကြံပြီး၊ သူ့ဇနီးကို ဦးခွန်လျံဇောနှင့် နောင်လွင်ထူးတို့ အသုံးတော်ခံပြီး သတ်ပစ်ခဲ့တာကို ပြောပြလိုက်သည်။





"ကျွန်တော်ကိုယ်တိုင်အလောင်းတွေကို သွားပြီးမြှုပ်ခဲ့ရသူပါ ဆရာ"

"ဟာ...ကွာ"

"ဒီလောက်ထိ ရက်စက်ယုတ်မာလှရှည်လားကွ"

ကျော်ဇံပါ စံပြင်းထားတော့သည်။

"အေးပေါ့ကွာ တရားဥပဒေအတိုင်း အားလုံးဖြစ်စေရမှာပေါ့၊ လက်စားချေကြတာကို ဥပဒေက ခွင့်မပြုထားဘူးလေ၊ ကြိုးကြာနီ ကျူးလွန်တဲ့ အပြစ်ဒဏ်ကိုတော့ ခံရမှာပေါ့ကွာ"

"ဆရာနောင်တပ်ဖွဲ့သစ်တွေ ရောက်လာပြီ"

"အေး...အေး...ခုလာခဲ့မယ်"

ဒုရဲအုပ်ကျော်ဇံနှင့်အတူ တပ်ဖွဲ့သစ်တွေဆီကို ထွက်လာရင်း

"ဟင်"

"အစ်ကိုနောင်..."

"ငါ့တူကြီးရယ် သမီးလေးကို အမြန်ဆုံးကယ်ပါ"

ဦးခွန်လျံဇောနှင့် ညီဖြစ်သူ နောင်လွင်ထူးတို့ပါတပ်ဖွဲ့သင်နဲ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါလာကြသည်။

"စိတ်ချပါ…အန်ကယ့်သမီးကို မှဲ့တစ်ပေါက်မစွန်းဘဲပြန်ခေါ်ခဲ့မှာပါ။ နောင်လွင်ထူး မင်းကိုလူတစ်ယောက်ပြစရာရှိတယ်"

"ဘယ်သူများလည်းအစ်ကိုနောင်"

"ကျော်ဇံရေသွားပြီးခေါ်လိုက်ကွာ"

ကျော်ဇံ….. စိုင်းဇေသံကို ခေါ်လာသည်ကို မြင်သည်နှင့် နောင်လွင်ထူးနှင့် ဦးစွန်လျံဇောတို့ မျက်နှာပျက်သွားကြသည်။

"မင်းသူ့ကိုသိမှာပါ နောင်လွင်"

"ဟုတ်ကဲ့…သိပါတယ်"

"မင်းတို့ကြိုးကြာနီအစ်မနဲ့တူလေးပေါ်မှာ ဘာတွေကျူးလွန်ခဲ့သလဲဆိုတာရော နှစ်ယောက်လုံးမှတ်မိနေမှာပေါ့နော်"

"ဗျာ"

"ဟင်"

"ဆရာနိုင်သော်သူတို့နှစ်ယောက်ကိုလက်ထိတ်ခတ်လိုက်ပါ"

"အစ်ကိုနောင်"





"နောင်လွင် ငါတို့ဥပဒေဝန်ထမ်းတွေမှာ ညီအစ်ကိုဆိုတာမရှိဘူး။ ဥပဒေကျူးလွန်တဲ့သူကို ဖမ်းဆီးရမှာ ငါတို့ဝတ္တရားနဲ့ တာဝန်ပဲ…။ ဒီနေ့ခရီးဆက်မယ်ပေါ့၊ ဆရာနိုင်သော်နဲ့ ရဲဘော်(၂)ယောက်ကတော့ သူတို့ကိုစောင့်ကြည့်နေခဲ့ပါ"

"ဟုတ်ကဲ့"

"ဪ…ဦးစွန်လျံဇောကို ကြိုးကြာနီနဲ့ပတ်သက်ပြီး စကားတစ်ခွန်းပြောလိုက်မယ်၊ သူဟာအန်ကယ့်သမီးပေါ်မှာ ယုတ်မာမယ့်သူ မဟုတ်ပါဘူး။ ဒါပေမယ့်တစ်ခုတော့ရှိတယ် အန်ကယ့်သမီးကိုယ်တိုင်က ကြိုးကြာနီပေါ်မှာ သံယောဇဉ်ခိုင်မာစွာနဲ့ သူ့ဘဝကိုပုံအပ်ရင်တော့ မတားနိုင်ဘူးနော်"

ဦးစွန်လျံဇောသည် စကားမဆိုနိုင်တော့ဘဲ ခေါင်းစိုက်ကျသွားတော့သည်။

"နောင်လွင် မင်းနဲ့ခြူးလူလူဟာ မထိုက်တန်ဘူး။ သူနဲ့ထိုက်တန်တာ ကြိုးကြာနီပဲ… ဆိုတာတော့ မင်းသိထားလိုက်ပါကွာ…"



www.burmeseclassic.com

www.burmeseclassic.com

## ဓာတ်သိမ်းခန်း

"ဖြူး...ဒါဘယ်ကိုသွားမလို့လဲ"

"ရှင်ဘာစကားမှမပြောနဲ့ ကျွန်မခေါ်တဲ့နောက်ကိုပဲ လိုက်ခဲ့"

ကျွန်မကြိုးကြာနီလက်ကိုဆွဲပြီး ခေါ်လာခဲ့သည်။ ကျွန်မ မနေ့ကတည်းကစီစဉ်ထားတာကို ကြိုးကြာနီ ဘာမှမသိခဲ့ပါ။ ကျွန်မဆွဲခေါ်သွားတဲ့နေရာက ခေါင်ဖုရွာကလေး၏ ဘုရားကျောင်းလေးတစ်ခုပင် ဖြစ်သည်။

"ဖြူးရာ မင်းဘာတွေ စိတ်ကူးပေါက်ပြီး လုပ်နေတာလဲ"





"ကျွန်မစိတ်ကူးပေါက်တာမဟုတ်ဘူး။ ကျွန်မအတွက်သိပ်ကို အရေးကြီးတဲ့ ကိစ္စတစ်ခုကို ဆောင်ရွက်နေတာ"

"စက်နေပြီ"

"စက်မနေနဲ့ ရှင့်ကိုကျွန်မမေးမယ်၊ မှန်မှန်ဖြေ"

"ဘာမေးမှာလဲ...မေး"

"ရှင်ကျွန်မကိုမုန်းနေလား"

"ဘာလို့မင်းကိုမုန်းရမှာလဲ"

"ရှင်ကျွန်မဖခင်ကိုဘာလို့လက်စားမချေတော့တာလဲ"

"လက်စားချေတာကိုမလိုလားလို့"

"ဒီစကားကမပြည့်စုံသေးဘူး။ ပြည့်စုံအောင်ပြော"

"ဒါကဘာကိုထပ်ပြီး ပြောရမှာလဲကွာ"

"ရှင်ကျွန်မကို ချစ်လို့မဟုတ်လား"

"မင်းမျက်ရည်ကျမှာကို မကြည့်ရက်လို့"

"မျက်ရည်အကြောင်းကို မပြောနဲ့၊ မေးတဲ့စကားကိုပဲဖြေ"

"ဒါမင်းကို မချစ်ဝံ့ဘူးဖြူး..."



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို ကျွန်မဘဝမှာ မြင့်မြတ်တဲ့သူရဲကောင်းကြီးလို့ သတ်မှတ်ထားတာနော်၊ သွေးကြောင်တဲ့စကားကိုမပြောနဲ့"

"ငါကချစ်တော့ရော မင်းဘဝနဲ့ ဘယ်လိုမှမဖြစ်နိုင်တာ"

"ဒါတွေကို မပြောနဲ့ဆို ဖြစ်နိုင်တာမဖြစ်နိုင်တာတွေအားလုံး လူတွေရဲ့ဆုံးဖြတ်ချက်နဲ့ အကောင်အထည်ဖော်မှုပေါ်မှာပဲ မူတည်တယ်၊ ချစ်သလား မချစ်ဘူးလားပဲပြော"

"ချစ်တယ်ကွာ"

"ဒါဆိုပြီးရော လိုက်ခဲ့"

"ဟာ"

ဘုရားကျောင်းရှေ့တွင် ရွာသူရွာသားတွေနှင့် သင်းအုပ်ဆရာတို့တောင် စုညီစွာ ရောက်နေတာကိုတွေ့သည်နှင့် -

"ဒါဘာလုပ်မလို့လဲရှီး..."

"ရှင်မမြင်ဘူးလား၊ မင်္ဂလာဆောင်မလို့"

"ဟာ...ရှီး"

"ရှင်ဘာကိုနောက်တွန့်နေတာလဲ၊ သူများမယားခိုးမှုနဲ့ အဖမ်းခံရမှာကိုကြောက်လို့လား"





"ငါဘာမှမပြောတော့ဘူး၊ မင်းသဘောအတိုင်းပဲရှီးရေ"

ကျွန်မတို့နှစ်ယောက်ကို တိုင်းရင်းသားရိုးရာ သတို့သမီးသတို့သားဝတ်စုံလေးကို မိနန်းနှင့် စွာနီတို့မှ ပေးသဖြင့် အဝတ်အစားလဲသောနေရာတွင်လဲကာ.. သင်းအုပ်ကြီးရှေ့တွင် မင်္ဂလာကျမ်းစာ ဆိုရန် ဘုရားကျောင်းထဲသို့လက်ချင်းချိတ်ပြီး ဝင်လာခဲ့တော့သည်။

"ဤနေ့ဤရက်မှစပြီး သည်ဇနီးမောင်နံကို ဘုရားသခင်၏ အလိုတော်တိုင်း ထာဝရဇနီးမောင်နံဘဝကိုရောက်ခဲ့ကြပါပြီ..."

"ဝေး..."

ကျွန်မတို့နှစ်ယောက်ပေါ်တွင် မင်္ဂလာပန်းတွေ ဝဲပျံ၍ကျလာလေတော့သည်။

"ဆရာကြီးကြာအပြင်မှာ အစိုးရရဲဘော်တွေ ရောက်နေကြတယ်"

"ဟင်"

ကျွန်မတို့မင်္ဂလာပွဲနေ့လေးမှာပဲ တိုက်တိုက်ဆိုင်ဆိုင် ဖမ်းဆီး



www.burmeseclassic.com

www.burmeseclassic.com



မည့်သူတွေရောက်လာခဲ့တော့သည်။

"အစ်ကိုနောင် ခြူးကိုသူအတင်းအဓမ္မခေါ်ဆောင်လာတာ မဟုတ်ပါဘူး၊ ခြူးကိုယ်တိုင်က လိုက်ခဲ့တာပါ၊ သူ့ကိုမဖမ်းပါနဲ့နော်"

"ညီမလေးခြူး ကြိုးကြာနီအတွက် ဘာမှမပူနဲ့ကွာ သူကျူးလွန်တဲ့အမှုဟာ၊ ဘာမှမဟုတ်ပါဘူး၊ မင်းခင်ပွန်းဟာမင်းပဲပိုင်ဆိုင်ရမှာပါ"

"ကျွန်တော့်ကိုလက်ထိတ်ခတ်ပါဆရာ"

"စိတ်မကောင်းပါဘူး ကြိုးကြာနီ"

"ရှောက်"

"ကြိုးကြာ..."

"ခြူး..."

ကျွန်မ ကြိုးကြာနီ၏ ရင်ခွင်ထဲကို တိုးဝင်ပြီး သိုင်းဖက်ထားလိုက်တော့သည်။

"မင်းတို့အနာဂတ်ကို ဘုရားသခင်က အကောင်းဆုံးဖန်တီးပေးမှာပါကွာ... သွားကြမယ်ဟေ့"

ဒေါင်ရှတစ်ရွာလုံး စိတ်မကောင်းသောမျက်လုံးများဖြင့်ကြည့်





တာကျွန်ရစ်ခဲ့ကြလေသည်။

ကျွန်မက ကြိုးကြာနီလက်မောင်းကလေးကို ဆုပ်ကိုင်လိုက်ပြီး လိုက်ပါသွားလျက်ပင်.....။

*ဝရီသတ်များကို အစဉ်လေးစားလျက်*

*ရွှေဘဝင်*

www.burmeseclassic.com